# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၁၇)


## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်းတောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာ အမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

**ဇရာဝဂ်(ဓမ္မပဒ-၁၄၆)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ **Palam** လေတပ်စခန်း လေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတက်ရန် အိန္ဒိယသို့ ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည့် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅) နှစ်မြောက် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် အိန္ဒိယနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ သို့* ❋

## ပြည်သူလူထုထံ တိုက်ရိုက်ရောက်ရှိမည့် စီမံကိန်းငယ်များကို ထုတ်ချေးရန်အတွက် ဩစတြီးယားနိုင်ငံ Unicredit Bank မှ ယူရိုငါးသန်း ချေးယူရန် လွှတ်တော်ကအတည်ပြု



ပြည်ထောင်စုလွှတ်တော် စာ » ၅

## နှစ်နိုင်ငံ သဘောတူစာချုပ်အရ မောင်တောဒေသမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပြန်လည်လက်ခံရေးအတွက် ရက်သတ်မှတ်သည့် ဇန်နဝါရီ ၂၃ ရက်တွင် မြန်မာနိုင်ငံဘက်မှ အဆင်သင့်ဖြစ်သော်လည်း ပြန်လာမည့်သူများ ရောက်မလာသည့်အပြင် စာရင်းလည်း ရောက်မလာ

ပြည်တွင်းသတင်း စာ » ၈



## သီတဂူ အာရှတော်ဝင် မျက်စိကုသရေးအဖွဲ့ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

ပြည်တွင်းသတင်း စာ » ၁၀

## ဒုံးကျည်ကာကွယ်ရေးစနစ် ပို့ဆောင်မှုနှင့် ပတ်သက်၍ နိုင်ငံအချို့နှင့်ရုရှား ညှိနှိုင်းဆွေးနွေး

နိုင်ငံတကာသတင်း စာ » ၁၄




မြန်မာ့အလင်း

# နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် မူးယစ်ဆေးပြဿနာ

၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား မူးယစ်ဆေးဝါးဖမ်းမိသည့် သတင်းများကို အများအပြား တွေ့မြင်ခဲ့ကြရသည်။ ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့ သတင်းအရ သိန်းနီနှင့် ကွတ်ခိုင်မြို့တို့တွင် ကျပ်ဘီလီယံ ၇၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရပေသည်။ မူးယစ်ဆေးဝါးဖမ်းမိ သတင်းများမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး စသည်ဖြင့် နေရာအနှံ့အပြားတွင် တွေ့မြင်ရခြင်းဖြစ်ပြီး တရုတ်နယ်စပ်၊ ထိုင်းနိုင်ငံနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တို့တွင် ပိုမိုများပြားစွာ ဖမ်းဆီးရမိခြင်း ဖြစ်သည်။

နှစ်ချုပ်စာရင်းများတွင် ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မူးယစ်ဆေးဝါးအမှုပေါင်း ၂၇ မှုဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၁၁၀ ကျော် ဖမ်းမိခဲ့သည်။ ယင်းဖမ်းဆီးမှုများတွင် မူးယစ်ဆေးဝါးများကို တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရန်သွားစဉ် နတ်မြစ်အတွင်း ဖမ်းဆီးရမှုများလည်း ပါဝင်သည်။ မောင်တောမြို့နှင့်ကပ်လျက်ရှိသော ဘင်္ဂါလီရွာများမှ ဖမ်းဆီးရမှုများလည်း ပါဝင်ပါသည်။ ထိုနယ်စပ်ဒေသတွင် နေ့ချင်းညချင်း ချမ်းသာလာသူများမှာ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်နေသူများသာ ဖြစ်သည်ဟုလည်း ဆိုကြသည်။ မောင်တောခရိုင်အတွင်း ၂၀၁၆ ခုနှစ် အောက်တိုဘာလက စခန်းသုံးခု တိုက်ခိုက်ခံရခြင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း စခန်း၃၀ ကျော် တိုက်ခိုက်ခံရသောဖြစ်စဉ်များရှိခဲ့သည်။ ထိုသို့နယ်မြေ မအေးချမ်း မတည်ငြိမ်မှုကို အခွင့်ကောင်းယူ၍ စိတ်ကြွရူးသွပ်ဆေးပြားကုန်ကူးမှုတွင်ကျယ်လာခဲ့ခြင်း ဖြစ်သည်။

မြန်မာ့သယံဇာတများအနက် အဖိုးတန်ရတနာတစ်ခုဖြစ်သော ကျောက်စိမ်းထွက်ရှိရာ ဖားကန့်မြို့နယ်သည်လည်း မူးယစ်ဆေးဝါးပျံ့နှံ့သုံးစွဲမှုတွင် နာမည်ကြီးသောနေရာ ဖြစ်သည်။ ထိုမြို့နယ်၌ ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့်အမှုပေါင်း ၃၈၃ မှုနှင့် တရားခံ ၄၇၂ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့သည်ဟု သိရသည်။ ဘိန်းဖြူ၊ ဘိန်းမည်း၊ ဘိန်းဆီခဲ၊ ဘိန်းရည်၊ စိတ်ကြွရူးသွပ်ဆေးစသည်ဖြင့် မူးယစ်ဆေးအမျိုးအစား ခြောက်မျိုး စုစုပေါင်း အလေးချိန်ကီလို ၇၅၀ ကျော် ဖမ်းမိခဲ့သည်ဟု သိရသည်။ ဖားကန့်မြို့နယ်တွင် ပျံကျအလုပ်သမား၊ ရေမဆေးကျောက်ရှာသူများ သိန်းနှင့်ချီ၍ နေထိုင်လျက်ရှိရာ မူးယစ်ဆေးဝါးပျံ့နှံ့မှုမှာ လွန်ခဲ့သော နှစ်များစွာကစ၍ ရှိလာခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်အတွင်း တစ်နိုင်ငံလုံးစာရင်းချုပ်အရ မူးယစ်ဆေးဝါးအမှုပေါင်း ၉၅၄၄ မှုမှ မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၃၅၃ ဒသမ ၆ ဘီလီယံဖိုး ဖမ်းဆီးရမိခဲ့သည်ဟု ဆိုပါသည်။ ထိုဖမ်းမိစာရင်းတွင် ဘိန်း ၁၂၅၆ ကီလို၊ ဘိန်းဖြူ ၅၇၀ ဒသမ ၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၈ သိန်းကျော်၊ ဆေးခြောက် ၁၉၈ ဒသမ ၈ ကီလိုနှင့် အိုက်စ် ၁၁၀၇ ကီလို ပါဝင်သည်။ ၂၀၁၇ ခုနှစ် တစ်နှစ်လုံးအတွက် ဖမ်းမိသော အမှုပေါင်း ၉၅၄၄ မှုမှ တရားခံအမျိုးသား ၁၂၄၀၅ ဦးနှင့် တရားခံ အမျိုးသမီး ၁၅၉၅ ဦး စုစုပေါင်း တရားခံ ၁၄၀၀၀ ကို အမှုဖွင့်အရေးယူခဲ့သည်ဟု သိရသည်။

ကမ္ဘာတွင် မက္ကဆီကိုနိုင်ငံသည် မူးယစ်ဆေးကုန်ကူးမှုတွင် နာမည်ကြီးသည်။ စာရင်းများအရ ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော ရာဇဝတ်မှုများ၊ ဂိုဏ်းတိုက်ပွဲများကြောင့် သေဆုံးသူ ၂၅၀၀၀ ကျော်ရှိသည်ဟု ဆိုပါသည်။ ၂၀၁၆ ခုနှစ်က ၂၀၀၀၀ စွန်းစွန်းသာရှိခဲ့ရာမှ မြင့်တက်လာခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင်လည်း မူးယစ်ဆေးဝါးနှိမ်နင်းမှုကြောင့် လူပေါင်း ၆၀၀၀ ကျော် သေဆုံးခဲ့ရပြီး ဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာမှာ နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးနိမ့်ကျမှု၊ တရားဥပဒေစိုးမိုးခြင်းအားနည်းမှုစသည်တို့နှင့် တိုက်ရိုက်ဆက်နွှယ်ပတ်သက်နေကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံတွင်လည်း နယ်စပ်ဒေသများ မတည်ငြိမ်၊ မအေးချမ်းမှု၊ တရားဥပဒေမစိုးမိုးမှုတို့ကြောင့် ဒေသတွင်း မူးယစ်ဆေးဝါး အများအပြားတွေ့ရှိ ဖမ်းမိရာနေရာ ဖြစ်နေရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှု၊ နယ်စပ်ဒေသများ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးများ ဆောင်ရွက်ခြင်းနှင့်အတူ အမျိုးသားရေးအသွင်ဖြင့် စီမံချက်များ ချမှတ်ဖမ်းဆီးအရေးယူခြင်း ပေါင်းစပ်ဆောင်ရွက်ရမည်သာ ဖြစ်ပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊
၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊
၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊
၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

## မြန်မာနိုင်ငံလျှော်ဖြူအသင်းနှင့် လျှော်ဖြူပင် စိုက်ပျိုးထုတ်လုပ်သူများ တွေ့ဆုံဆွေးနွေး

**ရွှေတောင် ဇန်နဝါရီ ၂၄**

ရွှေတောင်မြို့နယ် ကြည်ပြာခန်းမ၌ မြန်မာနိုင်ငံလျှော်ဖြူအသင်း (MSA) နှင့် လျှော်ဖြူပင်စိုက်ပျိုးထုတ်လုပ်သူများ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေက အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက လျှော်ဖြူပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလျှော်ဖြူအသင်း (MSA) ဒုတိယဥက္ကဋ္ဌဦးမောင်စိန်က အသင်း၏ ရည်ရွယ်ချက်နှင့်ဈေးကွက်အလားအလာများအား ရှင်းလင်းဆွေးနွေးပြီး လျှော်ဖြူစိုက်တောင်သူများနှင့် စိတ်ဝင်စားသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

*ထင်သာမြင်သာ ပြုပြင်စရာ*

## စွန့်ပစ်အမှိုက်များအား နေ့စဉ်လာရောက်သိမ်းဆည်းပေးစေလို

ကရင်ပြည်နယ် ဘားအံမြို့ လှာကမြင်ရွာအမှတ်(၂)အဆင့်မြင့်စံပြဈေးသစ်(မဲဘောင်) သံကူကွန်ကရစ်တံတားထိပ်၌ ဘားအံ - လှိုင်းဘွဲသွားကားလမ်းနံဘေးတွင် စွန့်ပစ်ထားသောအမှိုက်များကြောင့် မြို့အင်္ဂါရပ်ကို ညှိုးနွမ်းစေပါသည်။ **(ယာပုံ)**



ယင်းအမှိုက်များမှာ မဲဘောင်စံပြဈေးမှ ထွက်ရှိသော အမှိုက်များနှင့် အနီးပတ်ဝန်းကျင်ရှိဈေးဆိုင်များမှလာရောက်စွန့်ပစ်သောအမှိုက်များဖြစ်ပြီး အမှိုက်များထဲတွင် အသားငါးအညစ်အကြေးများပါ လာရောက်စွန့်ပစ်သည့်အတွက်ကြောင့် အပုပ်နံ့များ ထွက်ရှိနေသည်။

သို့ဖြစ်၍ ဘားအံ - လှိုင်းဘွဲလမ်းကို နေ့စဉ်နှင့်အမျှ သွားလာနေသောပြည်သူများ၊ ဒေသခံများ၊ ဈေးဝယ်သူများသည် ယင်းအမှိုက်ပုံမှထွက်ရှိသော ကျန်းမာရေးနှင့်မညီညွတ်သည့် အပုပ်နံ့များကို ရှူရှိုက်နေရကာကျန်းမာရေးထိခိုက်မှုများ ကြုံတွေ့နိုင်ပါသဖြင့် သက်ဆိုင်ရာမှ နေ့စဉ်လာရောက်ပြီး အမှိုက်များကို သိမ်းဆည်းပေးစေရန် ဒေသခံများနှင့် လမ်းသွားလမ်းလာများက လိုလားလျက်ရှိကြောင်း သိရသည်။

မင်းရာဇာ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၄-၁-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၂၅/၈၃၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၄၅/၈၅၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၆ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ · ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၀၉ · ၉ |
| ထိုင်း | တစ်ဘတ် | ၄၂ · ၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ · ၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ · ၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❋ ***ရှေ့ဖုံးမှ***

ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇန်နဝါရီ ၂၅ ရက်တွင် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက် ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးနှင့် မျက်နှာစုံညီ အစည်းအဝေးများနှင့် ဇန်နဝါရီ ၂၆ ရက်တွင် အိန္ဒိယနိုင်ငံ၏(၆၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားသို့ အခြားအာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်မည်ဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် လိုက်ပါသွားပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြရာ အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Health and Family Welfare Mrs. Anupriya Patel, Joint Secretary BM Division Ministry of External Affairs Mrs. Sripriya Ranganathan၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vikram Misri၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော် အောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် တာဝန်ရှိသူများက နယူးဒေလီမြို့ Palam လေတပ်စခန်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Hotel ITC Maurya သို့ ရောက်ရှိကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ သတင်းစဉ်




# Logistics Hub တည်ထောင်ရန် သဘောတူညီချက်လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၂၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် HUBS MK Co.,Ltd တို့ ပူးပေါင်း၍ ကုန်စည် ထောက်ပံ့ပို့ဆောင်ရေးဗဟိုစခန်း (Logistics Hub)တည်ဆောက်ရေးစီမံကိန်းအတွက် သဘောတူညီချက်မှတ်တမ်း (Memorandum of Agreement - MOA) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် HUBS MK Co.,Ltd မှ Managing Director နှင့် CEO Mr. Kang Shangwon တို့က အမှာစကားပြောကြားကြပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် HUBS MK Co., Ltd ၏ Managing Director နှင့် CEO ဖြစ်သူ Mr. Kang Shangwon တို့က သဘောတူညီချက် မှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။**(အပေါ်ပုံ)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမျိုးသားပို့ကုန် မဟာဗျူဟာကို ရေးဆွဲ၍ ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိရာ မြန်မာ့ပို့ကုန်များ အရည်အသွေးထိန်းသိမ်းနိုင်ရန်နှင့် ကုန်ကျစရိတ်လျှော့ချ ယှဉ်ပြိုင်နိုင်ရန် အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်သော နိုင်ငံတကာအဆင့်မီ Logistics Hub များ လိုအပ်လျက်ရှိသည်။

အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ မြေ ၅၉ ဒသမ ၁၀၇ ဧကပေါ်၌ ခေတ်မီနည်းပညာများအသုံးပြုမည့် Logistics Hub ကို တည်ထောင်နိုင်ရေးအတွက် ကနဦး လေ့လာဆန်းစစ်မှုများ စတင်ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များထွက်ရှိရာ အခြားလိုအပ်သော ဒေသများတွင်လည်း Logistics Hub များ ဆက်လက် တိုးချဲ့တည်ထောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နေပြည်တော် ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၈၈၇)၌ ကောက်စိုက်စက်ဖြင့် နွေစပါး ၁၀ ဧကစံပြကွက် ပျိုးထောင်ခြင်းကို ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်၊ ဝန်ထမ်းများနှင့် တောင်သူများက လက်တွေ့သရုပ်ပြသစဉ်။** မောင်ကျော်ကြီး

# ထိုင်းရောက် မြန်မာအလုပ်သမားများအတွက် သက်သေခံလက်မှတ်ထုတ်ပေးရေးစီစဉ်

**တာချီလိတ် ဇန်နဝါရီ ၂၄**

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအစိုးရ၏ ပူးပေါင်းအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသော CI ကတ်(ခေါ်) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် Certificate of Identity ထုတ်ပေးရေးလုပ်ငန်းစဉ်အား ၂၀၁၇ ခုနှစ် မတ် ၃ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃ ရက်အထိ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် CI ကတ်ထုတ်ပေးရေးလုပ်ငန်းများအား နောက်ထပ် ခြောက်လ သက်တမ်းတိုးမြှင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လတ်တလော လုပ်ငန်းစဉ်များအဖြစ် ပန်းရောင်ကတ်(ဘတ်ကတ်)ကနေ CI ကတ်ပြောင်းလဲပေးမှုလုပ်ငန်းစဉ်တွေ၊ CI ကတ်အသစ် လျှောက်ထားမှုတွေ၊ Temporary Passport စာအုပ်ပျောက်ဆုံးလျှောက်ထားမှု၊ ဗီဇာသက်တမ်းတိုးမှုတွေကို လက်ခံဆောင်ရွက်ပေးနေပြီး CI ကတ်အသစ်



လျှောက်ထားသူတွေ ပိုမိုအဆင်ပြေစေဖို့အတွက် နောက်ထပ်သက်တမ်းခြောက်လတိုးမြှင့်ပေးနိုင်ဖို့ သက်ဆိုင်ရာဌာနတွေကို တင်ပြထားပါတယ်၊ မကြာမီ ရက်ပိုင်းအတွင်းမှာပဲ ဒီကိစ္စကို နှစ်နိုင်ငံတာဝန်ရှိသူတွေ နေပြည်တော်မှာ တွေ့ဆုံဆွေးနွေးသွားမယ်လို့ သိရပါတယ်" ဟု ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဆိုင်မြို့ CI ကတ်ထုတ်ပေးရေးစခန်းမှ Service Provider ဦးသန်းထွန်းအောင်က ရှင်းပြသည်။

အဆိုပါ CI ကတ်ထုတ်ပေးရေးလုပ်ငန်းစဉ်များအတွက် ကုန်ကျငွေများအား သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ခံဆောင်ရွက်ပေးလျက်ရှိပြီး 7-11 သွင်းငွေ ဘတ် ၃၁၀၊ ကျန်းမာရေးစစ်ဆေးခ ဘတ် ၁၀၀၀၊ ဗီဇာကြေး ဘတ် ၅၀၀ နှင့် ဝန်ဆောင်ခ ဘတ်၃၀၀ ကျသင့်ပြီး CI ကတ်လျှောက်ထားလိုသူများအနေဖြင့် ထိုင်းနိုင်ငံက ထုတ်ပေးထားသည့် ဘတ်ကတ်(ခေါ်) ပန်းရောင်ကတ် (ထိုင်းဘာသာဖြင့်သာ ရေးသားထားပါသည်)၊ Temporary Passport၊ DOE Document (ခေါ်) ထိုင်းနိုင်ငံ အလုပ်သမားရုံးထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံမြောက်ပိုင်းဒေသမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် "မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်" CI ကတ်ဆောင်ရွက်လိုပါက 889/6,889/7, Moo.9(Moo Ban V Park), Tambon-Waing Fan Kham, Amphur-Mae Sai, Chiang Rai 57130 တွင် ဖွင့်လှစ်ထားသည့် CI ကတ်ထုတ်ပေးရေးခစန်း(မယ်ဆိုင်)၊ ဖုန်း ၀၅၃-၁၆၀၅၇၃၊ ၀၉၁-၈၁၃၂၂၁၇၊၀၉၄-၈၃၆၃၂၅၆၊ ဖက်စ်-၀၅၃-၁၆၀၅၇၄ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

# ကားမောင်းပြိုင်ပွဲ ခရီးစဉ်ကြိုဆိုရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်

**ရေဦး ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားဈေးကွက် မြှင့်တင်ရေးအသင်းတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပသော ကားမောင်းပြိုင်ပွဲအား ရေဦးမြို့မှ ကြိုဆိုနိုင်ရေးအတွက် ဇန်နဝါရီ ၂၃ ရက် နံနက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ဌာနဆိုင်ရာများ၊ ပညာရေးဌာန ကျောင်းအုပ် ဆရာ ဆရာမကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေး ညှိနှိုင်းစီစဉ်လျက်ရှိသည်။

အဆိုပါ ကားမောင်းပြိုင်ပွဲတွင် အုပ်ချုပ်မှုမော်တော်ယာဉ် အပါအဝင် စုစုပေါင်း ယာဉ် ၁၇ စီးဖြင့် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်၌ ဝင်ရောက်ကြည့်ရှုပြီး ကာဘိုးဆည်မှတစ်ဆင့် တန့်ဆည်မြို့ကိုဖြတ်ကာ တန့်ဆည်-ကံထူးမ-တမာတော၊ တမာတော-ရေဦး ကတ္တရာလမ်းအတိုင်း မောင်းနှင်မည်ဖြစ်သည်။ ယင်းနောက် ရေဦးမြို့နယ် ဖလံဂုဏ်၊ မြင်းပေါက်ကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် နန်းမတော်မယ်နုဇာတိကျေးရွာနှင့်အင်းဝအုတ်ကျောင်းအဆောက်အအုံနှင့် ပုံစံတူ အဆောက်အအုံနှင့် စေတီပုထိုးများအား ဝင်ရောက် လေ့လာသွားမည်ဖြစ်ပြီး ဆည်မြောင်းရိပ်သာ၌ နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ ထို့နောက် နောက်ဆုံးသတ်မှတ်ခရီးစဉ်ဖြစ်သည့် မုံရွာမြို့သို့ ဆက်လက်ထွက်ခွာမည်ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်က ပြောသည်။ **သန်းထိုက်( ရေဦး)**

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၄

**ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာသုတေသနအဖွဲ့ (Chinese People's Institute of Foreign Affairs) ၏ ဒုတိယဥက္ကဋ္ဌ H.E. Ms. Ou Boqian နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။**



ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာသုတေသနအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ H.E. Ms. Ou Boqian အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရေး အတွေ့အကြုံများနှင့် နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးဟောင်း H.E. Mr. Guan Mu၊ ပေကျင်းတက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးဌာနမှ ပါမောက္ခ Mr. Zhai Kun နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ အဖွဲ့ဝင် ဦးကိုကိုနိုင်၊ ဦးစံရွှေအောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဝန်ကြီးဌာနအောက်ရှိ ဌာနများအနေဖြင့် စိန်ခေါ်မှုများ၊ အခက်အခဲများကြားမှ မိမိတို့ဌာနအလိုက် တန်ဖိုးရှိအောင် ကြိုးစားဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ဦးစီးအရာရှိများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပြောင်းလဲဆောင်ရွက်ရန်လိုအပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဝန်ကြီးဌာနအောက်ရှိ ဌာနများအနေဖြင့် စိန်ခေါ်မှုများ၊ အခက်အခဲများကြားမှ မိမိတို့ဌာနအလိုက် တန်ဖိုးရှိအောင်၊ အသုံးဝင်အောင် ကြိုးစားဆောင်ရွက်ရန် လိုအပ်မှု၊ ခေတ်နှင့် လျော်ညီစွာ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်မှု၊ ဖွံ့ဖြိုးတိုးတက်နေသည့် နည်းပညာများနှင့် ကိုက်ညီအောင် ပြောင်းလဲဆောင်ရွက်ရန် လိုအပ်မှုများကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် မိမိတို့ရုံးများကို လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် ပြောင်းလဲဆောင်ရွက်နေမှု၊ ကလေးစာပေပွဲတော်များကို ကျင်းပနိုင်ခဲ့မှုနှင့် ဆက်လက်ကျင်းပရန် လျာထားဆောင်ရွက်နေမှု၊ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်တွင် ကျင်းပပေးနိုင်ခဲ့မှုနှင့် အလားတူ မန္တလေးတက္ကသိုလ်တွင် ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြည်သူ့စကားဝိုင်း (Public Talk ) ဆွေးနွေးပွဲများ ကျင်းပနေမှု၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ အသုံးအဆောင်ပစ္စည်းများအပြင် ဒေသအလိုက် ထွက်ကုန်၊ ထုတ်ကုန်များ၊ သမိုင်းဝင်ပစ္စည်းများ စသည်တို့ကို စုဆောင်း၍ ရုံးစာကြည့်တိုက်များအတွင်း ပြတိုက်ငယ်များအဖြစ် ပြသရန်ဆောင်ရွက်နေမှု၊ တိုင်းရင်းသား လူမျိုးစု စာပေ၊ စာတမ်းဖတ်ပွဲ၊ စာပေ ယဉ်ကျေးမှု အမွေအနှစ်ပြပွဲများကို ကရင်ပြည်နယ် ဘားအံမြို့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့တို့၌ ကျင်းပနိုင်ရန် သက်ဆိုင်ရာ ပြည်နယ်အစိုးရများနှင့် ပူးပေါင်း စီစဉ်ဆောင်ရွက်နေမှုတို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ခရိုင်အဆင့် လူထုအခြေပြုဗဟိုဌာနများ၏ လုပ်ရှားဆောင်ရွက်မှု အကောင်းဆုံး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြို့နယ်အဆင့် လူထုအခြေပြုဗဟိုဌာနများ၏ လှုပ်ရှားဆောင်ရွက်မှု အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ချီးမြှင့်သည့် အခြားကိစ္စရပ်များဆိုင်ရာ ထူးချွန်ဆု ရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သင်တန်းထူးချွန်ဆုနှင့် စာပေဆိုင်ရာ ထူးချွန်ဆုရ ဝန်ထမ်းများအတွက် ဆုများနှင့် ဝန်ထမ်းများအတွက် တူညီဝတ်စုံများကို ပေးအပ်သည်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာနများနှင့် ပတ်သက်သည့် Documentary Video Clip ကို ပြသသည်။

**ဆွေးနွေးမှာကြား**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ဦးစီးအရာရှိများနှင့် တွေ့ဆုံပြီး ကလေးစာဖတ်ခန်း အပါအဝင် ခေတ်မီစာကြည့်တိုက်၊ ပြတိုက်ငယ်၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ဆွေးနွေးပွဲနှင့် အားကစားလှုပ်ရှားမှု စသည့်ဘက်စုံ အကြောင်းအရာများ ပါဝင်သည့် လူထုအခြေပြုဗဟိုဌာနများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ်များ၊ စာပေစိတ်ဝင်စားသူများ ပါဝင်သည့် စာဖတ်ဝိုင်း (Book Club )များ ဖွဲ့စည်း၍ Book Review သုံးသပ် ဆွေးနွေးပွဲ ပြုလုပ်ရန်များ၊ ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပရန်၊ တိုင်းရင်းသား လူမျိုးစုစာပေ၊ စာတမ်းဖတ်ပွဲနှင့် စာပေ ရိုးရာ ယဉ်ကျေးမှုပစ္စည်းပြပွဲများ ကျင်းပ ဆောင်ရွက်ရန်နှင့် ပတ်သက်၍ ဆွေးနွေး မှာကြားခဲ့သည်။ **သတင်းစဉ်**

# ဒီမိုကရေစီအသွင်ကူးပြောင်းမှု ချောမွေ့စေရေး နိုင်ငံတကာမီဒီယာများမှ ဝိုင်းဝန်းကူညီပေးကြရန် ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့နံနက်ပိုင်းက အမေရိကန်အခြေစိုက် မီဒီယာအချို့မှ အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံစဉ် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ချောမွေ့စေရေး နိုင်ငံတကာမီဒီယာများမှ ဆက်လက် ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားခဲ့သည်။

**လက်ခံတွေ့ဆုံ**

ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာနတွင် Radio Free Asia (RFA) ဥက္ကဋ္ဌ Ms. Libby Liu၊ အိမ်ဖြူတော် ဆက်ဆံရေးအရာရှိနှင့် Broadcasting Board of Governors (BBG) ၏ အထူးဆက်သွယ်ရေး အကြံပေး Mr. Matthew Schuck၊ BBG ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Oanh Tran၊ Voice Of America မြန်မာပိုင်းဌာနမှူး ဦးသန်းလွင်ထွန်းနှင့် RFA ရန်ကုန်ဗျူရိုအကြီးအကဲ ဦးဝင်းနိုင်တို့အား လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**

**ဦးစားပေးလုပ်ငန်းစဉ်ဖြစ်**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖြစ်ထွန်း ပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် အရေးပါသည့် အခန်းကဏ္ဍ၌ ပါဝင်ခဲ့သည့်အတွက် နိုင်ငံတကာမီဒီယာများအား ကျေးဇူးတင်ရှိကြောင်းကို လူကြီးမင်းတို့မှ တစ်ဆင့် ပြောပြလိုပါကြောင်း၊ နိုင်ငံတကာမီဒီယာ၏ ကူညီပံ့ပိုးမှုမပါဘဲ မိမိတို့အနေဖြင့် လက်ရှိအခြေအနေကို မရောက်နိုင်ပါကြောင်း၊ ယခုအခါ မိမိတို့သည် ဒီမိုကရေစီ လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ပြီး အဆိုပါ လမ်းကြောင်းမှန်အတိုင်း ရှေ့ဆက် ဆောင်ရွက်နိုင်စေရန်မှာ မိမိတို့၏ အဓိက ဦးစားပေး လုပ်ငန်းစဉ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်မှာ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေပါကြောင်း၊ မိမိတို့၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ချောမွေ့ရေးကို အဟန့်အတားဖြစ်စေမည့် မည်သည့်အရာကိုမျှ မဖြစ်စေသင့်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ပတ်သက်၍ သတင်းများရေးသား ဖော်ပြရာတွင် လက်ရှိအခြေအနေကို နားလည်သိရှိပြီး လိုသလိုနှုပ်ကြောင်းပေး ပုံသွင်းရေးသားမှုမျိုး (agenda setting) နှင့် စိတ်ခံစားမှု လှုံ့ဆော်ရေးသားမှုမျိုး (Sensationalizing) လုပ်ခြင်းတို့ကို ရှောင်ကြဉ်ရန် နိုင်ငံတကာမီဒီယာများသို့ မေတ္တာရပ်ခံလိုပါကြောင်း ဖြည့်စွက်ပြောကြားသည်။



**ဆောင်ရွက်နေဆဲ အစီအမံများရှင်းလင်း**

ဆက်လက်၍ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် အနာဂတ် မီဒီယာပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မည့် အစီအမံများနှင့် ရခိုင်ပြည်နယ်သို့ မီဒီယာအဖွဲ့စေလွှတ်ရန် ဆောင်ရွက်နေဆဲ အစီအမံများကို ရှင်းလင်းပြောပြသည်။ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် BBG တို့ ပူးပေါင်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအား သင်တန်းပေးရေးနှင့် ရုပ်သံအစီအစဉ်များ ပူးပေါင်းထုတ်လွှင့်နိုင်ရေး အခြေအနေများကိုလည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်သူလူထုထံ တိုက်ရိုက်ရောက်ရှိမည့် စီမံကိန်းငယ်များကို ထုတ်ချေးရန်အတွက် ဩစတြီးယားနိုင်ငံ Unicredit Bank မှ ယူရိုငါးသန်း ချေးယူရန် လွှတ်တော်ကအတည်ပြု

နေပြည်တော် ဇန်နဝါရီ ၂၄

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ (အောက်ပုံ) နိုင်ငံတော်သမ္မတ၏ ဂျပန်နိုင်ငံခရီးစဉ်ကို မှတ်တမ်းတင်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးဟန်ဇော်က ကတိသစ္စာပြုခြင်း၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်း အစီရင်ခံစာဖတ်ကြားခြင်း၊ ချေးငွေ ယူရို ၅ သန်း ချေးယူရန်ကိစ္စ၊ တီရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သောရောဂါများ ကာကွယ်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနထူထောင်ရေး သဘောတူညီချက်အား အတည်ပြုပါဝင်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန် ကိစ္စတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**



အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ သွားရောက်ခဲ့သည့် ခရီးစဉ်ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

**ကတိသစ္စာပြု**

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးအပ်ခံရသည့် ဦးဟန်ဇော်က ကတိသစ္စာပြုသည်။

ထို့နောက် **လွှတ်တော် နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်းက ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ လွှတ်တော် နှစ်ရပ် သဘောကွဲလွဲသည့် **မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥပဒေကြမ်း**ပါ အချက်များနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၁၄ ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း လည်းကောင်း၊ အပိုဒ် ၄ ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း လည်းကောင်း၊ အပိုဒ် ၇ အပိုဒ်ခွဲ(စ)ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း လည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်သည့်ကို လေ့လာတွေ့ရှိရကြောင်း လွှတ်တော်သို့ တင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

**ပြန်လည်ရှင်းလင်း ဆွေးနွေး**

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ ချေးငွေယူရို ၅ သန်း ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ချေးငွေ၏ ရည်ရွယ်ချက်မှာ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊ ပြည်သူလူထုထံ တိုက်ရိုက်ရောက်ရှိစေမည့် စီမံကိန်းငယ်များကို ထုတ်ချေးရန်၊ စီမံကိန်း၏ လိုအပ်သည့် ပစ္စည်းကို သင့်လျော်သော စျေးနှုန်းဖြင့် ချေးငွေအသုံးပြု၍ ဝယ်ယူနိုင်ရန်၊ ဩစတြီးယားနိုင်ငံမှ ကုမ္ပဏီများ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်တို့ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ရေး အပါအဝင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (အမှိုက်စွန့်ပစ်မှု၊ ရေဆိုးစွန့်ပစ်မှု)၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍများအတွက် ပေးအပ်သော ချေးငွေမျိုးဖြစ်ပါကြောင်း။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုအနေဖြင့် ချေးငွေအပေါ် ပြန်လည်ပေးဆပ်ရမည့် အရင်း၊ အတိုး ဝန်ဆောင်ခတို့ကို အသေးစိတ်တွက်ချက် ဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ ယခုချေးငွေသည် အတိုးမဲ့ချေးငွေဖြစ်သည့်အတွက် အတိုးပေးရန် မလိုအပ်ပါကြောင်း၊ အာမခံကြေးအဖြစ် ပေးဆပ်ရန် ကျန်သည့် ချေးငွေပမာဏ၏ ၀ ဒသမ ၉ ရာခိုင်နှုန်းကို နှစ်စဉ်ပေးချေရမည် ဖြစ်သဖြင့် ချေးငွေစထုတ်သည့်နေ့မှ အရင်းအားလုံး ပေးဆပ်ပြီးသည့် အချိန်ကာလအထိ ကျသင့်မည့် အာမခံကြေးပေးချေရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၁၇ နှစ် စုစုပေါင်း ချေးငွေသက်တမ်း ၂၅ နှစ်အတွင်း ချေးငွေလက်ကျန်အပေါ် တစ်နှစ်လျှင် ၀ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အာမခံကြေးကျသင့်ငွေကို နှစ်စဉ်ပေးချေရမည်ဖြစ်ပါကြောင်း၊ ပြန်ဆပ်ကာလ ၁၇ နှစ်တွင် အရင်းနှင့် အာမခံကြေး ပေါင်းစပ်၍ ပေးချေရမည် ဖြစ်ပါကြောင်း၊ ချေးငွေကို ပြန်ဆပ်ရာတွင် အားလုံး ပြန်လည်ပေးဆပ်ရန် မလိုအပ်ဘဲ ချေးငွေပမာဏ၏ ၈၅ ရာခိုင်နှုန်းဖြစ်သည့် ယူရို ၄ ဒသမ ၂၅ သန်းကိုသာ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး ယူရို ၀ ဒသမ ၇၅ သန်းမှာ ပြန်လည်ပေးဆပ်ရန် မလိုအပ်ပါကြောင်း၊ ပြန်လည်ပေးဆပ်သည့်အခါတွင် ခြောက်လလျှင် တစ်ကြိမ်နှုန်းဖြင့် စုစုပေါင်း ၃၄ ရစ် ပြန်ဆပ်ရမည်ဖြစ်ပါကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်**

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုတွင် ပါဝင်သော ကျောက်ဖြူခရိုင်ရှိ ကင်းချောင်းတံတားတည်ဆောက်ခြင်းဖြင့် ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်ဒေသတို့မှာ တစ်ဆက်တည်းရှိပြီး ရန်ကုန် - ကျောက်ဖြူ ကားလမ်းနှင့် ချိတ်ဆက်ရန် တိုက်ရိုက်သွားလာနိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာနိုင်မည့်အပြင် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်လာခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ပါကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြသည်။

**ချေးငွေယူရို ၅ သန်း ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများတွင် တိရစ္ဆာန် ကျန်းမာရေးနှင့် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါများကာကွယ်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနထူထောင်ရေး သဘောတူညီချက်အား အတည်ပြုပါဝင်ရန်နှင့် နှစ်စဉ်ကြေး ထည့်ဝင်ရန်ကိစ္စ**နှင့်စပ်လျဉ်း၍ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာနော်ခရစ္စထွန်း၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ကလေး မဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခေါ်) ရှားမီး၊ ရေဦး မဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်နှင့် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်းတို့က ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

**မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး**က မြန်မာနိုင်ငံတွင် ယမန်နှစ်က ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား၍ အမေရိကန်ဒေါ်လာ ၁၆၅ သန်း ဆုံးရှုံးခဲ့ရပါကြောင်း၊ ယင်းဖြစ်စဉ်နှင့် နှိုင်းယှဉ်ပါက ယခုထည့်ဝင်ရမည့် ငွေသည် နည်းပါးပါကြောင်း၊ လေးနှစ်တစ်ကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ရုံးဖွင့်လှစ်ရန် အင်းစိန်မြို့နယ်တွင် မြေနေရာနှင့် အဆောက်အအုံများ ရှိပါကြောင်း၊ ရုံးခန်းများကို သုတေသနစင်တာများနှင့် တွဲဖက်ဖွင့်နိုင်ပါက တိရစ္ဆာန် ကျန်းမာရေး၊ တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်မည့် အစီအစဉ်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**အကျိုးခံစားရနိုင်မည်**

ဆက်လက်၍ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်**က သဘောတူညီချက်အား အတည်ပြု ပါဝင်ဆောင်ရွက်နိုင်ပါက အရှေ့တောင်အာရှနိုင်ငံများရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် အစားအစာ ဘေးကင်းလုံခြုံရေး၊ တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုနှင့် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါများ ကာကွယ်ထိန်းချုပ်မှု၊ ပြည်သူများ ကျန်းမာပျော်ရွှင်မှုတို့ကို ဖြစ်စေမည့် ရည်ရွယ်ချက်များနှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မိမိတို့ နိုင်ငံအနေဖြင့်လည်း အကျိုးခံစားရနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

**“ကျောက်ဖြူခရိုင်ရှိ ကင်းချောင်းတံတား တည်ဆောက်ခြင်းဖြင့် ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်ဒေသတို့မှာ တစ်ဆက်တည်း ရှိပြီး ရန်ကုန် - ကျောက်ဖြူ ကားလမ်းနှင့် ချိတ်ဆက်ရန် တိုက်ရိုက် သွားလာနိုင်မည် ဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာနိုင်မည့်အပြင် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်လာခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်”**

ယင်းနောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၈)** နှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဒဂုံ မဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လှိုင်လင် မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ထောက်ခံအကြံပြု ဆွေးနွေးကြသည်။

**ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်**က ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်တွင်းကြွေးမြီအတွက် အတိုးစရိတ် ငွေကျပ် ၆၆၃ ဒသမ ၇၅၅ ဘီလီယံ ကျခံသုံးစွဲခဲ့ရပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၈၅၂ ဒသမ ၄၃၉ ဘီလီယံအထိ ယခင်နှစ်ကထက် ငွေကျပ် ဘီလီယံ ၂၀၀ နီးပါး ပိုမိုကျခံသုံးစွဲခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခု စီမံကိန်းနှင့် အလားသဏ္ဍာန်တူသည့် အခြားသော စီမံကိန်းများကိုလည်း ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ရာတွင် စီမံကိန်းတစ်ခုချင်းစီအလိုက် စ၊ လယ်၊ ဆုံး အသေအချာ အလေးအနက် စိစစ်လေ့လာဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**မီမီဖြိုး(သတင်းစဉ်)**

# မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဗိသနိုးမြို့ဟောင်းဒေသတွင် အသုံးပြုရန် လူနာတင်ယာဉ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (MCHT) သည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ပျူမြို့ဟောင်းတစ်ခုဖြစ်သော ဗိသနိုးမြို့ဟောင်းဒေသတွင် အသုံးပြုနိုင်ရန်အတွက် ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (ဗိသနိုး)သို့ တိုယိုတာအမျိုးအစား လူနာတင်ယာဉ်တစ်စီး လှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက ကုက္ကိုလ်ခွကျေးရွာ ဇေယျသိဒ္ဓိဘုန်းကြီး ကျောင်းဝင်း အတွင်းရှိ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့်နှင့် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးတို့က အမှာစကားပြောကြားပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က လူနာတင်ယာဉ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူက လူနာတင်ယာဉ်ကိုင်တွယ်အသုံးပြုခြင်းနှင့် အရေးပေါ် လူနာကယ်တင်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ဗိသနိုးပျူမြို့ဟောင်း စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ လူနာတင်ယာဉ်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❋ *ကျောဖုံးမှ*

လမ်းများ ဆောက်လုပ်သွားမည့် အစီအစဉ်၊ ပြန်လည်လက်ခံမည့်သူများ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး တို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**မေးမြန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့သည် လှဖိုးခေါင်ကြားစခန်းအတွင်း စိစစ်လက်ခံပြီးသူများ ခေတ္တနေထိုင်နိုင်ရေးအတွက် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ ဆောက်လုပ်နေမှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးထားမှုနှင့် စားနပ်ရိက္ခာများသိုလှောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြပြီး အနီးပတ်ဝန်းကျင်ကျေးရွာများမှ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ကျေးရွာများတွင် လက်ရှိနေထိုင်မှု၊ လုပ်ကိုင်စားသောက်မှု အခြေအနေနှင့် အခက်အခဲများကို မေးမြန်းကြသည်။

**ကြိုတင်စီမံထားရှိ**

လှဖိုးခေါင်ကြားစခန်းသည် ဧရိယာအကျယ်အဝန်း ၁၂၄ ဒသမ ၈၄ ဧကရှိ၍ အဆောက်အအုံပေါင်း ၆၄၀ ပါဝင်ပြီး လူဦးရေ ၃၀၀၀၀ ကျော်ကို လက်ခံနိုင်မည်ဖြစ်သည်။ ထို့ပြင် စခန်း၌ ပြန်လည်လက်ခံမည့်သူများ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ကြိုတင်စီမံထားရှိပြီး လိုအပ်လာပါက အရေးပေါ်ဖြည့်ဆည်းပေးနိုင်ရန် UEHRD ၏ အစီအစဉ်ဖြင့် ရှက်ဖျင်တဲ ၅၀၀ ကျော်ကိုလည်း အရန်အစီအစဉ်အနေဖြင့် ကြိုတင်စီမံထားရှိကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ကညင်ချောင်းစီးပွားရေးဇုန်သို့ရောက်ရှိရာ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သန်းက စီးပွားရေးဇုန် စတင်ဖြစ်ပေါ်လာမှု၊ လက်ရှိ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေမှုနှင့် စီးပွားရေးဇုန်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အကြံပေးအဖွဲ့ဝင်များသည် စီးပွားရေးဇုန်အတွင်းရှိ ဒေသခံများနှင့်တွေ့ဆုံ၍ သိလိုသည်များကို မေးမြန်းကြပြီး ကုန်သွယ်ရေးဇုန် အခြေအနေတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ရေကြောင်းမှ ဝင်ရောက်လာသူများအား လက်ခံရေးစခန်းအဖြစ် ဖွင့်လှစ်ထားသည့် ငါးခူရယာယီလက်ခံရေးစခန်းသို့ ရောက်ရှိပြီး ပြန်လည်ဝင်ရောက်လာသူများကို စိစစ်ရန် လူဝင်မှုကြီးကြပ်ရေးမှ မှတ်တမ်းတင်ဆောင်ရွက်မည့်အခြေအနေ၊ NVC ကတ်ထုတ်ပေးရေး ဆောင်ရွက်မည့်အခြေအနေ၊ ကျန်းမာရေးဌာနမှ ယာယီဆေးခန်းများဖွင့်လှစ်ရေး ဆောင်ရွက်မည့်အခြေအနေ၊ ပြည်တွင်းပြည်ပ ဆက်ဆံရေးရုံးများဖွင့်လှစ်ဆောင်ရွက်မည့် အခြေအနေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး

*စာမျက်နှာ ၇ သို့*




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဒေါက်တာဝင်းမြတ်အေးတို့ ဦးဆောင်သော အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စစ်တွေမြို့သို့ ရောက်ရှိကြစဉ်။ သတင်းစဉ်



လှဖိုးခေါင်ကြားစခန်းတွင် သောက်သုံးရေအတွက် စီစဉ်ထားမှုကို ကြည့်ရှုလေ့လာကြစဉ်။ သတင်းစဉ်



တောင်ပြိုလက်ဝဲစခန်းတွင် ပြန်လည်ဝင်ရောက်လာသူများအား EID စနစ်ဖြင့် စစ်ဆေးမည့် စက်တပ်ဆင်ထားစဉ်။ သတင်းစဉ်



ပြန်လည်ဝင်ရောက်လာသူများအား ထောက်ပံ့ပေးရန် ကယ်ဆယ်ရေးပစ္စည်းများ အသင့်ပြင်ဆင်ထားစဉ်။ သတင်းစဉ်

*စာမျက်နှာ ၆ မှ*

ဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ ရုံးခန်းများဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအကြံပေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပ သတင်းထောက်များသည် ငါးခူရစခန်းမှ တောင်ပြိုလက်ဝဲမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိပြီး ကုန်းလမ်းမှ ဝင်ရောက်လာသူများအား ပြန်လည်လက်ခံရေးစခန်းတစ်ခုဖြစ်သည့် တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ ရုံးခန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့မှတစ်ဆင့် ကျောက်ဖြူမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြပြီး POSCO DAEWOO ၏ ရွှေသဘာဝစီမံကိန်း Onshore Gas Terminal ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက Onshore Gas Terminal ဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းနောက်ခံသမိုင်း၊ သဘာဝဓာတ်ငွေ့လက်ရှိထုတ်လုပ်မှုနှင့် လူမှုတာဝန်သိ အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။



**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့ ကညင်ချောင်းစီးပွားရေးဇုန်အတွင်းရှိ ဒေသခံများအား တွေ့ဆုံမေးမြန်းစဉ်။**

သတင်းစဉ်

ယင်းနောက် Onshore Gas Terminal အတွင်းရှိ စီမံကိန်းဆိုင်ရာ ပုံစံငယ်ပြခန်းနှင့် Initial Gas Station တို့ကို ကြည့်ရှုလေ့လာကြသည်။

**ရောက်ရှိ**

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် ညနေပိုင်းတွင် ကျောက်ဖြူမြို့မှ သံတွဲမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့တွင် ပြည်တွင်း ပြည်ပ သတင်းဌာနများဖြစ်သော TV Asahi၊ Nikkie၊ Kyodo၊ Asahi Shimbun၊ Fuji TV၊ NHK၊ Nippon TV၊ Yunan TV၊ Xinhua၊ ZVE ZDA TV တို့မှ သတင်းထောက်များ လိုက်ပါသတင်းရယူခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သောအဖွဲ့ ကျောက်ဖြူမြို့ POSCO DAEWOO ၏ ရွှေသဘာဝစီမံကိန်း၌ ကြည့်ရှုလေ့လာစဉ်။**

သတင်းစဉ်



**ငါးခူရပြန်လည်လက်ခံရေးစခန်းတွင် တာဝန်ထမ်းဆောင်နေသည့် လဝကဝန်ထမ်းများ။**



**တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းတွင် သွားရောက်တာဝန်ထမ်းဆောင်နေသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ။**

# ရခိုင်ပြည်နယ် ခက်ခဲဒေသများသို့ အထူးကာကွယ်ဆေးထိုးစီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိ

**စစ်တွေ ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ပြည်နယ်အတွင်း ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သောရောဂါများမဖြစ်ပွားစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကာကွယ်ဆေးလွှမ်းခြုံမှု နည်းပါးသော ခက်ခဲဒေသများသို့ အထူးကာကွယ်ဆေးထိုးစီမံချက် ၂၀၁၈ ဖြင့် အထူးကာကွယ်ဆေးထိုး၊ ဆေးတိုက်အဖွဲ့များဖွဲ့စည်းပြီး ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပေါက်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပေါက်တောမြို့နယ်အတွင်းရှိ ဆင်တက်မော်၊ စစ်ကဲပြင်၊ ကုန်တန်းရွာ၊ တောင်ရွာကျေးရွာများသို့လည်းကောင်း၊ ကြိမ်နီပြင်နှင့် ငှက်ချောင်းကယ်ဆယ်ရေးစခန်းများသို့လည်းကောင်းသွားရောက်ပြီး အထူးကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ယင်းကာကွယ်ဆေးထိုးစုရပ်များသို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါစီမံချက်ဖြင့် ပေါက်တောမြို့နယ်အတွင်းကျေးရွာနှင့် ကယ်ဆယ်ရေးစခန်း ၁၁ ခုတို့တွင် သုံးနှစ်အောက်ကလေးငယ် ၂၈၂၆ ဦးတို့ကို ဇန်နဝါရီလမှ မတ်လအထိ သုံးလအတွင်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသပေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ မောရဝတီ(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင်(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်တို့ကို ကာကွယ်ကုသဆေးများထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၉၇ ကောင်နှင့် ဆိတ် ၇၆၅ ကောင်တို့ကို ကာကွယ်ကုသဆေးထိုးနှံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နှစ်နိုင်ငံ သဘောတူစာချုပ်အရ မောင်တောဒေသမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများ ပြန်လည်လက်ခံရေးအတွက် ရက်သတ်မှတ်သည့် ဇန်နဝါရီ ၂၃ ရက်တွင် မြန်မာနိုင်ငံဘက်မှ အဆင်သင့်ဖြစ်သော်လည်း ပြန်လာမည့်သူများရောက်မလာသည့်အပြင် စာရင်းလည်းရောက်မလာ

နေပြည်တော် ဇန်နဝါရီ ၂၄

**ရခိုင်ပြည်နယ် မောင်တောဒေသမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံဘက်မှ တောင်ပြိုလက်ဝဲ စိစစ်ပြန်လည် လက်ခံရေးစခန်း၊ ငါးခူရ စိစစ်ပြန်လည်လက်ခံရေးစခန်းနှင့် ယာယီနေထိုင်မည့် လှုဖိုးခေါင်ကြားစခန်းတို့တွင် အဆင်သင့်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုနှင့် ဝန်ထမ်းများ အသင့်ရောက်ရှိနေမှုအခြေအနေများကို ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးရုံးဝန်ထမ်းများ၊ ပြည်တွင်း ပြည်ပ သတင်းဌာနများမှ သတင်းထောက်များပါဝင်သော အဖွဲ့သည် ဇန်နဝါရီ ၂၄ ရက်တွင် သွားရောက်ကြည့်ရှုလေ့လာကြသည်။**

**ပြန်လည်လက်ခံရေးအတွက် နိုင်ငံတော်အပိုင်းက အဆင်သင့်ပြီးစီးအောင် ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား တွေ့ဆုံမေးမြန်းထားသည် -**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အဖွဲ့ ငါးခူရ ယာယီလက်ခံရေးစခန်း၌ ပြန်လည်လက်ခံမည့်သူများအတွက် စီစဉ်ထားမှုများကို ကြည့်ရှုစဉ်။ သတင်းစဉ်

**မေး ။ ။ အခုဆိုရင် ရခိုင်ပြည်နယ်အတွက် ရွှေ့ပြောင်းသူတွေကို ပြန်လည်လက်ခံဖို့ စီစဉ်ဆောင်ရွက်နေတာတွေရှိပါတယ်။ အဲဒီအခြေအနေနဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် ထွက်သွားတဲ့ သူတွေကို ပြန်လည်လက်ခံဖို့အတွက် အစီအစဉ်ကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်ဖို့အတွက် နှစ်နိုင်ငံ သဘောတူညီချက် လိုအပ်ပါတယ်။ အဲဒီနှစ်နိုင်ငံ သဘောတူညီချက်ကိုလည်း ကျွန်တော်တို့ ဆောင်ရွက်ပြီးသားဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ နှစ်နိုင်ငံ သဘောတူညီချက်ဖြစ်ပါတယ်။ တိမ်းရှောင်သွားတဲ့သူတွေ ပြန်လည်လက်ခံဖို့ပါ။ အဲဒါကိုလည်း သဘောတူဆောင်ရွက်ပြီးပါပြီ။ သဘောတူစာချုပ်လည်း လုပ်ပြီးပါပြီ၊ အဲဒီအပြင် ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၅ ရက်ကလည်း နှစ်နိုင်ငံ Joint Working Group တွေ၊ နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်မယ့်အဖွဲ့တွေ အစည်းအဝေးလုပ်ပြီးပါပြီ၊ အစည်းအဝေး လုပ်ပြီးတော့ သဘောတူညီချက်လည်း ရခဲ့ပါတယ်။ အဲဒီ သဘောတူညီချက်ရတဲ့ ဇန်နဝါရီ ၁၆ ရက်မှာပဲ ကျွန်တော်တို့က ဒီဘက်ကနေ ပြန်လည်လက်ခံနိုင်တယ်ဆိုတဲ့ စာရင်းတစ်ခုကို ပေးလိုက်ပါတယ်။ အဲဒီမှာ မူဆလင် ၇၅၀ နဲ့ ဟိန္ဒူဘာသာ ကိုးကွယ်တဲ့သူတွေ ၅၀၈ ဦး ပါဝင်ပါတယ်။ ဒါကို စာရင်းလည်း ပေးလိုက်တယ်။

ပြန်လည်လက်ခံတဲ့နေရာမှာ နှစ်နိုင်ငံ သဘောတူညီချက်အရဆိုရင် စာချုပ်ချုပ်ပြီးတော့ နှစ်လအတွင်းမှာ စတင်နိုင်ပါတယ်။ စတင်လို့ရပြီဆိုတဲ့အတွက်ကြောင့် အဲဒီရက်က ဇန်နဝါရီ ၂၃ ရက်ဖြစ်ပါတယ်။ ဇန်နဝါရီ ၂၃ ရက်မှာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်အရ အဆင်သင့်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ အဆင်သင့်ဖြစ်ပါတယ်။ အဆင်သင့်ဖြစ်တော့ ဇန်နဝါရီ ၂၃ ရက်နေ့မှာ ကျွန်တော်တို့ လက်ခံဖို့ အဆင်သင့်ဖြစ်တယ်။ ဒါပေမယ့် နှစ်နိုင်ငံ သဘောတူညီချက်ထဲမှာပဲ ပြန်လည်လက်ခံဖို့အတွက် လူတွေကို ပို့တဲ့အခါမှာ ကျွန်တော်တို့မှာ အစီအစဉ် နှစ်မျိုးရှိပါတယ်။ တစ်မျိုးကတော့ တကယ်ပုံမှန်လုပ်မယ့် အဓိကလုပ်တဲ့ ကိစ္စက တစ်ဖက်နိုင်ငံကို ရောက်သွားတဲ့သူတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေပြီးတော့ ပြန်ချင်သောသူများကို စိစစ်တယ်။ စိစစ်တယ်ဆိုတာ ပြန်ချင်တဲ့သူများကို စာရင်းကောက်ရမယ်။ စာရင်းကောက်တဲ့အခါမှာ ပုံစံဖြည့်ရမယ်။ အဲဒီအတွက် ပုံစံတွေ မြန်မာနိုင်ငံဘက်က ပေးပို့ပြီးသားဖြစ်ပါတယ်။ အဲဒီပုံစံကို ဖြည့်ပြီးရင် အဲဒီကနေ မြန်မာနိုင်ငံဘက်ကို ပုံစံတွေ ပို့ရပါမယ်။ ပို့ပြီးတဲ့ပုံစံတွေကို မြန်မာနိုင်ငံဘက်ကနေပြီးတော့ စိစစ်ရပါမယ်။ စိစစ်တယ်ဆိုတာ သူတို့သည် မြန်မာနိုင်ငံမှာနေသွားတဲ့သူတွေ ဟုတ်၊ မဟုတ်၊ အကြမ်းဖက်သမားများ ပါ မပါ စသည်ဖြင့် စိစစ်စရာတွေ ရှိပါတယ်။ အဲဒီစိစစ်စရာတွေအကုန်လုံးကို ဒီက စိစစ်ပါတယ်။ စိစစ်ပြီးတဲ့ စာရင်းကို တစ်ဖက်နိုင်ငံကို ပြန်ပို့ပါမယ်။ ပြန်ပို့တဲ့အခါကျတော့ ဘင်္ဂလားဒေ့ရှ်ကနေပြီးတော့ ဒီစာရင်းကို ရပြီဆိုတဲ့အခါ စိစစ်ပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဘက်ကို ပြန်စေလွှတ်လို့ရပြီဆိုပြီးတော့ သူတို့ အသုတ်လိုက် အသုတ်လိုက် လွှတ်မယ်ပေါ့။

လွှတ်တဲ့အခါကျတော့ အခု လတ်တလော သဘောတူညီချက်ထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ လက်ခံနိုင်တဲ့ အခြေအနေက လက်ခံရေးစခန်း နှစ်ခုရှိပါတယ်။ တောင်ပြိုလက်ဝဲ ကုန်းလမ်းနဲ့ ငါးခူရ ရေလမ်းပါ။ အဲဒီ နှစ်နေရာမှာ လက်ခံစခန်းမှာ တစ်နေရာကို ၁၅၀ စီနဲ့ တစ်နေ့ကို ၃၀၀ လက်ခံလို့ရပါတယ်။ တစ်ပတ်ကို ငါးရက် လက်ခံပါမယ်။ ၁၅၀၀ ပါ။ အဲဒီတော့ ဒါ လက်ခံလို့ ရတယ်ဆိုတော့ ကျွန်တော်တို့ စာရင်းပို့ထားတဲ့ ၇၅၀ နဲ့ ၅၀၈ ယောက်ပါ။ ဒီပို့ထားတဲ့သူတွေက တကယ်လို့ ဟိုဘက်ကနေပြီးတော့ ဒီစာရင်းကို ပြန်ချင်တဲ့သူတွေ စာရင်းဖြည့်မယ်၊ ဒီထဲကနေပြီးတော့ ပြန်ဖို့ ဒါက ကျွန်တော်တို့ဘက်က စိစစ်ပြီးသား၊ ပြန်လက်ခံလို့ရတဲ့စာရင်းဆိုတော့ လွယ်သွားပြီ။ အဲဒီတော့ ပြန်ချင်တဲ့သူတွေကို စာရင်းဖြည့်၊ ဖြည့်ပြီးရင် ဒီဘက်ကို ပြန်ပို့လိုက်ရင် ပထမအသုတ်အနေနဲ့ စလို့ရပါပြီ။ ဒါပေမယ့် ဇန်နဝါရီ ၂၃ ရက်မှာ ကျွန်တော်တို့ အဆင်သင့်ဖြစ်တယ်။ ဒါပေမယ့် ရောက်တော့ မရောက်လာဘူး။ ပြန်လာမယ့် လူလည်း ရောက်မလာဘူး။ စာရင်းလည်း ရောက်မလာဘူး။ ဖြစ်နိုင်တာတွေရှိပါတယ်။ ဒါက ဒီကိစ္စနဲ့ပတ်သက်လို့ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ရပါတယ်။ ပြန်ချင်တဲ့သူတွေကို ပုံစံတွေ ဖြည့်စွက်ရတာရှိပါတယ်။



ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး

နောက်ပြီးတော့ ဒါက မိမိရဲ့ သဘောဆန္ဒနဲ့ ပြန်လာတာဖြစ်ပါတယ်။ အဲဒီတော့ သဘောဆန္ဒ ကိုက်ညီသလား။ အဲဒီအပေါ်မှာလည်း မူတည်ပါတယ်။ သူတို့တွေ အကုန်လုံး ဖြည့်စွက်ရပါမယ်။ လုပ်ငန်းတွေက အဆင့်ဆင့်ရှိပါတယ်။ ပြန်ပို့ဖို့ အဲဒီအဆင့်ဆင့်တွေ ကြန့်ကြာနေလို့လားတော့ မသိပါဘူး။ ဒီနေ့မှာတော့ မရောက်လာသေးပါဘူး။ စာရင်းလည်း မရောက်သေးပါဘူး။ လူလည်း မရောက်လာပါဘူး။

ကျွန်တော်တို့အနေနဲ့ကတော့ အဆင်သင့်ဖြစ်နေပါပြီ။ ဒါကလည်း ဘာကြောင့် အဆင်သင့်ဖြစ်အောင် လုပ်ရလည်းဆိုတော့ သဘောတူစာချုပ်ထဲမှာ ဒီရက်ကနေ စနိုင်တယ်ဆိုတဲ့အတွက်ကြောင့် ဒီရက်ကိုပို့ရင် ကျွန်တော်တို့က လက်မခံလို့ မဖြစ်ဘူး။ ဒီရက်က တာဝန်ရှိတယ်။ ကျွန်တော်တို့နိုင်ငံက လက်ခံရမယ့်သူဖြစ်ပါတယ်။

***စာမျက်နှာ ၉ သို့***



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အဖွဲ့ လှုဖိုးခေါင်ကြားစခန်း၌ ပြန်လည်လက်ခံမည့်သူများအတွက် စီစဉ်ထားမှုများကို ကြည့်ရှုစဉ်။ သတင်းစဉ်



လှုဖိုးခေါင်ကြားစခန်း၌ ပြန်လည်လက်ခံမည့်သူများအတွက် ဆောက်လုပ်ထားသည့် ယာယီရှက်ဖျင်တဲများကို တွေ့ရစဉ်။ သတင်းစဉ်

*စာမျက်နှာ ၈ မှ*

ကျွန်တော်တို့ နိုင်ငံမှာ တရားဝင်နေထိုင်သွားတဲ့သူတွေ တစ်ဖက်နိုင်ငံကို ရောက်သွားတယ်၊ ပြန်လက်ခံဖို့ အစိုးရရဲ့တာဝန်ဖြစ်ပါတယ်။ အစိုးရရဲ့ တာဝန်အရ ကိုယ့်ဟာကိုယ် လုပ်လို့မရပါဘူး။ သဘောတူညီချက်နဲ့ နှစ်နိုင်ငံဆိုတော့ စာချုပ်နဲ့ လုပ်ရပါတယ်။ အဲဒီစာချုပ်အတိုင်း လုပ်ပါတယ်။ အခု ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ကျွန်တော်တို့ အဆင်သင့်ဖြစ်ပါတယ်။ ဒါပေမယ့် မရောက်လာတာကတော့ ခုနကပြောတဲ့အတိုင်း အကြောင်းအမျိုးမျိုးရှိနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ မပြောလိုပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်တယ်ဆိုတာတော့ သေချာနေပါပြီ။

အဲဒီအတွက်ကိုလည်း ကျွန်တော်တို့ အနေနဲ့ ဒီနေ့လည်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၊ အဲဒီကော်မတီမှာ ကျွန်တော်က ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ ကော်မတီကို အကြံပြုမယ့် နိုင်ငံတကာပညာရှင် ငါးဦး ပါပါတယ်၊ မြန်မာနိုင်ငံက ပညာရှင် ငါးဦးနဲ့ စုစုပေါင်း ၁၀ ဦးပါတဲ့ အကြံပေးအဖွဲ့ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို အကြံပြုမယ့်၊ အကြံပေးမယ့် အဖွဲ့ ရောက်လာပါတယ်။ ရောက်တဲ့အခါကျတော့ သူတို့လည်း တိုက်ဆိုင်တာကတော့ ကျွန်တော်တို့ စတင်လက်ခံလို့ရတဲ့ ဇန်နဝါရီလ ၂၃ ရက်နေ့နဲ့ သွားတိုက်ဆိုင်တာပါ။ တိုက်ဆိုင်တဲ့အခါကျတော့ ဒီကိုလည်း သွားကြမယ်ဆိုပြီးတော့ ဒီနေ့ ဇန်နဝါရီလ ၂၄ ရက်မှာ အဲဒီကို ရောက်ပါတယ်။ ရောက်တဲ့အခါကျတော့ သူတို့လည်း မျက်ဝါးထင်ထင် မြင်ရပါတယ်။ ကျွန်တော်တို့ လက်ခံရေးစခန်းတွေမှာ တကယ် အဆင်သင့်ဖြစ်နေပါပြီ။


လှဖိုးခေါင်ကြားစခန်းအတွင်းရှိ ယာယီရှက်ဖျင်တဲများ။ သတင်းစဉ်

နောက်တစ်ခါ ခဏထားမယ့် ကြားစခန်းပါ။ ဆိုလိုတာကတော့ ကြားစခန်းဆိုတာ အကြာကြီးထားမှာ မဟုတ်ပါဘူး။ ခဏထားမယ်။ ခဏက ဘယ်လောက်အထိ ကြာမှာလဲလို့ မေးရင်တော့ မူဆလင်များအတွက် အိမ်ပြန်ဆောက်ရမယ်။ မီးလောင်သွားတာများပါတယ်။

အိမ်ပြန်ဆောက်ဖို့အတွက် အိမ်မပြီးခင်ကာလအထိ သူတို့ အဲဒီမှာနေရပါမယ်။ ကြားစခန်းမှာ အိမ်ပြီးတာနဲ့ အိမ်ပြန်ရောက်သွားမယ်။ ဒါက ကြားစခန်းမှာ ဘယ်လောက်ကြာမလဲလို့ မေးရင် ကျွန်တော်တို့အဖြေကတော့ ဒါပဲ။ အိမ်ပြီးတာနဲ့ အိမ်ကိုသွားမယ်။ အိမ်မပြီးခင် ကာလလေးပဲ ဆောက်နေစဉ်ကာလ အဲဒီမှာ နေရမယ်။ ကြာမယ်တော့ မထင်ဘူး။ လအနည်းငယ်ပါပဲ။ ဘာလို့လဲဆိုတော့ မိုးမကျခင်မှာ ပြီးအောင်လုပ်ချင်တဲ့ သဘောရှိပါတယ်။ ဆောက်တာတွေပြီးအောင် လုပ်ချင်တဲ့ သဘောရှိတော့ ပထမလာတဲ့ အသုတ်တွေကတော့ မြန်မြန်ဆန်ဆန်ပဲ ပြီးသွားမှာဖြစ်ပါတယ်။ အဲဒီလိုနည်းတဲ့ ကျွန်တော်တို့ လက်ခံမယ်။ တစ်နေ့ကို ၃၀၀ လက်ခံနိုင်တယ်။ တစ်ပတ်ကို ၁၅၀၀ လောက် လက်ခံနိုင်တယ်။ ဒီအတိုင်း ကျွန်တော်တို့ကတော့ အပြည့်အစုံ စီစဉ်ပြီးသားဖြစ်ပါတယ်။

**မေး။ ။ အခု ကယ်ဆယ်ရေးစခန်း၊ ကြားစခန်းမှာ ခုနကပြောတဲ့ အိမ်မဆောက်ခင်အထိ သူတို့နေရမယ်ဆိုတော့ သူတို့အတွက် စားဝတ်နေရေးနဲ့ ကျန်းမာရေးအတွက် ဒီဘက်ကနေပြီးတော့ ဘယ်လောက်အထိ စီစဉ်ပေးထားတယ်ဆိုတာလည်း သိချင်ပါတယ်။**

ဖြေ ။ ။ ဒါကတော့ ကျွန်တော်တို့ Physical Arrangement လို့ခေါ်ပါတယ်။ ဒီကို ပြန်ဝင်လာတဲ့ ကိစ္စတွေမှာ ဝင်လာတဲ့ဆီကစပြီးတော့ တကယ်ဒီမှာ ခဏလက်ခံရေးစခန်းကို ရောက်မယ်။ အဲဒီ ကနေ ကြားစခန်းကို ရောက်မယ်။ အဆင့်ဆင့်မှာ ကျွန်တော်တို့ ဆောင်ရွက်စရာကိစ္စကို အနုစိတ်ပြီး ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဝင်လာလာချင်း ဝင်လာတဲ့သူကို စစ်ဆေးတဲ့ ဂိတ်ရှိပါတယ်။ အဲဒီဂိတ်ကနေပြီး စစ်ဆေးမယ်။ စစ်ဆေးပြီးတဲ့အခါကျတော့ စာရင်းမှတ်တမ်း ပြုစုမယ်။ မှတ်တမ်းပြုစု ပြီးရင် ဒီစာရင်းနဲ့ ဒီမှာရှိတဲ့ စာရင်းရှိနဲ့ ကိုက်ကြည့်မယ်။ ကိုက်ကြည့်လို့ ဟုတ်ပြီဆိုရင် ကျွန်တောတို့က အချက်အလက်တွေ ကောက်ယူမှာပါ။ လက်ဗွေတို့၊ ဒီ Biometric data တို့ရှိပါတယ်။ ဒါတွေကို လူဝင်မှုကြီးကြပ်ရေးကနေ လုပ်ပါမယ်။ ဒါတွေကို စနစ်တကျ ကောက်ယူမယ်။ ကောက်ယူပြီးလို့ ပြီးသွားတာနဲ့ စာရင်းတွေနဲ့ သေချာနေပြီ၊ တကယ်ကိုက်ကြည့်တော့လည်း ကျွန်တော်တို့ဆီမှာ နေသွားတဲ့လူ သေချာတယ်။ ဒီစာရင်းတွေမှာ အမှန်အကန်ဖြစ်တယ်ဆိုရင် ဒီမှာ သူတို့ အလွန်ဆုံးတစ်ညပဲ နေရမယ်။ လက်ခံရေးစခန်းမှာ တစ်ညပဲနေရမယ်။ နေပြီးတာနဲ့ နောက်တစ်နေ့မှာ ကြားစခန်းကို ပို့ဖို့အတွက် ပို့မယ့်ကားတွေလည်း အကုန်လုံး စီစဉ်ပြီးသားဖြစ်ပါတယ်။ လှဖိုးခေါင်ကြားစခန်းကို ရောက်မယ်။ ရောက်တဲ့အခါ အဲဒီမှာ စားဝတ်နေရေးလည်း ရှိတယ်။ ကျန်းမာရေးအတွက်လည်း အဆင်သင့်ရှိပါတယ်။ အခု ဒီတာဝန်အသီးသီးကို ထမ်းဆောင်မယ့်သူတွေ၊ ဝန်ထမ်းတွေအကုန်လုံး သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကနေ ရောက်ရှိနေပြီဖြစ်ပါတယ်။

ဒီနေ့သွားတော့လည်း တွေ့ခဲ့တယ်။ အတူတကွ ဓာတ်ပုံတွေရိုက်ခဲ့တာလည်း ရှိပါတယ်။ ဝန်ထမ်းတွေ အကုန်လုံးလည်း အပြည့်အစုံ ရောက်ရှိနေပြီဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဝန်ထမ်းတွေလည်း ရောက်ရှိနေပြီ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ရောက်ရှိနေပြီ။ လူဝင်မှုကြီးကြပ်ရေးက ဝန်ထမ်းတွေလည်း ရောက်နေပြီ။ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတွေလည်း ရောက်နေပြီ။ ဘာဖြစ်လို့လဲဆိုတော့ တချို့ကိစ္စတွေမှာ အကယ်၍များ စိစစ်လိုက်လို့ မဟုတ်မမှန်တာတွေ့တယ်ဆိုရင် နှစ်နိုင်ငံ ပြန်လည်ဆက်သွယ်ပြီးတော့ ဆောင်ရွက်ရမယ့်ကိစ္စတွေ ရှိတယ်။ ဒါကြောင့်မို့ နိုင်ငံခြားရေးဝန်ကြီးဌာနလည်း အဲဒီမှာရှိနေတယ်။ ကျန်တဲ့လုံခြုံရေးနဲ့ ပတ်သက်လို့လည်း ကျကျနန အသီးသီး ဆောင်ရွက်နေတာ ရှိပါတယ်။ ဝန်ထမ်းအသီးသီးလည်း အဆင်သင့်ဖြစ်နေပါပြီ။

**မေး။ ။ အခု နှစ်နိုင်ငံ သဘောတူညီချက်အရ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ သူတို့က စတင်ပြီးတော့ လွှဲပြောင်းမှုတွေ လက်ခံမယ်ဆိုတာ တွေ့ရပါတယ်။ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ သူတို့ဘက်က လွှဲပြောင်းတာတွေ မလုပ်နိုင်သေးဘူး။ အဲ့ဒါနဲ့ပတ်သက်လို့ အစိုးရအချင်းချင်း ဘယ်လိုဆက်ပြီးတော့ ဆောင်ရွက်သွားမလဲ၊ ဘယ်လိုချိတ်ဆက်ပြီး ဆောင်ရွက်သွားမယ်ဆိုတာလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ ကျွန်တော်တို့နိုင်ငံရဲ့ထမ်းဆောင်ရမယ့် တာဝန်ကတော့ ဇန်နဝါရီလ ၂၃ ရက်နေ့ကစပြီး လက်ခံရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ၂၃ ရက်နေ့မှာ လက်ခံဖို့ အဆင်သင့်ဖြစ်ပါပြီ။ ဒါပေမယ့် ဒီလူတွေစာရင်း၊ ပြန်လာမယ့်သူစာရင်း ခုနက ပြောသလို နှစ်ဖက်ရှိပါတယ်။ တစ်ဖက်ကနေပြီးတော့ စာရင်းပို့တယ်။ ကျွန်တော်တို့က စိစစ်ပြီး ပြန်ပို့တယ်။ ဟုတ်ပြီဆိုရင် ဟိုကနေပြီးတော့ လူလွှတ်လိုက်တယ်။ အဲဒီလို လုပ်သလို ကျွန်တော်တို့ဘက်ကနေပြီးတော့ မြန်အောင်ဆိုပြီး စိစစ်ပြီးတော့ ဒီစာရင်းတွေတော့ လက်ခံနိုင်ပါတယ်ဆိုပြီး ပို့လိုက်တယ်။ သူတို့က


ငါးခူရ ပြန်လည်လက်ခံရေးစခန်းတွင် ပြန်လည်ဝင်ရောက်လာသူများအား EID စနစ်ဖြင့် စစ်ဆေးမည့် စက်တပ်ဆင်ထားမှုကို တွေ့ရစဉ်။ သတင်းစဉ်


ငါးခူရစခန်းသို့ ပြန်လည်ဝင်ရောက်လာမည့် နေရပ်ပြန်များအား ယာယီထားရှိရန် အဆောက်အအုံ။ သတင်းစဉ်

တစ်ခါ အဲဒီလူတွေကို စာရင်းပြန်ဖြည့်ပြီးတော့၊ ပုံစံပြန်ဖြည့်ပြီးတော့ ပြန်ပို့တဲ့ စနစ်လည်းရှိပါတယ်။ ဒါတွေကတော့ အချိန်အနည်းငယ်ယူရတာတွေ ရှိတယ်။

ဇန်နဝါရီလ ၂၃ ရက်နေ့မှာ မလာနိုင်ဘူးဆိုတာ ကျွန်တော်ထင်တာတော့ အဲဒီလိုလုပ်ရမယ့် လုပ်ငန်းအဆင့်ဆင့်တွေကြောင့် တစ်ဖက်မှာ ကြန့်ကြာမှုတွေ ရှိသလားပေါ့။ ဘာကြောင့်လဲဆိုတော့ ပထမဦးဆုံးအသုတ်အတွက် ကျွန်တော်တို့ နှစ်နိုင်ငံ Working Group တွေ၊ သဘောတူညီချက်ရပြီးတဲ့ နောက်ပိုင်း ဒီစာရင်းကို ပေးလိုက်တာက ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ပေးလိုက်တာဖြစ်ပါတယ်။ အဲဒီတော့ သူတို့လုပ်ငန်းအဆင့်ဆင့်က နှစ်ပတ်လောက် အချိန်ယူမယ်ဆိုရင်တော့ ဇန်နဝါရီလ ၂၃ ရက်နေ့ကို မပို့နိုင်သေးတဲ့ အခြေအနေလည်း ရှိနိုင်ပါတယ်။ မပို့နိုင်တာ ဒါကြောင့်လည်း ဖြစ်နိုင်တယ်။ အဲဒါကတော့ ဇန်နဝါရီလ ၂၃ ရက်နေ့ကစပြီး လက်ခံရေးစခန်းတွေလည်း ဖွင့်ထားပြီ၊ လူတွေလည်း အဆင်သင့်ဖြစ်နေပြီ၊ ကျွန်တော်တို့ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေက အားလုံးအဆင်သင့်ဖြစ်နေတဲ့အတွက်ကြောင့် လာမယ့်ရက်ကိုပဲ စောင့်ဖို့လိုပါတယ်။ ဟိုနိုင်ငံနဲ့ ဘယ်လိုဆက်သွယ်ရမလဲလို့မေးရင် ကျွန်တော်တို့ကတော့ ထောက်လှမ်းမှာပါ။ လာမယ့်စာရင်း ရပြီလား၊ လာမယ့်စာရင်းဘယ်တော့ပို့မလဲဆိုတာ နည်းနည်းဆက်သွယ်ပြီးတော့ မေးမြန်းချက်တွေတော့ လုပ်မှာဖြစ်ပါတယ်။ ဒါ့ပေမယ့် တကယ်တမ်းဆိုရင် ကျွန်တော်တို့က အဆင်သင့်ဖြစ်နေတဲ့အတွက်ကြောင့် ပို့တာကို စောင့်ပြီးတော့ လက်ခံဖို့ရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်တွေအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌအနေနဲ့ ဖြည့်စွက်ပြောချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ ။ ။ ဖြစ်ပွားခဲ့တဲ့ကိစ္စက ရခိုင်ပြည်နယ်မှာရှိတဲ့ လူမှုအသိုင်းအဝိုင်းနှစ်ခု သဟဇာတမဖြစ်ဘူး၊ ပဋိပက္ခတွေရှိတယ်။ ဒါတွေကလည်း နှစ်ရှည်လများဖြစ်ခဲ့တဲ့ ပြဿနာပေါ့။ ၂၀၁၂ ခုနှစ်မှာ တစ်ခါအကြီးအကျယ်ဖြစ်တယ်။ အဲဒီနောက်ပိုင်းမှာလည်း ပဋိပက္ခတွေက ထပ်ခါထပ်ခါပိုဖြစ်နေတယ်။ လူမှုအသိုင်းအဝိုင်း နှစ်ခုကလည်း သဟဇာတဖြစ်မှုတွေ ယိုယွင်းလာတယ်။ ဒါတွေကို ပြန်လည်တည်ငြိမ်ဖို့၊ ပြန်လည်အဆင်ပြေဖို့ဆိုတာ ကျွန်တော်တို့ အစိုးရသစ်တက်ကတည်းက ဒါကို ဦးစားပေး ဆောင်ရွက်နေပါတယ်။ ဒါကို ဆောင်ရွက်နေတဲ့အခါမှာ အခြေခံအကြောင်းရင်းတွေကို ဖော်ထုတ်ပြီးတော့ လုပ်စရာရှိတာတွေ လုပ်ရပါမယ်။ လုပ်တဲ့အခါမှာ မစ္စတာ ကိုဖီအာနန်ရဲ့ အကြံပြုချက်တွေထဲမှာလည်းပါတယ်။ ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်းဆောင်တဲ့ စုံစမ်းစစ်ဆေးရေး ကော်မရှင် အကြံပြုချက်တွေလည်း ပါတယ်။ အားလုံးကိုကြည့်ပြီး တကယ့်အရေးတကြီးလုပ်ရမယ့် ကိစ္စတွေကို ကျွန်တော်တို့ ဆောင်ရွက်နေပါပြီ။ အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ အဲဒီအကောင်အထည်ဖော်တဲ့အခါမှာ ဦးစားပေးအနေနဲ့ နိုင်ငံသားဖြစ်မှု စိစစ်တာတို့ပါ။ ဒီ Process ထဲကိုဝင်မှ ကျွန်တော်တို့က စစ်လို့ရပါမယ်။ စစ်တဲ့အခါမှာ ၁၉၈၂ ဥပဒေနဲ့ ကိုက်ပြီးတော့ တကယ် နိုင်ငံသားဖြစ်သင့်တဲ့သူက ဖြစ်သွားမှာ ဖြစ်ပါတယ်။ မဖြစ်ဘူးဆိုရင်လည်း ပြန်လည်စိစစ်ရမယ်။ ဒီအဆင့်ဆင့်ကိုတော့ သေချာလုပ်ရမယ်။ ဒီလိုလုပ်ရင် နိုင်ငံသားဆိုလည်း နိုင်ငံသားအခွင့်အရေးရမယ်။ ပြုနိုင်ငံသားဆိုလည်း ပြုနိုင်ငံသားရမယ်။ ဘာမှမဟုတ်ရင်လည်း ဒီမှာ နေထိုင်ခွင့်ရှိတဲ့သူပေါ့၊ သူ့အခွင့်အရေးနဲ့ သူပဲပေါ့။ အဲဒီလို ကွဲပြားသွားမယ်ဆိုရင် ပိုပြီးတော့ လွတ်လပ်စွာသွားလာ ခွင့်တို့၊ ပညာရေးတို့၊ ကျန်းမာရေးတို့ ပိုပြီးတော့ လက်လှမ်းမီသွားမယ်။ ပိုပြီးတော့ လက်လှမ်းမီသွားရင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုပြီးတော့ အဆင်ပြေမယ်။ အဆင်ပြေသွားရင် ပဋိပက္ခတွေ နည်းသွားမယ်။ အကောင်အထည်ဖော်တဲ့အခါမှာ ဦးစားပေးအနေနဲ့ ဒါတွေကို အကောင်အထည်ဖော်နေပါတယ်။ အကြံပေးအဖွဲ့ကလည်း ကျွန်တော်တို့ကို ကောင်းမွန်တဲ့ အကြံဉာဏ်တွေနဲ့ ရေရှည်ပဋိပက္ခကင်းဝေးအောင်၊ သဟဇာတဖြစ်အောင်၊ ဒီပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်အောင်၊ အကြံတွေ ပေးကြမှာ ဖြစ်ပါတယ်လို့ ကျွန်တော် ပြည်သူတွေကို ပြောချင်ပါတယ်။

**သတင်းအဖွဲ့**

❑ **ဇန်နဝါရီလ ၂၃ ရက်နေ့ကစပြီး လက်ခံရေးစခန်းတွေလည်း ဖွင့်ထားပြီ၊ လူတွေလည်း အဆင်သင့်ဖြစ်နေပြီ၊ ကျွန်တော်တို့ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေက အားလုံးအဆင်သင့်ဖြစ်နေတဲ့အတွက်ကြောင့် လာမယ့်ရက်ကိုပဲ စောင့်ဖို့လိုပါတယ်။**

❑ **စစ်တဲ့အခါမှာ ၁၉၈၂ ဥပဒေနဲ့ ကိုက်ပြီးတော့ တကယ်နိုင်ငံသားဖြစ်သင့်တဲ့သူက ဖြစ်သွားမှာ ဖြစ်ပါတယ်။ မဖြစ်ဘူးဆိုရင်လည်း ပြန်လည်စိစစ်ရမယ်။ ဒီအဆင့်ဆင့်ကိုတော့ သေချာလုပ်ရမယ်။ ဒီလိုလုပ်ရင် နိုင်ငံသားဆိုလည်း နိုင်ငံသားအခွင့်အရေးရမယ်။ ပြုနိုင်ငံသားဆိုလည်း ပြုနိုင်ငံသားရမယ်။ ဘာမှ မဟုတ်ရင်လည်း ဒီမှာ နေထိုင်ခွင့်ရှိတဲ့သူပေါ့၊ သူ့အခွင့်အရေးနဲ့သူပဲပေါ့။**

# ရခိုင်ပြည်နယ်သတင်းများ

## သီတဂူ အာရှတော်ဝင် မျက်စိကုသရေးအဖွဲ့ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**မောင်တော ဇန်နဝါရီ ၂၄**



သီတဂူ အာရှတော်ဝင် မျက်စိကုသရေးအဖွဲ့သည် စက္ခုပါလအလင်း အလှူအဖြစ် ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအလင်းရစေရန်အတွက် ယနေ့ နံနက်ပိုင်းမှစတင်၍ မောင်တောမြို့ ပြည်သူ့ဆေးရုံတွင် အခမဲ့ ကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မျက်စိကုသရေးအဖွဲ့သည် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့မှ လာရောက်ကုသသည့် မျက်စိဝေဒနာရှင်များအား စက်ကိရိယာများဖြင့် မျက်စိစမ်းသပ်ခြင်း၊ ခွဲစိတ်ခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

"လာရောက်ကုသတဲ့ မျက်စိဝေဒနာရှင်တွေကို ပြင်ပလူနာဌာနမှာ မှတ်ပုံတင်ခိုင်းတယ်၊ တချို့ မျက်စိဝေဒနာရှင်တွေကို အနီးမှုန်၊ အဝေးမှုန် စမ်းသပ်တယ်၊ မျက်စိခွဲရမယ့် လူနာတွေကို သွေးစစ်တယ်၊ သွေးချို ရှိ၊ မရှိ၊ သွေးဖိအား ကောင်း၊ မကောင်း၊ ကူးစက်ရောဂါ ရှိ၊ မရှိ စတာတွေကို မခွဲခင်မှာ သမားတော် ဆရာဝန်တွေက စမ်းသပ်ပြီး ခွဲစိတ်ကုသပေးပါတယ်"ဟု အာရှတော်ဝင်အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာမြတ်သူက ပြောသည်။

ယနေ့တွင် သီတဂူအာရှတော်ဝင် မျက်စိကုသရေးအဖွဲ့သည် လာရောက်ပြသသည့် မျက်စိဝေဒနာရှင် ၅၀၀ ကျော်အား မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးလျက်ရှိကြောင်း၊ နှစ်ရက်ပေါင်း ၁၁၀၀ ကျော်ခန့် ရှိမည်ဖြစ်ကြောင်း သိရသည်။

"အများအားဖြင့် မျက်စိဝေဒနာရှင် ၁၁၀၀ ကျော်မှာ မျက်စိခွဲစိတ်ရမယ့် လူနာဟာ ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ ပါနိုင်တယ်၊ မျက်စိခွဲစိတ် ဆရာဝန် ခြောက်ယောက်ပါပါတယ်၊ အခုဆိုရင် ၁၅ ယောက်လောက် ခွဲပြီးသွားပြီ ဖြစ်တဲ့အတွက် ဒီနေ့မှာ လူနာ ၄၀ ကျော်၊ ၅၀ ကျော်လောက် ခွဲဖြစ်မယ်၊ ဒါကြောင့် ဒီနေ့နဲ့ မနက်ဖြန်မှာ လူနာ ၁၀၀ ကျော်လောက် ခွဲစိတ်ရမယ် ထင်ပါတယ်"ဟု ဒေါက်တာမြတ်သူက ပြောသည်။

သီတဂူအာရှတော်ဝင် စက္ခုပါလအလင်းအလှူအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့ ၃၂ မြို့တွင် အခြေစိုက်လျက် မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

"၂၀၀၂ ခုနှစ်မှာ သီတဂူဆရာတော်ကြီးက ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇာတိဖြစ်တဲ့ နတ်မောက်နဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ခဲ့ဖူးတဲ့ ဦးသန့်ရဲ့ ဇာတိဖြစ်တဲ့ ပန်းတနော်မြို့တွေမှာ မျက်စိဆေးရုံကို အဲဒီမြို့နှစ်မြို့မှာ စပြီးတော့ လုပ်ချင်တယ်လို့ ပြောတယ်၊ အဲဒီ မြို့နှစ်မြို့စလိုက်တာ အခုဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၃၂ မြို့မှာ မျက်စိဆေးရုံတွေ ဖွင့်လှစ်ပြီးတော့ မျက်စိဝေဒနာရှင်တွေကို ကုသပေးလျက်ရှိနေပြီဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သီတဂူအာရှတော်ဝင်မျက်စိကုသရေးအဖွဲ့သည် မျက်စိအလင်းအလှူအဖြစ် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၃၂ မြို့နယ်တွင် ရှိသည့် မျက်စိဝေဒနာရှင်များအား နယ်လှည့်ကုသပေးခဲ့ပြီး ၁၀ နှစ် ဝန်းကျင်ခန့်တွင် မျက်စိအလင်းရသူ ပြင်ပမျက်စိဝေဒနာရှင် စုစုပေါင်း တစ်သိန်းကျော်ခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ-အောင်မင်း**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကွင်းဆင်းဆောင်ရွက်

**သံတွဲ ဇန်နဝါရီ ၂၄**

သံတွဲမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဆောင်ရွက်ရန် လုပ်ငန်းစဉ် အဆင့်ဆင့်ရှင်းလင်းပွဲနှင့် လက်တွေ့လုပ်ငန်းများဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့် ပုဇွန်ဖြေကျေးရွာ အထက(ခွဲ)တွင် ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ခရိုင်၊ မြို့နယ် ကျေးလက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူကျေးရွာသား ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နှစ် ၁၀၀ ကျော် သက်တမ်းရှိ ကညင်ပင်ကြီး ခုတ်လှဲသူများကို ဖော်ထုတ်အရေးယူ

**ရေတာရှည် ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှသစ်တောကြိုးဝိုင်း အကွက်အမှတ်-၁၄ အတွင်းမှ နှစ်သက်တမ်း ၁၀၀ ကျော်ပြီ ဖြစ်သည့် ကညင်ပင်ကြီးအား တရားမဝင်ခုတ်လှဲသူများကို ဇန်နဝါရီ ၂၃ ရက်က ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးနှင့် သစ်တောဝန်ထမ်းများ သစ်တောလုံခြုံရေးအဖွဲ့ဝင်များ ပါဝင်သော အဖွဲ့သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက မြို့လှသစ်တော ကြိုးဝိုင်း အကွက်အမှတ်-၁၄အတွင်းသို့ ရောက်ရှိစဉ် နှစ် ၁၀၀ ကျော် သက်တမ်းရှိ ကညင်ပင်ကြီး(၃၅ ဒသမ ၆၆၀၂ တန်) အား ကန်တော့ပွဲများထိုးကာ ခုတ်လှဲထားသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

အဆိုပါသစ်ပင်ကြီး ခုတ်လှဲသူများကို ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးက တရားလိုပြုလုပ်၍ မြို့လှနယ်မြေ ရဲစခန်းတွင် အမှုဖွင့် တိုင်တန်းခဲ့ခြင်း ဖြစ်သည်။



အမှုမှန် ပေါ်ပေါက်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦး၊ မြို့လှနယ်မြေ ရဲစခန်းမှူး ရဲအုပ်သန်းဝင်းနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးဖော်ထုတ်ခဲ့ရာ မြို့လှမြို့ အနောက်မြောက်ဘက် ၁၀ မိုင်ခန့် အကွာရှိ ဇရစ်စမ်းကျေးရွာနေသူများ ဖြစ်ကြသော ဘိုစိန်(၃၈ နှစ်)ပါ သုံးဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်းများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၆(၁)ဖြင့် ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ကြည့်မြင်တိုင်တစ်ဖက်ကမ်း အောက်ရုံရပ်ကွက်၌ မီးလောင်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ အောက်ရုံရပ်ကွက်၌ ဇန်နဝါရီ ၂၃ ရက် ည ၁၀ နာရီခန့်က ဖွဲမီးမှတစ်ဆင့် ဖွဲဂိုဒေါင်နှင့် လူနေအိမ်လေးလုံး မီးလောင်မှုဖြစ်ခဲ့သည်။

အောက်ရုံရပ်ကွက် သိင်္ဂီရွှေဝါလမ်းရှိ ဒေါ်ခင်တင့်ပိုင် ဂိုဒေါင်အတွင်း မီးလောင်မှုဖြစ်နေကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ည ၁၀ နာရီ ၂ မိနစ်တွင် သတင်းစတင်ရရှိခဲ့ရာ မြို့နယ်မီးငြိမ်းသတ်ရေးယာဉ် ၁၈ စီးမှ မီးသတ်တပ်ဖွဲ့ဝင်များက တစ်ဖက်ကမ်းသို့ကူး၍ အပေါ့စားမီးသတ်စက်ငယ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ပေးခဲ့သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအပြင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ မီးသတ်ရေယာဉ်တစ်စင်းက လှိုင်မြစ်အတွင်းမှ ရေများကို ရယူကာ စုပေါင်းငြိမ်းသတ်ပေးမှုကြောင့် ည ၁၀ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ လှိုင်သာယာ၊ အင်းစိန်မြို့နယ်တို့မှ မီးငြိမ်းသတ်ရေးယာဉ်များ လာရောက်ခဲ့ကြသော်လည်း လမ်းပန်းအခက်အခဲကြောင့် မီးအားကျသွားမှ ရောက်လာနိုင်ခဲ့သည်ဟု ရပ်ကွက်မှ ဝိုင်းဝန်းမီးငြိမ်းသတ်ပေးသူတစ်ဦး၏အဆိုအရ သိရသည်။

မီးပေါ့ဆမှုကြောင့် ပိုင်ရှင် ဒေါ်ခင်တင့်ကို မြို့နယ်ရဲတပ်ဖွဲ့မှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးတင်**

## ရွှေဆိုင်လုယက်မှုဖြင့် အလိုရှိသည့် တရားခံပြေးဦးဆောင်သောအဖွဲ့ မူးယစ်ဆေးဝါးရောင်းချသည့်နေရာအား ဝင်ရောက်စီးနင်းစဉ် ပစ်ခတ်မှုဖြစ်ပွား နှစ်ဖက်ထိခိုက်ဒဏ်ရာရရှိပြီး လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးအပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ၁၀ ဦး ဖမ်းဆီးရမိ

**ဘားအံ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ဇန်နဝါရီ ၂၃ ရက်က ရွှေဆိုင်လုယက်မှုဖြင့် အလိုရှိသည့် တရားခံပြေး စောလီညွန့်(ခ)နဂါး(ခ)လက်ညှိုး ဦးဆောင်ကာ အဖွဲ့အစည်းအမည်ခံပြီး လက်နက်ကိုင်ဆောင် မူးယစ်ဆေးဝါးရောင်းချသည့် နေရာအား သတင်းအရ ပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးစဉ် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွား၍ နှစ်ဖက် ထိခိုက်ဒဏ်ရာရရှိပြီး ၎င်းတို့အဖွဲ့ထံမှ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးအပါအဝင် ဆက်စပ်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ၁၀ ဦးကို ဖမ်းဆီးရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူများအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

### ဖမ်းဆီးရမိခဲ့

ဘားအံမြို့နယ် နောင်ကမြိုင်ကျေးရွာနေ ဦးစောချစ်ချို၏ နေအိမ်၌ အခြေပြုကာ စောလီညွန့်(ခ)နဂါး(ခ)လက်ညှိုး ဦးဆောင်၍ အဖွဲ့အစည်းအမည်ခံပြီး လက်နက်ကိုင်ဆောင် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးသည့် ပူးပေါင်းအဖွဲ့များဖြင့် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ဝင်ရောက်စီးနင်း ရှာဖွေဖမ်းဆီးစဉ် ပူးပေါင်းအဖွဲ့အား လက်နက်ငယ်ဖြင့် ပြန်လည်ပစ်ခတ်ခုခံသဖြင့် နှစ်ဖက်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ပူးပေါင်းအဖွဲ့မှ ရဲအုပ်သက်စိုးဦး အပါအဝင် လေးဦး ဒဏ်ရာရရှိခဲ့သည်။ ပစ်ခတ်ခုခံသည့်အဖွဲ့မှ စောလီညွန့်(ခ)နဂါး(ခ)လက်ညှိုး၊ အိမ်ရှင် ဦးစောချစ်ချို၊ စိုးမင်းအောင်တို့အား ဒဏ်ရာဖြင့် ဖမ်းဆီးရမိကာ စုစုပေါင်း ပြစ်မှုကျူးလွန်သူ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးသုံးဦး ပေါင်း ၁၀ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ပူးပေါင်းအဖွဲ့မှ နေအိမ်ခြံဝင်းအတွင်း သက်သေများနှင့်အတူ ရှာဖွေရာ မော်တော်ယာဉ်နှစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၀၀၊ လက်နက်မျိုးစုံ ခြောက်လက်၊ ကျည်အိမ် ၃၂ ခု၊ ကျည်မျိုးစုံ ၄၂၄ တောင့်၊ ၄၀ မမ ဗုံးသီး ၂၄ လုံးနှင့် အဖွဲ့အစည်းတံဆိပ်ပါ ပြောက်ကျားယူနီဖောင်းနှင့် ချပ်ဝတ်တန်ဆာမျိုးစုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ကြောင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ စောချစ်ချို(၅၈ နှစ်)၊ စောလီညွန့်(ခ)နဂါး(ခ)လက်ညှိုး( ၄၃နှစ်)၊ စိုးမင်းအောင်(၂၇နှစ်)၊ မိုးစံ(၃၇နှစ်)၊ ကြက်ဖ(၂၁ နှစ်)၊ လုစိုး(၂၀ နှစ်)၊ ခင်ဇော်လင်း(၃၂ နှစ်)၊ နန်းလှိုင်လှိုင်ဝင်း(၃၅ နှစ်)၊ ဒေါ်အောင်တင်( ၆၀ နှစ်)၊ နော်မူဆားဆဲ(၃၁ နှစ်)တို့ကို ဘားအံမြို့မ ရဲစခန်းတွင် အမှုဖွင့် အရေးယူထားပြီး လုယက်မှုဖြင့် အလိုရှိသည့် တရားခံပြေး စောလီညွန့်(ခ)နဂါး (ခ)လက်ညှိုးအား ယခင်အမှုဖြင့်ပါ ဆက်လက် တရားစွဲတင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



ပြစ်မှုကျူးလွန်သူများအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၉၇၄ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၇ ဒသမ ၂၂၄ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလ နှင့် ဒီဇင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍာ | နိုဝင်ဘာလ | | ဒီဇင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍာ | ၁ | ၁၄၃.၂၆၈ | | ၂၀.၅၀၀ * |
| ၂။ | စက်မှုကဏ္ဍာ | ၁၀ | ၄၇.၉၁၀ * | ၉ | ၂၄.၂၃၄ * |
| ၃။ | လျှပ်စစ်ဓာတ်အားကဏ္ဍာ | - | - | ၁ | ၂၄၂.၃၉၀ |
| ၄။ | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍာ | ၁ | ၀.၃၀၀ | ၂ | ၇.၁၀၀ |
| ၅။ | အခြားဝန်ဆောင်မှု ကဏ္ဍာ | ၂ | ၁၂.၄၀၀ | ၁ | ၁၃.၀၀၀ |
| ၆။ | သတ္တုတွင်း ကဏ္ဍာ | | ၁.၃၁၀ * | - | - |
| ၇။ | လယ်ယာကဏ္ဍာ | ၂ | ၁.၀၈၀ | - | - |
| ၈။ | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍာ | ၁ | ၂၈.၇၀၆ | - | - |
| | **စုစုပေါင်း** | ၁၇ | ၂၃၄.၉၇၄ | ၁၃ | ၃၀၇.၂၂၄ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။**

၄။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ် ၁၄၁၉၈၉၆ ဒသမ ၆၃၀ သန်း နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးကျပ် ၂၆၈၄၈၉ ဒသမ ၁၃၇ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍာ | နိုဝင်ဘာလ | | ဒီဇင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) |
| ၁။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍာ | - | - | ၁ | ၄၄၇၁၅.၂၆၇ |
| ၂။ | အိမ်ရာ အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍာ | ၁ | ၁၃၀၅၂၈၅.၄၄၀ | ၁ | ၃၆၀၀၀.၀၀၀ |
| ၃။ | စက်မှုကဏ္ဍာ | ၉ | ၄၈၂၃၈.၀၀၀ | ၁ | ၈၄၉၆၂.၁၆၀ |
| ၄။ | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍာ | ၅ | ၃၁၂၁၄.၈၉၀ | ၁ | ၁၀၀၀၀.၀၀၀ |
| ၅။ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍာ | ၁ | ၅၀၀.၀၀၀ | - | - |
| ၆။ | လျှပ်စစ်ဓာတ်အား ကဏ္ဍာ | ၁ | ၂၂၅၀၀.၀၀၀ | ၁ | ၉၁၉၃၁.၃၅၀ |
| ၇။ | လယ်ယာလုပ်ငန်း | - | - | ၁ | ၈၀.၀၀၀ |
| ၈။ | အခြားလုပ်ငန်း ကဏ္ဍာ | ၃ | ၁၂၁၅၈.၃၀၀ | ၁ | ၈၀၀.၃၆၀ |
| | **စုစုပေါင်း** | ၂၀ | ၁၄၁၉၈၉၆.၆၃၀ | ၇ | ၂၆၈၄၈၉.၁၃၇ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်း ဖော်ပြထားခြင်းဖြစ်ပါသည်။**

၆။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ ကဏ္ဍာအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍာ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | နိုဝင်ဘာလ | ဒီဇင်ဘာလ |
| ၁။ | လယ်ယာကဏ္ဍာ | ၄၅ | - |
| ၂။ | မွေးမြူရေး နှင့် ရေလုပ်ငန်းကဏ္ဍာ | ၁၀၇ | ၉၂ |
| ၃။ | စက်မှုကဏ္ဍာ | ၇၄၂၅ | ၈၂၉၁ |
| ၄။ | လျှပ်စစ်ဓာတ်အားကဏ္ဍာ | - | ၆၄ |
| ၅။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍာ | ၇၀ | - |
| ၆။ | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍာ | ၇၂ | - |
| ၇။ | အခြားဝန်ဆောင်မှုကဏ္ဍာ | ၃၀ | ၁၇ |
| | **စုစုပေါင်း** | ၇၇၄၉ | ၈၄၆၄ |

၇။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍာအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ကဏ္ဍာ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | နိုဝင်ဘာလအတွင်း | ဒီဇင်ဘာလအတွင်း |
| ၁။ | လျှပ်စစ်ဓာတ်အားကဏ္ဍာ | ၃၉ | ၄၆ |
| ၂။ | စက်မှုကဏ္ဍာ | ၁၁၇၈ | ၂၂၄ |
| ၃။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍာ | ၅၀၄ | ၁၂၅ |
| ၄။ | အိမ်ရာနှင့် အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍာ | ၂၇၆ | ၂၆၀၀ |
| ၅။ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍာ | ၁၆၉ | - |
| ၆။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍာ | - | ၅၈ |
| ၇။ | လယ်ယာကဏ္ဍာ | - | ၃၁ |
| ၈။ | အခြားဝန်ဆောင်မှု ကဏ္ဍာ | ၇၆၄ | ၁၈ |
| | **စုစုပေါင်း** | ၂၉၃၀ | ၃၁၀၂ |

## မန်ယူနောက်ခံလူဟောင်း ဆီဗက်စတြာ ဦးဆောင်သည့် နည်းပြအဖွဲ့ဝင်များ မြန်မာလူငယ်များကို သင်ကြားပေးမည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

အင်္ဂလန် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနောက်ခံလူဟောင်း ဆီဗက်စတြာ ဦးဆောင်သည့် နည်းပြအဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ လာရောက်၍ လူငယ်ကစားသမားများအား ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးမည်ဖြစ်သည်။ ဆီဗက်စတြာ ဦးဆောင်သည့် နည်းပြအဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ပထမပတ်တွင် ရန်ကုန်နှင့် တောင်ကြီးမြို့၌ လေးရက်ကြာ သင်ကြားပေးမည်ဖြစ်သည်။

ဆီဗက်စတြာ ဦးဆောင်သည့်နည်းပြအဖွဲ့ဝင်များသည် Manda Fermentation ၏ အစီအစဉ်ဖြင့် လာရောက်ခြင်းဖြစ်ပြီး နှစ်နှစ်ဆက်လာရောက်ခြင်းဖြစ်ကာ ၂၀၁၇ ခုနှစ်က ပထမအကြိမ် လာရောက်ရာတွင် နောက်ခံလူဟောင်း ရွန်နီဂျွန်ဆင်က ဦးဆောင်ခဲ့သည်။ ယင်းခရီးစဉ်ကို စီစဉ်သည့် Manda Fermentation သည် ဇန်နဝါရီ ၂၃ ရက် ညပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တွင် ရန်ကုန်မြို့ ဖေဖော်ဝါရီ ၇၊ ၈ ရက်တွင် တောင်ကြီးမြို့၌ လူငယ်ကစားသမားများအား သင်ကြားပေးမည်ဖြစ်သည်။ ဆီဗက်စတြာ ဦးဆောင်သည့် နည်းပြအဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ခရီးစဉ်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်သည်။ ဆီဗက်စတြာသည် နာမည်ကြီးကလပ်အသင်းများဖြစ်သည့် အင်တာမီလန်၊ မန်ယူ၊ အာဆင်နယ်၊ ဝါဒါဘရီမင်စသည့်အသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးပြီး အမေရိကန်နှင့် အိန္ဒိယကလပ်အသင်းတို့တွင် နောက်ဆုံးကစားခဲ့ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၁၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၂၁)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ၌ ခေါင်းစဉ်အဖြစ်အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ် (၅)ခု ရွေးချယ်မည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။

(၁) တစ်ဦးလျှင် ဆောင်ပုဒ် (၂) ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(၂) ဆောင်ပုဒ် (၁) ခုချင်းစီအား မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(၃) မြန်မာဘာသာအတွက် Font size- 13, Myanmar-3 ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size -12 , Myanmar -3 ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။

(၄) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၃၀-၂-၂၀၁၈ ရက်နေ့ အရောက်ပေးပို့ယှဉ်ပြိုင်ရမည်။

(၅) ဆောင်ပုဒ်ယှဉ်ပြိုင်သူများသည် Fax 0673 - 412544 နှင့် Email; ccdacpm@gmail.com သို့ ပေးပို့ရမည်။

(၆) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာပါရှိရမည်။

**မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှတက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မာတင်အိုနေးလ်သည် အိုင်ယာလန်နည်းပြအဖြစ် ၂၀၂၀ ပြည့်နှစ်အထိရှိသော သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အိုနေးလ်သည် အိုင်ယာလန်အသင်းကို ယူရို ၂၀၁၆ တွင် ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးထားနိုင်သော်လည်း ၁၆ အသင်းအဆင့်တွင် ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် ပိုလန်ဗဟိုခံစစ်ကစားသမား ဂျာရို့စ်လောယာ့ခ်ကို ပိုလန်ကလပ် လူဘင်အသင်းက သုံးနှစ်ခွဲစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ ၎င်း၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။
- အာဆင်နယ်အသင်းသည် ဒေါ့မွန်အသင်းမှ ဂါဘွန်တိုက်စစ်ကစားသမား အူဘာမီယန် (၂၈နှစ်) အတွက် ပေါင် ၄၈ ဒသမ ၃ သန်းမှ ပေါင် ၅၀ ဒသမ ၉ သန်းအထိ တိုးမြှင့်ကမ်းလှမ်းလိုက်ကြောင်း ဂျာမန်ဘက်ကလာသော သတင်းရင်းမြစ်များအရ သိရသည်။ ထို့အပြင် အာဆင်နယ်အသင်းသည် ဝက်စ်ဘရွန်းဗဟိုခံစစ်ကစားသမား ဂျွန်နီအီဗန့်စ် (၃၀နှစ်) ကိုလည်း ခေါ်ယူရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း မေးလ်၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူနည်းပြ မော်ရင်ညိုသည် နိုက်စ်အသင်းမှ အိုင်ဗရီကို့စ်ကွင်းလယ်ကစားသမား ဂျိန်းမိုက်ကယ်ဆီရီ (၂၆နှစ်) ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်းသည် ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- မန်စီးတီးအသင်းသည် ဘီဘာအိုအသင်းမှ ပြင်သစ်ဗဟိုခံစစ်ကစားသမား လာပေါ်တေး (၂၃နှစ်) နှင့် ရှက်တာဒိုးနက်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဖရက် (၂၄နှစ်) ကို ခေါ်ယူရန် စဉ်းစားလျက်ရှိနေကြောင်း သည်ဂါးဒီးယန်းဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် မန်ယူအသင်းမှ စပိန်ဂိုးသမား ဒီဂီယာ (၂၇နှစ်) ကို ခေါ်ယူရန် သတင်းများ ပြန်လည်ထွက်ပေါ်လာခဲ့ပြီး ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံ ဂိုးသမား ကော့တွိုက်စ် (၂၅နှစ်) ကိုလည်း စိတ်ဝင်စားလျက်ရှိနေကြောင်း မာကာဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။
- နယူးကာဆယ်အသင်းသည် လက်စတာစီးတီးအသင်းမှ စလီမန်နီ (၂၉နှစ်) ကို စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် အဆင်သင့်ရှိနေကြောင်း မေးလ်၏ ဖော်ပြချက်အရ သိရသည်။

**ဇော်ဇော်**

## မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည့် ဝမ်းချန်ပီယံရှစ် ရွှေခါးပတ်လုပွဲ အောင်လအန်ဆန်နှင့် ဘရာဇီးသား ကမ္ဘာချန်ပီယံတို့ ထိုးသတ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ဝမ်းချန်ပီယံရှစ် ရွှေခါးပတ်လုပွဲ (ONE: QUEST FOR GOLD) တွင် ပါဝင်ကစားသွားမည့် အောင်လအန်ဆန်နှင့် ဖိုးသော်တို့နှစ်ဦး၏ မီဒီယာများရှေ့မှောက်တွင် ပွဲထွက်အကြိုဟန်ရေးပြကစားခြင်းကို ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်မြို့ မြန်မာပလာဇာ၌ ကျင်းပခဲ့သည်။

ဝမ်းချန်ပီယံရှစ် ရွှေခါးပတ်လုပွဲ ပြိုင်ပွဲကြီးကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဝမ်းလိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုအတွက် မြန်မာဘက်မှ ဝမ်းမစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆု “မြန်မာ့စပါးအုံးမြွေ” အောင်လအန်ဆန်နှင့် ဘရာဇီးနိုင်ငံမှ ကမ္ဘာ့ချန်ပီယံ Alexandre Machado တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ဝမ်းဖယ်သာဝိတ်တန်းကစားသမား ဖိုးသော်နှင့် ကမ္ဘောဒီးယားမှ Sor Sey တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ဘရာဇီးနိုင်ငံမှ ဟဲဗီးဝိတ်တန်းချန်ပီယံ Alexandre “Bebezao” Machado သည် ကိုယ်ခံပညာသိုင်းပေါင်းစုံကစားသမားတစ်ဦးဖြစ်ပြီး ချုပ်ကွက်များ၊ အတုံးအရုံးလဲသွားစေလောက်သည့် ထိုးသတ်ချက်များနှင့် အမှတ်ရယူတတ်သူတစ်ဦးဖြစ်သည်။ ၎င်းသည် ဘရာဇီး ဂျူ-ဂျစ်ဆုခါးပတ်နက်ပိုင်ရှင်တစ်ဦးဖြစ်သည်။

ဖိုးသော်နှင့် ယှဉ်ပြိုင်မည့် ကမ္ဘောဒီးယားမှ Sor Sey သည် ဝမ်းချန်ပီယံကြိုးဝိုင်းအတွင်း လက်စွမ်းပြကစားရာတွင် နိုင်ငံ၏ အတော်ဆုံး ကိုယ်ခံပညာသိုင်းပေါင်းစုံကစားသမားများထဲမှ တစ်ဦးဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကားငှားစီးသည့် FDA မှ ဝန်ထမ်းအမျိုးသမီးအား သတ်ဖြတ်ပြီး အလောင်းစွန့်ပစ်ခဲ့သူ အငှားယာဉ်မောင်းကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၄

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၃ တိုးချဲ့ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်းမပေါ် ငမိုးရိပ်ချောင်းလက်တက် ချောင်းကူးတံတားဘေးရှိ သစ်ပင်အောက်၌ ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီခွဲခန့်က အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် လဲကျသေဆုံးနေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မျက်နှာ၊ လည်ပင်းတို့တွင် ဖူးရောင်ညိုမည်း ဒဏ်ရာနှင့် လည်ပင်းရှေ့ ထိုးသွင်းဒဏ်ရာတို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။ သေဆုံးသူအား စိစစ်ဖော်ထုတ်ခဲ့ရာ ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက်နေ မရွှေရည်ဝင်း(ခ)ရွှေရည် (၂၅နှစ်)ဖြစ်ကြောင်း၊ နေပြည်တော်၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)တွင် ဒုတိယကြီးကြပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း သိရှိရ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း၌ (ပ)၈၃/ ၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။**








အမှုမှ တရားခံဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးက အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းစစ်ဆေးဖော်ထုတ်ခဲ့ရာ မရွှေရည်ဝင်း မသေဆုံးမီ သွားလာသောနေရာများ၏ CCTV မှတ်တမ်းများ၊ ပြည်သူလူထု၏ သတင်းပေးပို့ချက်များ၊ အထူးအမှုစစ်အဖွဲ့နှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ၏ ကွင်းဆက်စုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ ပြစ်မှုကျူးလွန်သူ တက္ကစီ မော်တော်ယာဉ်အမှတ် 7E/---- တိုယိုတာဗစ် ငွေမင်ရောင် ယာဉ်မောင်းဖြစ်သော ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၃၃ တိုးချဲ့ရပ်ကွက် ပတ္တမြား-၄ လမ်းနေ မျိုးဇော်ဦး(၂၇နှစ်)အား ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ဖော်ထုတ်နိုင်ခဲ့ပြီး ၃ ရက်နှင့် ၆ နာရီအတွင်း မင်္ဂလာဈေး ယုဇနပလာဇာ၌ သက်သေခံပစ္စည်း SAMSUNG လက်ကိုင်ဖုန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ မျိုးဇော်ဦးအား စစ်ဆေးခဲ့ရာ အခင်းဖြစ်သည့်နေ့ ၂၀-၁-၂၀၁၈ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် လှည်းတန်းလမ်းဆုံအနီး အင်းစိန်လမ်းမပေါ်၌ အမျိုးသမီးတစ်ဦးက ဒဂုံမြို့နယ်ရှိ နေအိမ်သို့ ပြန်ရန်အတွက် ၎င်း၏ ကားအား ငှားရမ်းကာ နောက်အခန်း၌ စီးနင်းလိုက်ပါခဲ့ကြောင်း၊ ဒဂုံမြို့နယ် မင်းမနိုင်အိမ်ရာအနီးအရောက်တွင် ကားငှားရမ်းခနှင့် ပတ်သက်၍ စျေးပိုတောင်းခဲ့ရာမှ စကားများခဲ့စဉ် ကားအားရပ်တန့်၍ နောက်အခန်းသို့ကူးကာ အမျိုးသမီး၏ လည်ပင်းအားညှစ်ပြီး ရင်ညွန့်အားခြေထောက်ဖြင့်ကန်ကာ ဖိနင်းထားခဲ့ကြောင်း၊ ထို့နောက် တူးဘောက်(စ်)အတွင်းရှိ ဝက်အူလှည့်အားယူကာ လည်ပင်းအား တစ်ချက်ထိုးသွင်းခဲ့ပြီး သတိလစ်သွားစဉ် ကားအား ဆက်လက်မောင်းနှင်သွားခဲ့ကြောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၃ တိုးချဲ့ရပ်ကွက် ငါးမာန်အောင်ဘုရားလမ်းပေါ် ဖူဆယ်အားကစားရုံအနီးလမ်းဘေး မှောင်ရိပ်တွင် ကားကို ရပ်တန့်၍ သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း၊ အမျိုးသမီးမှာ သတိမေ့နေရာမှ သေဆုံးသွားသဖြင့် ဝတ်ဆင်ထားသည့် ပလက်တီနမ်ဆွဲကြိုး၊ နားကပ်၊ ခြေချင်း၊ ပိုက်ဆံအိတ်နှင့် ဖုန်းတို့ကိုယူခဲ့ပြီး အလောင်းအား တွေ့ရှိရသည့်နေရာ ငမိုးရိပ်ချောင်း လက်တက်ချောင်းကူး တံတားဘေးရှိ သစ်ပင်အောက်တွင် စွန့်ပစ်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသည်။

အထူးအမှုစစ်အဖွဲ့မှ သက်သေခံပစ္စည်းတက္ကစီ အငှားယာဉ်၊ မရွှေရည်ဝင်း၏ SAMSUNG လက်ကိုင်ဖုန်းတစ်လုံး၊ ပလက်တီနမ်ဆွဲကြိုးတစ်ကုံး၊ အရည်ကျိုထားသော ရွှေအခဲငယ်တစ်ခု၊ အပြာရောင် မိန်းမစီးကတ္တီပါဖိနပ်တစ်ရန်၊ FDA ဝန်ထမ်းကတ်တစ်ကတ်၊ မှတ်ပုံတင်လိုင်စင်ခါတ်ပုံ၊ ATM ကတ်တစ်ကတ်၊ ပန်းရောင်ပိုက်ဆံအိတ် တစ်အိတ်တို့အား ကနဦး သိမ်းဆည်းရမိခဲ့ပြီး ကျန်သက်သေခံ ပစ္စည်းများ သိမ်းဆည်းရမိရေးနှင့် မျိုးဇော်ဦးအား ကျူးလွန်ခဲ့သည့် ပြစ်မှုဖြစ်စဉ်များအလိုက် ထပ်မံအရေးယူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမိုနီယမ်နိုက်ထရိတ်များ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၂၃ ရက်က မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Canter ခြောက်ဘီးယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ မော်တော်ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် (Ammonium Nitrate) စာတန်းပါ အိတ် ၁၂၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၁၀ ဒသမ ၆၀၀ ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (တင်ဒါခေါ်ယူခြင်း)

၁။ ချင်းပြည်နယ်၊ ဟားခါးမြို့တွင်(၂၇၁၀၀)စတုရန်းပေရှိ ဘက်စုံသုံးဘေးဒဏ်ခိုလှုံရန်အဆောက်အဦ (Multipurpose Shelter) တစ်လုံးဆောက်လုပ်ရန် တင်ဒါစနစ်ဖြင့် ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ Cyclone Shelter များ ဆောက်လုပ်သည့် အတွေ့အကြုံရှိသော ပုဂ္ဂလိက လုပ်ငန်းရှင်ကုမ္ပဏီများ ဝင်ရောက်ယှဉ်ပြိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၂၅-၁-၂၀၁၈ရက် |
| ၄။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** | - | ၂-၂-၂၀၁၈ရက် |
| ၅။ **တင်ဒါပုံစံတစ်စောင်ဈေးနှုန်း** | - | ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ) |
| ၆။ **တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်** | - | ၂၈-၂-၂၀၁၈ရက် |
| ၇။ **တင်ဒါရောင်းချမည့်နေရာ** | - | ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန။ |

၈။ တင်ဒါလမ်းညွှန်ချက်နှင့် ပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၅-၁-၂၁၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၃၁၇၊ ၀၆၇-၃၄၀၄၃၈၅တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**
**ရုံးအမှတ်(၂၃)၊ နေပြည်တော်**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နှင်းနှင်းအေး ၉/အမဇ(နိုင်)၀၀၇၃၄၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၃၄၃၇၄**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**မိမိတို့နေထိုင်ရာ မြန်မာနိုင်ငံတော်အတွက် လုပ်ငန်းရှင်တိုင်းထမ်းဆောင်ရမည့် အခွန်ဘဏ္ဍာတာဝန်ကို တစ်နိုင်ငံလုံးတွင် (၆)နှစ်ဆက် "ပထမ" အများဆုံးနေရာမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့ပါသော မိမိတို့မြန်မာနိုင်ငံ "လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းကြီး(MYEA)" ၏ နာယကကြီး၊ "ကမ္ဘောဇဘဏ်လီမိတက်-ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" နှင့် မိသားစုအား အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။**

**ထို့အပြင် ယခုလို (၆)နှစ်ဆက် "ပထမ" နေရာမှ ဝင်ငွေခွန် အများဆုံး ပေးသွင်းခဲ့သည့်အပြင် နောင်နှစ်များအတွက်ပါ ကျပ်ဘီလီယံ(၃၀)ကျော် ကြိုတင်ပေးဆောင်ထားခြင်းကိုလည်းကောင်း၊ အမျိုး၊ ဘာသာ၊ သာသနာအတွက်နှင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးတွင်လည်းကောင်း၊ ရေရှားပါးသောနေရာများတွင် ရေရရှိရေး ဆောင်ရွက်ပေးခြင်းကဲ့သို့သော နိုင်ငံတော်နှင့် လူမှုအကျိုးပြုလုပ်ငန်းများတွင်လည်းကောင်း၊ စုစုပေါင်းကျပ်ငွေ(၁၃၈)ဘီလီယံကျော် လှူဒါန်းမှုအစုစုတို့အား အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။**

**နာယကကြီး ကျန်းမာချမ်းသာ၍ ကမ္ဘောဇဘဏ်လုပ်ငန်းစုကြီး ဒီထက်မက ပိုမိုတိုးတက်အောင်မြင်ပြီး၊ မြန်မာနိုင်ငံသူနိုင်ငံသားများ အကျိုးနှင့် မြန်မာလူငယ်စီးပွားရေးလုပ်ငန်းရှင်များ မြောက်မြားစွာ တိုးတက်ပေါ်ထွက်လာစေရန် ကူညီဆောင်ရွက်ပေးနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။**

**ဥက္ကဋ္ဌနှင့်အသင်းသူအသင်းသားများ**
**မန္တလေးတိုင်းဒေသကြီး**
**လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် **ကျပ်ငွေ(၂၈,၀၄၂.၂၅)သန်း** ဖြင့် တစ်နိုင်ငံလုံးတွင် **"ပထမ"** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်း၊ ကြိုတင်ခွန်များ ပေးသွင်းရန် စနစ်တကျ စီမံဆောင်ရွက်ထားရှိခြင်း၊

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိက အထောက်အကူပြု ပါဝင်နိုင်ခဲ့ခြင်းနှင့် နိုင်ငံအတွင်း အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင်အမြောက်အမြား ပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင်ပေးနိုင်ခြင်း များအတွက် **"ကမ္ဘောဇဘဏ်လီမိတက် ဉက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး တို့တွင် ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးကျော်ထွန်းနိုင်
Chairman
Yadanar Kaung Kin Gems & Jewellery Co., Ltd.

ဦးနေလင်းအောင်
Managing Director
Nilar Yoma Trading Co., Ltd.

ဦးစိန်လွင်လေး
Managing Director
Myint Myat Htut Khaung International Co., Ltd.

ဦးမောင်မောင်အေး
Managing Director
Moe Htet Gabar Co., Ltd.

ဦးအောင်ဝင်း
Managing Director
Tun Tauk Sa Gems Co., Ltd.

ဦးအောင်မြင့်
Managing Director
Shwe Aein Chan Thar Co., Ltd.

ဦးမြင့်စိန်
Managing Director
Soe Aung Trading Co., Ltd.

# ဂျပန်နိုင်ငံအရှေ့ပိုင်း၌ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားရာမှတစ်ဆင့် ဆီးနှင်းထုများပြိုကျရာ လူခြောက်ဦးနစ်မြုပ်နေ

**တိုကျို ဇန်နဝါရီ ၂၄**

ဂျပန်နိုင်ငံအရှေ့ပိုင်း ဂန်မာပြည်နယ်ရှိ ကူဆက်ဆုရှိရာနီ မီးတောင်သည် ယမန်နေ့က ပေါက်ကွဲသဖြင့် ဆီးနှင်းထုများပြိုကျမှု ဖြစ်ပွားခဲ့ရာ လူခြောက်ဦးနစ်မြုပ်သွားကြောင်း ဒေသတွင်းသတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ နှင်းလျှောစီးလေ့ကျင့်ခန်းပြုလုပ်နေစဉ် ဆီးနှင်းပြိုကျမှုဖြစ်ပွားခဲ့သဖြင့် အဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားအဖွဲ့ဝင်များမှာ အရိုးကျိုးခြင်းနှင့် အခြားစိုးရိမ်ဖွယ်ဒဏ်ရာများရရှိခဲ့ကြောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဆီးနှင်းပြိုကျမှုဖြစ်စဉ်တွင် အရပ်သားတစ်ဦး ပိတ်မိနေသောကြောင့် ၎င်းကို ကယ်ထုတ်ပေးခဲ့ရကြောင်း ယင်းတပ်ဖွဲ့က ပြောခဲ့ သည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးမှုအပြင် အနည်းဆုံး လူ ၁၀ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ယင်းအနက် ငါးဦးမှာ စိုးရိမ်ရကြောင်း၊ မီးတောင်ပေါက်ကွဲမှုမှ လွင့်ကျလာသော ကျောက်တုံးများအပါအဝင် အပျက်အစီးများသည် မီးတောင်မှ တစ်ကီလိုမီတာအကွာ ကျော်အထိ ရောက်ရှိလာခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောခဲ့သည်။

အဆိုပါမီးတောင်သည် လွန်ခဲ့သော ၁၉၈၃ ခုနှစ်တုန်းကလည်း ပေါက်ကွဲခဲ့ဖူးပြီး ယခုတစ်ကြိမ်ပေါက်ကွဲမှုကြောင့် အန္တရာယ်သတိပေးအဆင့်သုံးအဖြစ် သတ်မှတ်ထားပြီး မီးတောင်အနီးသို့ မချဉ်းကပ်ရန် ဒေသခံပြည်သူများအား ဂျပန်နိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနက သတိပေးညွှန်ကြားထားကြောင်း သိရသည်။ ယခုတစ်ကြိမ်ပေါက်ကွဲသည့် မီးတောင်သည် ၂၁၆၀ မီတာရှိသော မီးတောင်ရှင်တစ်ခုဖြစ်ပြီး အာဆာမာ မီးတောင်၏ မြောက်ဘက်တွင်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



# ဒုံးကျည်ကာကွယ်ရေးစနစ် ပို့ဆောင်မှုနှင့် ပတ်သက်၍ နိုင်ငံအချို့နှင့် ရုရှားညှိနှိုင်းဆွေးနွေး

**မော်စကို ဇန်နဝါရီ ၂၄**

ရုရှားသည် S-400 ဒုံးကျည်ကာကွယ်ရေးစနစ် ပို့ဆောင်မှုနှင့်ပတ်သက်၍ ယင်းစနစ်ကို ဝယ်ယူရန် စိတ်ပါဝင်စားလျက်ရှိသည့် အရှေ့အလယ်ပိုင်းဒေသနှင့် အရှေ့တောင်အာရှတို့မှ နိုင်ငံအချို့နှင့် လတ်တလောတွင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဒေသမီဒီယာက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အခြားနိုင်ငံများ အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသနှင့် အရှေ့တောင်အာရှနိုင်ငံများသည် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ဆွေးနွေးပွဲများကို ယခုကျင်းပနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှွိုင်ဂူ၏ ပြောကြားချက်ကို TASS သတင်းအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနက ရုရှားသည် ယင်းဒုံးကျည်ကာကွယ်ရေးစနစ် အသုံးချမှု၏ အတွေ့အကြုံကို ၎င်း၏ မိတ်ဖက်နိုင်ငံများနှင့်အတူ မျှဝေသွားရန် အသင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

မကြာသေးမီက ရုရှားနိုင်ငံလုပ် S-400 ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဝယ်ယူရန်သဘောတူညီချက်ကို တူရကီနှင့် လက်မှတ်ရေးထိုးခဲ့သည်။ ရုရှားသည် ယင်းဒုံးကျည်ကာကွယ်ရေးစနစ်ကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် တူရကီသို့ စတင်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အမေရိကန်နိုင်ငံ ကင်တက်ကီပြည်နယ် ကျောင်းတစ်ကျောင်း၌ ပစ်ခတ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံး



**ချီကာဂို ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ ကင်တက်ကီပြည်နယ် အနောက်တောင်ပိုင်းရှိ အထက်တန်းကျောင်းတစ်ကျောင်း၌ ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကျောင်းသားနှစ်ဦးသေဆုံးပြီး ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မက်ဘီဗင်းက မကြာသေးမီက ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှုကျူးလွန်သူမှာ အသက် ၁၅ နှစ်အရွယ် ကျောင်းသားတစ်ဦးဖြစ်ပြီး ၎င်းအား လူသတ်မှုနှင့် လူသတ်ရန် ကြံရွယ်မှုများဖြင့် တရားစွဲဆိုရန် အချုပ်ခန်းတွင် ထိန်းသိမ်းထားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဘီဗင်းက မာရှယ်မြို့ ပညာရေးဘုတ်အဖွဲ့ရုံး၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်ရသည့် အကြောင်းရင်းကို သိရှိရန် စုံစမ်းနေစဉ်အတွင်း ပြည်သူများအနေဖြင့် စိတ်ရှည်ကြရန်နှင့် နှောင့်ယှက်ခြင်းမပြုကြရန် ပြည်နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်မေတ္တာရပ်ခံပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှုကြောင့် ကျောင်းသူတစ်ဦးမှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့ကြောင်း၊ အခြားကျောင်းသားတစ်ဦးလည်း ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။ ယခုအခါတွင် သေနတ်ပစ်ခတ်မှုကျူးလွန်သူ၏ နေအိမ်ကို စတင်ရှာဖွေနေပြီဖြစ်ကြောင်း၊ သေနတ်ပစ်ခတ်ရသည့် အကြောင်းရင်းကို ဖော်ထုတ်ရန်ကြိုးစားလျက်ရှိကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပြီးနောက် အဆိုပါနေရာကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ တရားခံအား ခုခံမှုအလျှင်းမရှိဘဲ ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# အမေရိကန်နှင့်အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သင့်ကြောင်း ဂျင်မက်တစ်ပြော

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်သည် အမေရိကန်ပြည်ထောင်စုအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း၌ အင်ဒိုနီးရှားနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်သွားရန် ၎င်း၏ စိတ်အားထက်သန်နေမှုကို အလေးအနက်ဖော်ပြခဲ့ကြောင်း သိရသည်။

မက်တစ်သည် အင်္ဂါနေ့တွင် ၎င်း၏ဆွေးနွေးဘက် ရာမီဇတ်ရာကူဒူနှင့် ဂျကာတာ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ကာကွယ်ရေးဝန်ကြီးတစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် အင်ဒိုနီးရှားသို့ ခရီးစဉ်သွားရောက်ခဲ့ချိန်တွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

တွေ့ဆုံပြီးနောက်ပိုင်းတွင် မက်တစ်က အင်ဒိုနီးရှားနိုင်ငံသည် အင်ဒိုပစိဖိတ်ဒေသ၏ အခရာဖြစ်ပြီး အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် အင်ဒိုနီးရှားတို့သည် တောင်တရုတ်ပင်လယ်အတွင်းနှင့် မြောက်နာတူနာပင်လယ်အတွင်း၌ သတင်းအချက်အလက်များ ရယူရန်အတွက် အတူတကွပူးပေါင်း ဆောင်ရွက်သွားသင့်ကြောင်း ပြောကြားခဲ့သည်။

မက်တစ်သည် တောင်တရုတ်ပင်လယ်အတွင်း ရေကြောင်းလှုပ်ရှားမှုများကို ပိုမိုဆောင်ရွက်လာနေသည့် တရုတ်နိုင်ငံအပေါ်တွင် ဖိအားပေးရန် ကြိုးပမ်းလျက်ရှိသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် ဒေသတွင်း၌ အမေရိကန်က ၎င်း၏ ပါဝင်ပတ်သက်မှုကို လျှော့ချသွားမည်ကို စိုးရိမ်ကြောင့်ကြလျက်ရှိကြောင်း သိရသည်။

ယင်းစိုးရိမ်ပူပန်မှုများကို လျှော့ချရန်အတွက် အင်ဒိုနီးရှားနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအောင် ကြိုးပမ်းနေဟန်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




# အာဖဂန်ရှိ Save the Children အကူအညီပေးရေးရုံးကို စစ်သွေးကြွများ စီးနင်းတိုက်ခိုက်

**ဂျလာလာဘတ် ဇန်နဝါရီ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဘတ်ရှိ Save the Children ကလေးသူငယ် အကူအညီပေးရေးရုံးကို ဗုဒ္ဓဟူးနေ့တွင် သေနတ်သမားလေးဦး ဝင်ရောက်ကာ အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ အဆောက်အအုံကို ဝန်းရံစောင့်ကြပ်နေသည့် လုံခြုံရေးအင်အားစုများနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားပြီး လူတစ်ဦးသေဆုံးကာ ၁၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုသည် ရုံးအပြင်ဘက်တွင် အသေခံ ကားဗုံးခွဲတိုက်ခိုက်ရာမှစတင်ခဲ့ပြီးနောက် သေနတ်သမားလေးဦးတို့သည် အဆောက်အအုံဝင်းထဲသို့ ဝင်ရောက်ကာ အာဖဂန်အထူးအင်အားစုများနှင့် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်ခဲ့ကြကြောင်း အရှေ့ပိုင်းပြည်နယ်ရှိ အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီး သေနတ်သမားများ၏ ပစ်မှတ်မှာ Save the Children ရုံးဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အတူလာခိုဂျာနီက ပြောကြားသည်။ မျက်မြင်သက်သေအချို့က တိုက်ခိုက်သူများသည် ရဲတပ်ဖွဲ့ယူနီဖောင်းများကို ဝတ်ဆင်ထားခဲ့ကြဟန်ရှိကြောင်း ပြောကြားခဲ့သည်။ သို့သော် တရားဝင်အတည်ပြုချက်ပေါ်ထွက်လာခြင်း မရှိသေးပေ။

ဂျလာလာဘတ်ရှိ Save the Children ရုံးချုပ်ကို ယနေ့နံနက်ခင်းတွင် တိုက်ခိုက်ခံလိုက်ရကြောင်း ကြားသိလိုက်ရပြီးနောက်တွင် သွေးပျက်တုန်လှုပ်ခဲ့ရကြောင်း၊ သေနတ်သမားများသည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း Save the Children အကူအညီပေးရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက အီးမေးလ်ဖြင့် ဖော်ပြခဲ့သည်။

အဓိက စိုးရိမ်ပူပန်နေသည်မှာ ရုံးဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုဖြစ်ပြီး အဖွဲ့မှ နောက်ထပ်သတင်းရရှိရန် စောင့်ဆိုင်းနေပြီး ယခုလက်ရှိအချိန်တွင် မည်သည့်မှတ်ချက်မျိုးမှ မပေးနိုင်သေးကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ပြည်နယ် ကျန်းမာရေးဌာန ဒါရိုက်တာက ဒဏ်ရာရရှိသူ ၁၁ ဦး ဆေးရုံသို့ ရောက်ရှိလာခဲ့ကြောင်း ပြောကြားခဲ့သည်။ တိုက်ခိုက်မှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ကို မသိရှိရသေးပေ။ **ရိုက်တာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အစိုးရယန္တရားရပ်ဆိုင်းမှုအား အဆုံးသတ်ရန် ယာယီအစားထိုး အသုံးစရိတ် ဥပဒေကြမ်းကို ကွန်ဂရက်အတည်ပြု

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

သုံးရက်ကြာဖြစ်ပွားခဲ့သော အမေရိကန် အစိုးရယန္တရားရပ်ဆိုင်းမှုအား အဆုံးသတ်ရန်အတွက် ယာယီအစားထိုး အသုံးစရိတ် ဥပဒေကြမ်းကို ကွန်ဂရက်က မကြာသေးမီတွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေကြမ်းကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ထံသို့ ပေးပို့လိုက်ပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်အောက်လွှတ်တော်က ပြည်ထောင်စုအစိုးရရုံးများ ပြန်လည်ဖွင့်လှစ်ရန် အဆိုကို ၂၆၆ မဲ- ၁၅၀ မဲဖြင့် မဲခွဲဆုံးဖြတ်ခဲ့ပြီး အတည်ပြုခဲ့ကြောင်း သိရသည်။

အထက်လွှတ်တော် (ဆီးနိတ်)က လိုအပ်သည်များကို ဥပဒေကြောင်းအရ လုပ်ဆောင်ခဲ့ပြီးနောက်တွင် လာမည့် ဖေဖော်ဝါရီ ၈ ရက်အထိ ငွေကြေးအသုံးပြုမှုကို သက်တမ်းတိုးရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

---

### အလာစကာ အရှေ့တောင်ပိုင်း၌ ၈ ဒသမ ၂ အဆင့်ရှိသည့် ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်

**ပေကျင်း ဇန်နဝါရီ ၂၄**

အလာစကာတောင်ပိုင်း ကိုဒီရက်မှ ၂၇၈ ကီလိုမီတာအကွာတွင် ပြင်းအား ၈ ဒသမ ၂ ရစ်ချ်တာစကေးရှိသည့် မြေငလျင်လှုပ်ခတ်မှုတစ်ခု အင်္ဂါနေ့ နံနက် ၉နာရီ ၃၁ မိနစ်တွင် လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိစစ်တမ်းကောက်ယူမှုအဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

ငလျင်ဗဟိုချက်မသည် အနက်အားဖြင့် ၁၀ကီလိုမီတာရှိပြီး မြောက်လတ္တီကျူ ၅၅ ဒသမ ၉၅၅ ဒီဂရီနှင့် အနောက်လောင်ဂျီကျူ ၁၄၉ ဒသမ ၂၂၇ ဒီဂရီခန့်တွင် လှုပ်ခတ်သွားခဲ့ကြောင်း ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အလာစကာရှိ နေရာအစိတ်အပိုင်းတချို့နှင့် ကနေဒါတို့တွင် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ရပြီး အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေတစ်ခုလုံးတွင် ဆူနာမီ အန္တရာယ်သတိထားစောင့်ကြည့်ရမည်ဖြစ်ကြောင်း အမေရိကန် ဆူနာမီသတိပေးစနစ်အဖွဲ့က ပြောကြားခဲ့သည်။

အလားတူ အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျာကာတာ၌ ပြင်းအား ၆ ဒသမ ၁ ရစ်ချ်စတာစကေးရှိသည့် ငလျင်တစ်ခု အင်္ဂါနေ့တွင် လှုပ်ခတ်သွားကြောင်း သိရသည်။

သို့သော် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း အာဏာပိုင်များထံမှ သိရသည်။

**ဆင်ဟွာ**

---

# တစ်ကိုယ်တည်း ဆက်လက်ရပ်တည်နိုင်ပါ့မလား - ကာတာ

**ခြူးစန္ဒီနွေး**

ကာတာနိုင်ငံရဲ့ ဘုရင်တစ်ပါးအနေနဲ့ သူ့အတွက် ပိုက်ဆံနဲ့ဝယ်လို့မရတဲ့အရာဆိုတာ မရှိသလောက်ရှားပါတယ်။ သူငယ်ငယ်တုန်းက မက်ခဲ့တဲ့အိပ်မက်ကတော့ ကမ္ဘာ့တင်းနစ်ချန်ပီယံ ဘောရစ်ဘက်ကာကဲ့သို့ပဲ အာရပ်ကမ္ဘာမှာ တင်းနစ်ချန်ပီယံတစ်ဦးဖြစ်လာဖို့ပါပဲ။

သူ့မိဘတွေကလည်း သူ့ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ကြပါတယ်။ ဘောရစ်ဘက်ကာကို ငှားရမ်းပြီး ကာတာမှာ သားဖြစ်သူကို တင်းနစ်သင်ပေးခဲ့ပါတယ်။ ငယ်ငယ်လေးကတည်းက အားကစားကို စိတ်ဝင်စားတဲ့ ကာတာဘုရင်ဟာ ၂၀၂၂ ခုနှစ်မှာ ကျင်းပမယ့် ကမ္ဘာ့ဖလားကို ကာတာမြေပေါ်မှာ ကျင်းပနိုင်အောင် ကြိုးစားနိုင်ခဲ့ပါတယ်။ ဘီလီယံ ၂၀၀ ခန့် ကုန်ကျမယ်လို့လည်း ခန့်မှန်းထားပါတယ်။

ဒီလိုမျိုး ချမ်းသာကြွယ်ဝတဲ့ ကာတာဘုရင်မှာလည်းငွေနဲ့ ဖြေရှင်းလို့မရတဲ့ အခက်အခဲတွေ ရှိပါတယ်။ အဲဒါကတော့ အာရပ်ကမ္ဘာရဲ့ ပစ်ပယ်မှုပါပဲ။ ဆော်ဒီအာရေဗျနဲ့ ယူအေအီးတို့အပါအဝင် အိမ်နီးချင်းဒေသတွင်း ခြောက်နိုင်ငံဟာ ဇွန်လကစလို့ ကာတာနိုင်ငံကို သံတမန်အဆက်အသွယ်အားလုံး ဖြတ်တောက်ထားပါတယ်။ အကြမ်းဖက်သမားတွေကို ငွေကြေးထောက်ပံ့လို့၊ အီရန်နိုင်ငံနဲ့ ဆက်ဆံလို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ ကာတာကို အထီးကျန်တစ်နိုင်ငံတည်းဖြစ်အောင် လုပ်လိုက်ကြပါတယ်။

သူတို့နိုင်ငံတွေမှာ ရောက်ရှိနေတဲ့ ကာတာနိုင်ငံသားတွေကိုလည်း နှင်ထုတ်ခဲ့ကြပါတယ်။ လူတွေတင် မကပါဘူး။ ကာတာနိုင်ငံပိုင် ကုလားအုတ်တွေကိုလည်း ဆော်ဒီကသူ့မြေမှာ အနေမခံပါဘူး။ နှင်ထုတ်ခဲ့ပါတယ်။ ကာတာဘုရင်ကတော့ သူ့နိုင်ငံအပေါ်စွပ်စွဲချက်တွေကို လက်မခံဘဲငြင်းဆိုထားပါတယ်။ ဒါဟာ မနာလိုမှုသက်သက်ပဲလို့ ပြောပါတယ်။

ကာတာနိုင်ငံဟာ ဘယ်လောက်တောင်ချမ်းသာသလဲဆိုရင် ၂၀၁၀ပြည့်နှစ်ကစလို့ ကမ္ဘာ့ရေနံဈေးကွက်ရဲ့ သုံးဆယ်ရာခိုင်နှုန်းကို ချုပ်ကိုင်ထားနိုင်ပါပြီ။ ကာတာနိုင်ငံသားတွေဟာ ဆိုရင်လည်း အလွန်ပဲ ချမ်းသာကြပါတယ်။ သူတို့ရဲ့ တစ်ဦးချင်းဝင်ငွေဟာဆိုရင် ကမ္ဘာမှာအများဆုံးဖြစ်ပြီး ဒေါ်လာ ၁၂၅၀၀၀ခန့်ရှိပါတယ်။ အဲဒီပမာဏဟာ အမေရိကန်နဲ့ ဆော်ဒီနိုင်ငံသားတွေရဲ့ဝင်ငွေထက်နှစ်ဆပိုများပါတယ်။

ကာတာနဲ့ အဓိကမတည့်တာကတော့ ဆော်ဒီဖြစ်ပါတယ်။ ကာတာဟာ သူတို့ရဲ့ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဖြုတ်ချဖို့အတွက် မီဒီယာတွေက တစ်ဆင့် သွေးထိုးလှုံ့ဆော်မှုတွေ လုပ်ခဲ့တယ်ဆိုပြီး ဆော်ဒီက အမြင်မကြည်ပါဘူး။ ၂၀၁၁ ခုနှစ်က ထကြွခဲ့တဲ့ အာဏာရှင်ဖြုတ်ချရေး လှုပ်ရှားမှုဖြစ်တဲ့ အာရပ်နွေဦးတော်လှန်ရေးမှာလည်း ကာတာနိုင်ငံရဲ့သွေးထိုးမှုတွေကြောင့်ဆိုပြီး ကျန်တဲ့အာရပ်နိုင်ငံတွေက မကျေနပ်ကြပါဘူး။



အယ်ဂျာဇီးယား သတင်းဌာနဟာ ကာတာနိုင်ငံပိုင်ဖြစ်ပြီး အာရပ်နွေဦးလှုပ်ရှားမှုမှာ ပရိသတ်တွေကို ကောင်းကောင်းဆွဲဆောင်နိုင်ခဲ့ပါတယ်။ အမှန်ဆိုရင်တော့ ကာတာနိုင်ငံဟာ ဆော်ဒီနိုင်ငံထက်ပိုပြီး နိုင်ငံသားတွေကို လွတ်လပ်ခွင့်ပေးတာ အမှန်ပါပဲ။ ဆော်ဒီနိုင်ငံက အမျိုးသမီးတွေဟာ ပြီးခဲ့တဲ့နှစ် ဇွန်လကမှစပြီး ကားမောင်းခွင့်ရခဲ့ပေမယ့် ကာတာနိုင်ငံက အမျိုးသမီးတွေ ကားမောင်းခွင့်ရနေတာတော့ အတော်လေးကြာနေပြီပဲ ဖြစ်တယ်။

ဆော်ဒီမှာ ရုပ်ရှင်ရုံတွေ၊ အရက်ဘားတွေထားရှိတာနဲ့ ပတ်သက်ပြီး တင်းထားပေမယ့် ကာတာမှာတော့ ရုပ်ရှင်ရုံတွေဆိုတာ မှိုလိုပေါက်နေပါတယ်။ ကာတာနိုင်ငံမှာခရစ်ယာန်တွေဟာလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပါတယ်။ ဒီတော့ ကာတာနိုင်ငံကအမျိုးသမီးတွေဟာ ပိုပြီး လွတ်လပ်တယ်လို့ ပြောရမလိုပါပဲ။

ဒါပေမယ့်လည်း လူ့အခွင့်အရေးအုပ်စုတွေပြောကြတာကတော့ ကာတာနိုင်ငံဟာ နိုင်ငံခြားအလုပ်သမားတွေအပေါ်မှာတော့ ဖိနှိပ်တယ်ဆိုပြီးစွပ်စွဲထားကြပါတယ်။ နိုင်ငံခြားအလုပ်သမားတွေဟာ ကာတာနိုင်ငံရဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာပဲ လုပ်ကိုင်ရပါတယ်။ ကာတာနိုင်ငံရဲ့အဆောက်အအုံ ၉၀ ရာခိုင်နှုန်းခန့်ကို နိုင်ငံခြားအလုပ်သမားတွေနဲ့ပဲ ဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း အခွင့်အရေးကတော့ အနည်းငယ်ပဲရတာလို့ ဆိုပါတယ်။ ကာတာဘုရင်ကတော့ သူ့နိုင်ငံဟာ ဒီမိုကရေစီအပြည့်အဝရှိတယ်လို့ ကြွေးကြော်ထားပါတယ်။ ဒါပေမယ့် ၂၀၁၂ ခုနှစ်မှာ ကာတာကဗျာဆရာဟာ တော်ဝင်မိသားစုကို စော်ကားတဲ့ ကဗျာရေးလို့ဆိုပြီး ထောင်ဒဏ်တစ်သက် ချမှတ်ခံခဲ့ရပါတယ်။

ကာတာနိုင်ငံမှာ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပမှာဖြစ်ပြီး အဲဒီအတွက် အခြေခံအဆောက်အအုံတွေ ဆောက်လုပ်ဖို့ရှိပါတယ်။ ကာတာနိုင်ငံမှာလည်း ရွှေ့ပြောင်းလုပ်သား ဆောက်လုပ်ရေးအလုပ်သမားတွေအပေါ် ဖိနှိပ်မှုတွေရှိနေတယ်ဆိုတဲ့သတင်းတွေကြောင့် အဆောက်အအုံတွေ တည်ဆောက်တဲ့နေရာမှာ အနှောင့်အယှက်အတားအဆီးတွေဖြစ်ပေါ်လို့ နေပါတယ်။

အာရပ်နိုင်ငံတွေရဲ့ ပစ်ပယ်မှုတွေကြားမှာ ကာတာနိုင်ငံဟာ ဘယ်လိုမျိုး ဆက်လက်ရှင်သန်နေမှာလဲ။ ကာတာမှာတော့ အရာအားလုံးဟာ ပုံမှန်ပါပဲ။ လူတွေဟာလည်း အပျော်မပျက် ဆက်လက်လှုပ်ရှားဆဲပါပဲ။ အမေရိကန်စစ်လေယာဉ်တွေလည်း အီရတ်နဲ့ဆီးရီးယားမှာရှိတဲ့ စစ်မြေပြင်ကိုသွားရောက်ဖို့ ကာတာနိုင်ငံအပေါ်ကနေ ပုံမှန်ပဲ ပျံသန်းနေကြပါတယ်။

ကာတာနိုင်ငံမှာဆိုရင် အမေရိကန်စစ်အခြေစိုက်စခန်းတွေရှိပြီး Aqua ပန်းခြံနားက အမေရိကန်လေတပ်စစ်အခြေစိုက်စခန်းမှာ အမေရိကန် စစ်မှုထမ်းပေါင်း တစ်ထောင်ခန့်ရှိပါတယ်။ ဒီအချက်ဟာလည်း ဘာကြောင့် ကာတာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေရဲ့ပစ်ပယ်မှုကို ကြံ့ကြံ့ခံနေနိုင်တာလဲဆိုတဲ့ အဓိကအချက်ထဲက တစ်ချက်အပါအဝင်ပါပဲ။ ယူအေအီးကတော့ ကာတာမှာရှိတဲ့ အမေရိကန်စစ်အခြေစိုက်စခန်းတွေ ပိတ်ပစ်ဖို့အရေး ကြိုးစားလို့နေပါတယ်။

Aqua အပန်းဖြေစခန်းမှာ အလုပ်လုပ်ကိုင်သူတွေဟာ ကာတာနိုင်ငံသားတွေ ရှားပါတယ်။ မန်နေဂျာအပါအဝင် အခြားသော ဝန်ထမ်းတွေဟာ နိုင်ငံခြားသားတွေပါပဲ။ အီဂျစ်၊ လက်ဘနွန်နဲ့ ကင်ညာနိုင်ငံသားတွေပဲ ဖြစ်တယ်။ ကာတာနိုင်ငံကို အခုလို တစ်နိုင်ငံတည်း ပစ်ပယ်မထားခင်ကဆိုရင် အဲဒီအပန်းဖြေစခန်းမှာ ဆော်ဒီက ခရီးသွားတွေ အပြည့်ပါပဲ။

ဘာလို့လဲဆိုရင် ဆော်ဒီကနေ ဒီအပန်းဖြေစခန်းကို လာမယ်ဆိုရင် ၂၅ မိနစ်ပဲ မောင်းရပါတယ်။ အခုအခါမှာတော့ ခရီးသွားထက်ဝက်နီးပါး လျော့ကျသွားပါတယ်။ ဒိုဟာမြို့က ဟိုတယ်တွေမှာလည်း အခန်းလွတ်တွေ ဖြစ်ကုန်ပါတယ်။

ကာတာကို အိမ်နီးချင်းနိုင်ငံတွေက ပိတ်ပင်လိုက်တာဟာ ကာတာနိုင်ငံအတွက် ထိခိုက်နစ်နာမှုတွေ ရှိပါတယ်။ ကုန်းလမ်းကလာလို့ရတဲ့ တစ်ခုတည်းသော ဝင်ပေါက်ကိုလည်း ပိတ်ထား၊ သင်္ဘောဆိပ်တွေကလည်း ဖြတ်သန်းလာလို့မရ၊ လေကြောင်းလမ်းကလည်း အပိတ်ခံထားရတော့ ပြည်ပက ကုန်ပစ္စည်းတွေ တင်သွင်းတဲ့အခါ အထိနာပါတယ်။ ကုန်ကျသင့်တာထက် ပိုမိုကုန်ကျလာပါတယ်။ စတော့ရှယ်ယာဈေးတွေလည်း ယမန်နှစ်ကနဲ့ စာရင်ကျဆင်းလာတယ်။

နိုင်ငံခြား အလုပ်သမားတွေဟာ ဒိုဟာမြို့ကိုလာပြီး မလည်ပတ်နိုင်တော့ပါဘူး။ အဲဒါတွေကတော့ အထိနာတဲ့အပိုင်းတွေပဲ ဖြစ်တယ်။ နှစ်နိုင်ငံနယ်စပ်တွေမှာ နေထိုင်ကြတဲ့ ဆွေမျိုးတွေဟာလည်း ခရီးသွားခွင့်တွေ ပိတ်ပင်ထားတော့ တွေ့လို့မရဘူး ဖြစ်နေတယ်။

အဲဒီ အချက်တွေကလွဲရင် ကာတာနိုင်ငံသားတွေရဲ့ နေ့စဉ်ဘဝကတော့ ပြောင်းလဲသွားတာ သိပ်မရှိပါဘူး။ ပြည်သူတွေဟာ အသွားအလာမပျက်၊ အလုပ်အကိုင် မပျက်၊ ဇိမ်ခံမပျက် ရှိနေကြဆဲပါပဲ။

ကုန်သွယ်ရေးမှာ ဆိုရင်တော့ တခြားအိမ်နီးချင်းတွေက ဝိုင်းဝန်းပိတ်ဆို့ထားတော့ အီရန်နိုင်ငံနဲ့ ပိုပြီးနီးစပ်သွားတယ်။ ဆော်ဒီက နို့နဲ့နို့ထွက်ပစ္စည်းတွေ ကာတာနိုင်ငံအတွင်း တင်သွင်းလို့မရတော့ ဥရောပ၊ ကယ်လီဖိုးနီးယားနဲ့ ဩစတြေးလျက ကျွဲ၊ နွားတွေ ကာတာနိုင်ငံကို တင်သွင်းခဲ့တယ်။ ကာတာက ပိတ်ထားတဲ့ လမ်းတွေအားလုံးကို ဖွင့်လိုက်ချင်ပေမယ့် ဆော်ဒီကတော့ အားလုံးကို လိုက်လံပိတ်ပင်နေတယ်လို့ ကာတာဘက်က ပြောပါတယ်။

ဒီတော့ လက်ရှိအခြေအနေမှာ ကာတာဟာ အိမ်နီးချင်းနိုင်ငံတွေက သူ့ကို ပစ်ပယ်ထားပေမယ့် အရေးမစိုက်ဘဲ နေလို့ရပါသေးတယ်။ ဘာမှ ဆိုးဆိုးရွားရွားကြီး ထိခိုက်သွားတာမျိုး မရှိသေးပါဘူး။ အရှိန်မပျက် ဆက်လိမ့်လို့ရပါသေးတယ်။ ဒါပေမယ့် ရေရှည်မှာကော ဒီလိုပဲ ဆက်နေလို့ ဖြစ်ပါ့မလား။ အာရပ်ကမ္ဘာမှာ တစ်နိုင်ငံတည်း ရပ်တည်လို့ အဆင်ပြေပါ့မလား။ ။

**“အာရပ်နိုင်ငံတွေရဲ့ ပစ်ပယ်မှုတွေကြားမှာ ကာတာနိုင်ငံဟာ ဘယ်လိုမျိုး ဆက်လက်ရှင်သန်နေမှာလဲ။ ကာတာမှာတော့ အရာအားလုံးဟာ ပုံမှန်ပါပဲ။ လူတွေဟာလည်း အပျော်မပျက် ဆက်လက်လှုပ်ရှားဆဲပါပဲ။ အမေရိကန်စစ်လေယာဉ်တွေလည်း အီရတ်နဲ့ ဆီးရီးယားမှာရှိတဲ့ စစ်မြေပြင်ကိုသွားရောက်ဖို့ ကာတာနိုင်ငံအပေါ်ကနေ ပုံမှန်ပဲ ပျံသန်းနေကြ”**

**ကိုးကား-**
**နယူးယောက်တိုင်းမ်**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) တစ်ဦးတစ်ယောက်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များအား ဆန့်ကျင်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်မည်ဟုထင်မြင်လျှင်ထိုသူသည် သက်သာခွင့်ရရှိရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တင်ပြလျှောက်ထားလာလျှင်၊ တရားရုံးသည် တရားစွဲဆို ဆောင်ရွက်မှုကိုပြုလုပ်သကဲ့သို့ ပုဒ်မခွဲ (က) အရ သက်သာခွင့်ကို ပေးအပ်နိုင်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်သာခွင့် ပေးအပ်နိုင်သည့် တရားရုံး၏ အခြားသော အခွင့်အာဏာများကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေရ။

**အပိုင်း(၈)**

**အထွေထွေ**

**အခန်း(၃၁)**

**အထွေထွေ ပြဋ္ဌာန်းချက်များ**

**စည်းမျဉ်းများ၊ နည်းဥပဒေများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို ထုတ်ဝေနိုင်သည့် အခွင့်အာဏာ**

၄၆၂။ (က) ဤဥပဒေအရဖြစ်စေ၊ အခြားသော သက်ဆိုင်ရာဥပဒေအရဖြစ်စေ ရရှိထားသည့် အခွင့်အာဏာ သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ -

(၁) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအားအကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာဆောင်ရွက်နိုင်စေရန်အတွက် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ ၎င်းအပြင်

(၂) မှတ်ပုံတင်အရာရှိသည် ဤဥပဒေအားအကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အတည်ပြုဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာဆောင်ရွက်နိုင်သောအမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဇယားများနှင့် ပုံစံများကိုထုတ်ပြန်နိုင်သည်။

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များ၏ အကြံပြုတင်ပြချက်များကို ကြိုတင်ရယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရပြုလုပ်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအားလုံးကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ထိုသို့ဖော်ပြပြီးသည့်အခါ ဤဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပြီးဖြစ်သကဲ့သို့ အကျိုးသက်ရောက်စေရမည်။

**အထူးတရားရုံးများ၊ ခုံရုံးများ၊ ကော်မရှင်များ သို့မဟုတ် ကော်မတီများဖွဲ့စည်းတည်ထောင်ခြင်း**

၄၆၃။ (က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအား အကောင်အထည်ဖော် စီမံဆောင်ရွက်ရန်အတွက် အထောက်အကူဖြစ်စေမည့် ခုံရုံးများ သို့မဟုတ် ကော်မရှင်များ သို့မဟုတ် ကော်မတီများကို ဖွဲ့စည်းတည်ထောင်နိုင်ရန်အလို့ငှာ လိုအပ်သောစည်းမျဉ်းဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ အဆိုပါ စည်းမျဉ်းဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိစေရ။ သို့ရာတွင် အောက်ပါတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကိုထည့်သွင်းဖော်ပြနိုင်သည်-

(၁) ခုံရုံး သို့မဟုတ် ကော်မရှင် သို့မဟုတ် ကော်မတီတို့ကထုတ်ပြန်နိုင်သော အမိန့်များအပါအဝင် ခုံရုံး သို့မဟုတ် ကော်မရှင်တို့၏ အခွင့်အာဏာများ၊ တာဝန်များ၊ လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများ၊ အဆိုပါ ဆောင်ရွက်မှုများသည် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရတရားရုံးသို့ အပ်နှင်းထားသည့်အခွင့်အာဏာများ၊ တာဝန်များနှင့် လုပ်ငန်းများထက်ကျော်လွန်ခြင်း မရှိစေရ၊

(၂) ခုံရုံး သို့မဟုတ် ကော်မရှင် သို့မဟုတ် ကော်မတီများ၏ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အထွေထွေ သို့မဟုတ် အထူးကိစ္စရပ်များနှင့် ခုံရုံးသို့မဟုတ် ကော်မရှင်၏ဆုံးဖြတ်ချက်များကို ပြင်ဆင်မှုသို့မဟုတ် အယူခံမှုများ တင်သွင်းဆောင်ရွက်ခြင်းအတွက် လုပ်ငန်းစဉ်များ၊

(၃) ခုံရုံး သို့မဟုတ် ကော်မရှင် သို့မဟုတ် ကော်မတီအဖွဲ့ဝင်များ၏ အရေအတွက်နှင့် ၎င်းတို့၏ အရည်အချင်းသတ်မှတ်ချက်များ၊

(၄) ခုံရုံး သို့မဟုတ် ကော်မရှင် သို့မဟုတ် ကော်မတီအဖွဲ့ဝင်များကို ခန့်အပ်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းနှင့် ၎င်းတို့၏ လစ်လပ်သောနေရာများကို အစားထိုးခန့်ထားခြင်းများနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊

(၅) ခုံရုံးသို့မဟုတ် ကော်မရှင် သို့မဟုတ် ကော်မတီ၏အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းများနှင့် စပ်လျဉ်းသည့် အလုပ်ခန့်အပ်မှုဆိုင်ရာစည်းကမ်းချက်များ၊

(၆) ယာယီဖွဲ့စည်းတည်ထောင်သောသို့မဟုတ် အမြဲတမ်းဖွဲ့စည်းတည်ထောင်သော သို့မဟုတ် အထူးကိစ္စရပ်အတွက် ဖွဲ့စည်းတည်ထောင်သော ခုံရုံး သို့မဟုတ် ကော်မရှင်များ သို့မဟုတ် ကော်မတီများ အပါအဝင် ခုံရုံး သို့မဟုတ် ကော်မရှင် သို့မဟုတ် ကော်မတီ၏သက်တမ်းနှင့်

(၇) ခုံရုံး သို့မဟုတ် ကော်မရှင် သို့မဟုတ် ကော်မတီ၏ ဘဏ္ဍာငွေကိစ္စနှင့် ခုံရုံး သို့မဟုတ် ကော်မရှင် သို့မဟုတ် ကော်မတီကအခကြေးငွေ၊ ဒဏ်ငွေ သို့မဟုတ် ပြစ်ဒဏ်များကိုသတ်မှတ်ခြင်းနှင့် အခကြေးငွေများကိုကောက်ခံခြင်းများအတွက် ဆောင်ရွက်နိုင်မှုများ။

(ခ) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူပြီး ဤဥပဒေကိုအကောင်အထည်ဖော် စီမံဆောင်ရွက်ရန် အထောက်အကူ ဖြစ်စေမည့် အထူးတရားရုံးတည်ထောင်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ အဆိုပြုတင်ပြနိုင်သည်။

**နိုင်ငံခြားကုမ္ပဏီနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်**

၄၆၄။ နိုင်ငံခြားကုမ္ပဏီများနှင့် စပ်လျဉ်းသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေရ။

**အခန်း (၃၂)**

**အကျိုးသက်ရောက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကူးပြောင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ**

**ယခင်ဥပဒေနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ**

၄၆၅။ (က) ယခင်ဥပဒေနှင့် ယင်းဥပဒေတွင် ပါဝင်သော နောက်ဆက်တွဲဇယားများသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ပယ်ဖျက်ပြီးဖြစ်စေရမည်။

(ခ) ယခင်ဥပဒေအား ပယ်ဖျက်ပြီးနောက်ပိုင်းတွင် ထိုဥပဒေအရ ဆောင်ရွက်ပြီးသည့် ကိစ္စရပ်များ သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များသည် ဤအခန်းနှင့်အညီလည်းကောင်း၊ ယင်း၏ထပ်မံပြဋ္ဌာန်းချက်များအရလည်းကောင်း ဤဥပဒေအရဆောင်ရွက်ပြီး သို့မဟုတ် ဆောင်ရွက်ဆဲကိစ္စရပ်များဖြစ်သည်ဟု သတ်မှတ်ရမည်။

**ကုမ္ပဏီ ဖျက်သိမ်းခြင်းအတွက် တရားစွဲဆိုဆောင်ရွက်ခြင်းအား ဆိုင်းငံ့ထားခြင်း၏ အကျိုးသက်ရောက်မှု**

၄၆၆။ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေ စတင်အာဏာတည်သည့် နေ့ရက်မတိုင်မီက စတင်ပြုလုပ်နေခဲ့သည့် ကုမ္ပဏီဖျက်သိမ်းခြင်းကို ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုခုနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့သော် ထိုကုမ္ပဏီ အားလုံးသည် ဤဥပဒေအား ပြဋ္ဌာန်းထားခြင်းမရှိသကဲ့သို့ ယခင်အလားတူ ကိစ္စရပ်များအတိုင်း အလားတူနည်းလမ်းများဖြင့် ဖျက်သိမ်းဆောင်ရွက်ရမည်။

**စာရွက်စာတမ်းများ၏ အကျိုးသက်ရောက်မှု**

၄၆၇။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်မတိုင်မီက ဤဥပဒေဖြင့် ပယ်ဖျက်လိုက်သည့် ဥပဒေတစ်ရပ်ရပ်နှင့်အညီ ပြုလုပ်ထားသော လွှဲပြောင်းထားသည့် စာရွက်စာတမ်းများ သို့မဟုတ် အခြားစာရွက်စာတမ်းများအားလုံးသည် ဤဥပဒေအား ပြဋ္ဌာန်းထားခြင်း မရှိသကဲ့သို့ ယခင်အတိုင်း အကျိုးသက်ရောက်စေရမည်ဖြစ်ပြီး အဆိုပါစာရွက်စာတမ်းများပါ ကိစ္စရပ်များအတွက် ပယ်ဖျက်လိုက်သော ဥပဒေသည်ဆက်လက်အကျိုး သက်ရောက်နေသကဲ့သို့ မှတ်ယူရမည်။

**မှတ်ပုံတင်ထားခြင်းနှင့်စပ်လျဉ်းသည့် ယခင်က ရုံးခန်းများ၊ မှတ်ပုံတင်စာရင်းများနှင့် မှတ်ပုံတင် အရာရှိများသည် ဆက်လက်အကျိုးသက်ရောက်ခြင်း**

၄၆၈။ (က) ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်တွင် တည်ရှိဆဲကုမ္ပဏီ မှတ်ပုံတင်ရုံးများသည် ဤဥပဒေအရ တည်ထောင်ထားခြင်းဖြစ်သကဲ့သို့ ဆက်လက် ဆောင်ရွက်ရမည်။

(ခ) အဆိုပါ တည်ရှိဆဲရုံးများတွင် ထိန်းသိမ်းထားရှိသည့် မှတ်ပုံတင်စာရင်းများသည် ဤဥပဒေအရ ထိန်းသိမ်းထားရှိရမည့် ကုမ္ပဏီများအတွက် မှတ်ပုံတင် စာရင်းများ၏ အစိတ်အပိုင်းများကဲ့သို့ အသီးသီးမှတ်ယူရမည်။

(ဂ) လက်ရှိမှတ်ပုံတင်အရာရှိနှင့် ထိုမှတ်ပုံတင်ရုံးများရှိ အရာရှိများသည် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။ သို့သော် ၎င်းတို့၏ တာဝန်များ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၏ စည်းမျဉ်းများကို လိုက်နာရမည်။

**တည်ဆဲ မှတ်ပုံတင်ထားသည့် ကုမ္ပဏီများသည် ဆက်လက်မှတ်ပုံတင်ခြင်း**

၄၆၉။ (က) ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ဃ)နှင့်အညီ ကုမ္ပဏီတစ်ခုခု သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခုသည် ယခင်ဥပဒေအရ မှတ်ပုံတင်ထားခဲ့ပြီး ထိုသို့ မှတ်ပုံတင်ထားခြင်းသည် ဤဥပဒေ စတင်အာဏာတည်သည်နှင့် တစ်ပြိုင်နက် ဆက်လက်အကျိုးသက်ရောက်နေလျှင် ထိုကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏မှတ်ပုံတင်ခြင်းသည် ဤဥပဒေ၏ အပိုင်း(၂)တို့ အရ သက်ဆိုင်သည့် အမျိုးအစားအလိုက်ဖြစ်သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကို မှတ်ပုံတင်ခြင်းဖြစ်သကဲ့သို့ စတင်သည့်အချိန်မှစ၍ အကျိုးသက်ရောက်စေရမည်။

(ခ) ပုဒ်မခွဲ (က) နှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် ကူးပြောင်းကာလအတွင်း နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦးကို ဒါရိုက်တာတစ်ဦး အဖြစ် ခန့်အပ်ရမည်။

(ဂ) ပုဒ်မခွဲ(က)နှင့် သက်ဆိုင်သော ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ကူးပြောင်းကာလအတွင်း အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိတစ်ဦးကို ခန့်အပ်ရမည်။

**လျှောက်ထားမှုများကို ဆက်လက်ဆောင်ရွက်ရခြင်း**

၄၇၀။ (က) ယခင်ဥပဒေအရ ပြုလုပ်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်အား မှတ်ပုံတင်ခြင်းအတွက် လျှောက်ထားမှုသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ ပြီးပြတ်ခြင်းမရှိသေးပါက လျှောက်ထားသူက ပြန်လည်ရုပ်သိမ်းခြင်းမပြုလျှင် ဤဥပဒေအရ ပြုလုပ်သော လျှောက်ထားမှုတစ်ရပ်အဖြစ် သတ်မှတ်ရမည်။

(ခ) ဤဥပဒေအရ လျှောက်ထားမှုနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံစေရန်အတွက် ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြထားသော လျှောက်လွှာတင်ခြင်းကို ပြင်ဆင်ရန်အတွက် လျှောက်ထားသူက တောင်းခံတင်ပြနိုင်သည် သို့မဟုတ် မှတ်ပုံတင်အရာရှိက ဆောင်ရွက်စေနိုင်သည်။

**တည်ဆဲစည်းမျဉ်းများအချို့ကို ပယ်ဖျက်ခြင်းနှင့်အခြားသော စည်းမျဉ်းများ ဆက်လက် အကျိုးသက်ရောက်ခြင်း**

၄၇၁။ (က) ဤဥပဒေ စတင်အာဏာတည်သည့်အခါတွင် ၁၉၄၀ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ နည်းဥပဒေ ၈ မှ ၃၀ အထိ အားလုံးအပါအဝင်နှင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၏နောက်ဆက်တွဲ ပုံစံများမှပုံစံ ၁ မှ ၉ အထိ အားလုံးအပါအဝင်တို့သည် ပျက်ပြယ်စေရမည်။

(ခ) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများစည်းမျဉ်းသည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ပျက်ပြယ်ပြီးဖြစ်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များမှအပ လိုက်နာလျက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တူညီပြီး ဤဥပဒေစတင်အာဏာတည်သည့်နေ့မတိုင်မီ နေ့ရက်အထိ အာဏာသက်ဝင်၍ အသုံးပြုလျက်ရှိသော ယခင်ဥပဒေပါ တူညီသော ပြဋ္ဌာန်းချက်များအတွက် ပြုလုပ်ထားသော စည်းမျဉ်းများသည် သက်ဆိုင်သမျှ ဤဥပဒေ စတင်အာဏာတည်သည့်နောက်ပိုင်းလိုအပ်သော ပြင်ဆင်ချက်များနှင့်အတူ အောက်ပါအတိုင်း ဆက်လက်အကျိုးသက်ရောက်စေရမည်-

(၁) ထိုစည်းမျဉ်းများသည် ပုဒ်မ ၄၇၅ အရ အကျိုးသက်ရောက်သည့် စည်းမျဉ်းများ ဖြစ်သည်။

(၂) ထိုစည်းမျဉ်းများသည် ဤဥပဒေပါ တူညီသောပြဋ္ဌာန်းချက်များ၏ ကိစ္စရပ်များအတွက် ပြုလုပ်ထားခြင်းဖြစ်သည်။

**သက်ဆိုင်ရာပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ထားသည့်ကိစ္စရပ်များသည် ဆက်လက်အကျိုးသက်ရောက်ခြင်း**

၄၇၂။ ဤအခန်းပါ အခြားပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ အကြောင်းကိစ္စတစ်ရပ်ရပ်သည်-

(က) ဤဥပဒေ စတင်အာဏာတည်ခြင်း မရှိမီက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်တူညီသော ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်လျှင်၊

(ခ) အဆိုပါ ပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ ယခင်ဥပဒေပါ ကိစ္စရပ်များအတွက်အလို့ငှာ ဆက်လက်ဆောင်ရွက်နေလျှင်၊ ထိုအကြောင်းကိစ္စများသည် ဤဥပဒေ၏တူညီသော ပြဋ္ဌာန်းချက်အရ သို့မဟုတ် အဆိုပါ ပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ဤဥပဒေ စတင်အာဏာတည်ပြီးနောက် အကျိုးသက်ရောက်စေရမည် သို့မဟုတ် သက်ဆိုင်စေရမည်။

**ရရှိထားသော အခွင့်အရေးများကို ဆက်လက်ခံစားခွင့်ရှိခြင်း**

၄၇၃။ ဤအခန်းပါ အခြားသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဤဥပဒေ စတင်အာဏာတည်ခြင်း မရှိမီက တစ်ဦးတစ်ယောက်က ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် တူညီသော တရားရုံး၏ အမိန့်အရ ရရှိသည့်ကိစ္စရပ်မှအပ ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှု တစ်ရပ်ရပ်ကို ရရှိထားလျှင် အဆိုပါအခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုသည် ဤဥပဒေပါတူညီသော ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ထိုပြဋ္ဌာန်းချက်သည်အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုကို ဖြစ်ပေါ်စေသော အပြုအမူ သို့မဟုတ် အခြေအနေများနှင့် သက်ဆိုင်သကဲ့သို့ ဆက်လက်တည်ရှိသည်ဟု မှတ်ယူရမည်။

**စာရွက်စာတမ်းများတွင် ယခင်ဥပဒေကို ရည်ညွှန်းဖော်ပြချက်များအကြောင်း**

၄၇၄။ (က) ပုဒ်မခွဲ (ခ) နှင့်အညီ ယခင်ဥပဒေပါပြဋ္ဌာန်းချက် သို့မဟုတ် စည်းကမ်းချက်ကို သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် စည်းကမ်းချက် တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ရည်ညွှန်းဖော်ပြချက် တစ်ရပ်ရပ်သည် ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ဤဥပဒေကို ရည်ညွှန်းဖော်ပြသည် သို့မဟုတ် ဤဥပဒေပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက် သို့မဟုတ် စည်းကမ်းချက်ကို ရည်ညွှန်းဖော်ပြသည်ဟု သတ်မှတ်ရမည်။

(ခ) ဤဥပဒေအရပြုလုပ်သည့် စည်းမျဉ်းများတွင် ပုဒ်မခွဲ (က) သည် သတ်မှတ်ဖော်ပြထားသည့် သက်ဆိုင်ရာဥပဒေများတွင် သက်မှတ်ဖော်ပြပါရှိသည့် ရည်ညွှန်း ဖော်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ခြင်း မရှိစေရဟု ဖော်ပြရမည်။

**ကူးပြောင်းခြင်းဆိုင်ရာ စည်းမျဉ်းများ ပြုလုပ်ခြင်း**

၄၇၅။ (က) ဤဥပဒေအရ ပြုလုပ်သည့် စည်းမျဉ်းများသည် ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများမှ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်မှုများအဖြစ်သို့ ကူးပြောင်းခြင်းနှင့် စပ်လျဉ်းသော အကျိုးသက်ရောက်မှုများ သို့မဟုတ် ကူးပြောင်းမှု အခြေအနေဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သည်။ ထိုစည်းမျဉ်းများသည် ဤအခန်းတွင် အခြားနည်းဖော်ပြထားစေကာမူ အကျိုးသက်ရောက်မှုရှိစေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ထိုစည်းမျဉ်းများသည် အောက်ပါနည်းလမ်းတစ်ရပ်ရပ်တွင် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ သက်ဆိုင်သည့်အကြောင်းကိစ္စအတွက် ဖော်ပြနိုင်သည် -

(၁) ထိုအကြောင်းကိစ္စအပေါ် ပြင်ဆင်ချက်ဖြင့်ဖြစ်စေ၊ ပြင်ဆင်ချက်မပြုဘဲဖြစ်စေအောက်ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်-

(ကက) ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်အထိ သို့မဟုတ် စောရာအချိန်ကာလတစ်ရပ်အထိ အကျိုးသက်ရောက်မှု ရှိသည့် ယခင်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ်

(ခခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သို့မဟုတ်

(ဂဂ) ပုဒ်မခွဲငယ်စိတ် (ကက) နှင့် (ခခ)တို့တွင်ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို ပေါင်းစပ်၍လည်းကောင်း၊

(၂) ထိုအကြောင်းကိစ္စနှင့် သက်ဆိုင်သော အခြားနည်းဖြင့် သတ်မှတ်ထားသည့် နည်းဥပဒေများအရလည်းကောင်း၊

(၃) ဤဥပဒေပါ ကိစ္စရပ်များအတွက် ထိုအကြောင်းကိစ္စနှင့် အကျိုးဆက်များ သို့မဟုတ် ထိုအကြောင်းကိစ္စ၏ရလဒ်ကို သတ်မှတ်ဖော်ပြခြင်းဖြင့် လည်းကောင်း။

(ဂ) စည်းမျဉ်းများတွင် ဤအခန်းပါ အချို့သော ပြဋ္ဌာန်းချက်များသည် စည်းမျဉ်းများတွင် ဖော်ပြထားသည့်အတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း ဖော်ပြနိုင်သည်။ အဆိုပါပြဋ္ဌာန်းချက်များသည် ထိုသို့ပြင်ဆင်ထားသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

**စီမံအုပ်ချုပ်သောကိုယ်စားလှယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုအားရပ်စဲခြင်း**

၄၇၆။ (က) ဤဥပဒေစတင်အာဏာတည်ပြီးနောက် ကုမ္ပဏီတစ်ခုသည် စီမံအုပ်ချုပ်သောကိုယ်စားလှယ်ကိုထပ်မံခန့်အပ်ခြင်း မပြုရ။ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်နှင့်အညီစီမံအုပ်ချုပ်သောကိုယ်စားလှယ်ခန့်အပ်မည့် အစီအစဉ်တစ်ရပ်ရပ်သည် ဤဥပဒေစတင်အာဏာတည်သည့်နေ့တွင် ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည့်အပြင် အဆိုပါ စီမံအုပ်ချုပ်သောကိုယ်စားလှယ်ကို ထိုနေ့မှစ၍ ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးအဖြစ် မှတ်ယူရမည်။

(ခ) ဤဥပဒေစတင်အာဏာတည်သည့်အချိန်တွင် စီမံအုပ်ချုပ်သောကိုယ်စားလှယ်တစ်ဦးရှိသည့် ကုမ္ပဏီတစ်ခုခုသို့မဟုတ် အဆိုပါစီမံအုပ်ချုပ်သောကိုယ်စားလှယ်တစ်ဦးဦးသည် ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြ၍ စီမံအုပ်ချုပ်သောကိုယ်စားလှယ်ဖြင့် ဆောင်ရွက်မှုကိုကူးပြောင်းကာလကုန်ဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် ပုဒ်မခွဲ (က) မှ ယာယီကင်းလွတ်ခွင့်အတွက် လျှောက်ထားနိုင်သည်။ လျှောက်ထားမှုကိုဤဥပဒေစတင် အာဏာတည်သည့်နေ့မှ ၂၈ ရက်အတွင်းပြုလုပ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လျှောက်ထားလာသည့်အခါ ပြည်ထောင်စုဝန်ကြီးသည် ၎င်းကသင့်သည်ထင်မြင်သည့်အတိုင်းကုမ္ပဏီ၏ အကောင်းဆုံးအကျိုးခံစားခွင့်အတွက် ထိုသို့ ဆောင်ရွက်ရန်ဆုံးဖြတ်နိုင်သည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့် စီမံအုပ်ချုပ်သောကိုယ်စားလှယ်ကိုမျှ လျော်ကြေးပေးခြင်းမရှိစေရ။ သို့ရာတွင် ဤဥပဒေစတင်အာဏာတည်သည့်နေ့တွင် စီမံအုပ်ချုပ်သောကိုယ်စားလှယ်သို့ ပေးရန်ကျန်ရှိသည့် ငွေကြေးများကိုဆက်လက်ပေးချေစေရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# စာရင်းအင်းဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၃၈။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမျှ သုတေသနလုပ်ငန်းအတွက်ဖြစ်စေ၊ စစ်တမ်းအတွက်ဖြစ်စေ မေးမြန်းရရှိသည့် အသေးစိတ်အချက်အလက်များကိုသော်လည်းကောင်း၊ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကိုသော်လည်းကောင်း ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

၃၉။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားစွဲဆိုဆောင်ရွက်သည့်ကိစ္စရပ်မှအပ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်တစ်စုံတစ်ရာကို စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် မည်သူ့ကိုမျှ ကြည့်ရှုရယူလွှဲပြောင်း သုံးစွဲခွင့် မပြုရ။

၄၀။ မည်သူမျှ -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ယူစုဆောင်းသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပေးအပ်ရန် ငြင်းဆိုခြင်း သို့မဟုတ် ပျက်ကွက်ခြင်း မပြုရ။

(ခ) မှန်ကန်ခြင်းမရှိသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော်လည်းကောင်း မမှန်ကန်သော အကြောင်းအရာ သို့မဟုတ် စာရင်းအင်းအချက်အလက်များကို ပေးအပ်ခြင်းမပြုရ။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းဆိုင်ရာအချက်အလက်များ ကောက်ယူ စုဆောင်းခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။

၄၁။ မည်သူမျှ မူလစာရင်းအင်းအချက်အလက်ကိုဖြစ်စေ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်ကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းမပြုရ။

**အခန်း(၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၄၂။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၄၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၃။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှဝန်ထမ်းများ သို့မဟုတ် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၈ နှင့်ပုဒ်မ ၃၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆိုပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ် ၁၀ သိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

(ခ) စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ် သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၄၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဆက်လက်ကျူးလွန်နေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပြစ်မှုကျူးလွန်သည့် ပထမနေ့ရက်မှအပ ဆက်လက်ကျူးလွန်သည့်နေ့ရက်များအတွက် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါကတစ်ရက်လျှင် ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက တစ်ရက်လျှင် ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း ချမှတ်ရမည့်အပြင် မမှန်သော အကြောင်းအချက်များ သို့မဟုတ် မမှန်သောစာရင်းများ သို့မဟုတ် မမှန်သော အဖြေများနှင့် သက်ဆိုင်သည့်ပြစ်မှုကို မှန်သောအကြောင်းပြချက် သို့မဟုတ် မှန်သောစာရင်း သို့မဟုတ် မှန်သောအဖြေပေးအပ်သည့်နေ့တိုင်အောင် ဆက်လက်ကျူးလွန်နေသည်ဟု မှတ်ယူရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၃၅ မှ ပုဒ်မ ၄၁ အထိပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင်အားပေးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သက်ဆိုင်ရာပြစ်မှုအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ လည်းကောင်း သဘောရိုးဖြင့် ဆောင်ရွက်သည့် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မည်သူ့ကိုမျှ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မပြုရ။

**အခန်း(၁၂)**

**အထွေထွေ**

၄၈။ ဤဥပဒေ စတင်အာဏာသက်ရောက်သည့် နေ့မှစ၍ တစ်နှစ်အထိအချိန်ကာလကို ပညာပေးကာလဟု သတ်မှတ်၍ ၎င်းကာလကျော်လွန်လျှင် တားမြစ်ချက်များ ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ ချမှတ်ရမည်။

၄၉။ ဤဥပဒေအရ စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးအပ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ -

(က) အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင် ယင်းအသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း၏ ဦးဆောင်အဖွဲ့အကြီးအမှူးတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ခ) စီးပွားရေးလုပ်ငန်းဖြစ်လျှင် ယင်းစီးပွားရေးလုပ်ငန်းရှင်တွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ဂ) ကုမ္ပဏီဖြစ်လျှင် ယင်းကုမ္ပဏီကို ဦးဆောင်သည့် ဒါရိုက်တာတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။

(ဃ) အသင်းအဖွဲ့၊ အဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီတွင် ဤဥပဒေပါ စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆောင်ရွက်ရန် တာဝန်ကို ၎င်းတို့၏ကိုယ်စား တစ်ဦးတစ်ယောက်အား လွှဲအပ်ထားကြောင်း စာရင်းအင်းဆိုင်ရာအကြီးအမှူးထံ သတ်မှတ်ချက်နှင့်အညီ အမည်စာရင်း တင်သွင်းပေးပို့ထားရမည်။ အမည်စာရင်း ပြောင်းလဲလိုပါက စာရင်းအင်းဆိုင်ရာ အကြီးအမှူးထံသို့ စာဖြင့်ပေးပို့ရမည်။

၅၀။ မည်သူမဆို စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ထောက်ပြအကြံပြုချက်များကို စာရင်းအင်းဆိုင်ရာအကြီးအမှူးထံသို့ ပေးပို့နိုင်သည်။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည်လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြရမည်။

၅၁။ စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့် အညီသာ ဆောင်ရွက်ရမည်။

၅၂။ ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပုဒ်မ ၄၃ အရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်သူများသည် တာဝန်ထမ်းဆောင်သည့် ကာလအတွင်း ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနနှင့်ဗဟိုစာရင်းအင်းအဖွဲ့သည်-

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေများ၊ စရိတ်များအပါအဝင် ဗဟိုကော်မတီ၏ ကုန်ကျစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကျခံရမည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၆။ ၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေ (အက်ဥပဒေအမှတ်၃၄/၁၉၅၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



## လူစုလူဝေးအား စနစ်တကျ စီမံခန့်ခွဲခြင်း သင်တန်းဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် လူစုလူဝေးအား စနစ်တကျစီမံခန့်ခွဲခြင်း (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ရာမညဇာနည်ခန်းမ၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး တက်ရောက်၍ သင်တန်းဖွင့် မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရေး ကွင်းဆင်းလျာထား

**ညောင်ဦး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင်လုပ်ငန်း ရေသောက် ဧရိယာတွင် ၂၀၁၇-၂၀၁၈ နွေစပါးနှင့်အခြား နွေသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ကေများ ကွင်းဆင်းလျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ခုနှစ်နွေစပါးနှင့် အခြားနွေသီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ငါ့သရောက် မြစ်ရေတင် တာဝန်ခံဦးစီးအရာရှိ ဦးအောင်အောင်၊ ညောင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိဒေါ်ခင်ဌေးရီနှင့် ကွင်းဝန်ထမ်းများ၊ လက်ပန်ခြေပေါ် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဝင်း၊ တောင်သူကိုယ်စားလှယ် ဦးတင်ထွန်း၊ ရပ်မိရပ်ဖ ဦးထက်အောင်တို့သည် ဇန်နဝါရီလတတိယပတ်က ငါ့သရောက် မြစ်ရေတင် ရေသောက် ဧရိယာတွင် နွေစပါးနှင့် အခြားနွေသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မည့် စိုက်ကေများ ကွင်းဆင်းလျာထား ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေ ပေးဝေရန်ဖြစ် မဖြစ်၊ ရေအလုံအလောက် ပေးဝေနိုင်မည့် စိုက်ကွင်း စိုက်ကွက် စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးချနိုင်မှုတို့နှင့်ချိန်ဆ၍ စိုက်ကေများ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် နွေစပါး ၂၂၅ဧကနှင့် အခြားနွေသီးနှံ ၄၇၆ဧက စုစုပေါင်း ၇၀၁ ဧကကို စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း ငါ့သရောက် မြစ်ရေတင် တာဝန်ခံ ဦးစီးအရာရှိ ဦးအောင်အောင်ထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



ကြည့်မြင်တိုင်မြို့နယ် သာစုအနောက်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဆွေးနွေး ဟောပြောစဉ်။ ကိုကြီးတင်

## အာနန္ဒာစေတီ၊ ရွှေဂူကြီးစေတီများ ထီးတော်တင်

**ပခုက္ကူ ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ရေမျက်ကျေးရွာ အနော်ရထာမင်းကြီး၏ကောင်းမှုတော် ဂေါတမမြတ်စွာဘုရားကြီး၊ အာနန္ဒာစေတီတော်နှင့် ရွှေဂူကြီးစေတီတော်များ၏ဟောင်းနွမ်းနေသည့် ထီးတော်များကို ဇန်နဝါရီ ၂၀ ရက်က ထီးတော်တင်လှူခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပခုက္ကူမြို့နယ် ရေမျက်ကျေးရွာအုပ်စုရှိ ဆရာတော်သံဃာတော်များ၊ အလှူရှင်မိသားစုဝင်များနှင့်ဒေသခံများ တက်ရောက်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး အင်းတကော်မြို့ မိုးကုတ် တောင်ကိုးလုံးပဓာနဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရထံမှ ထီးတော်တင်ရေစက်ချတရားနာယူကြသည်။ ဂေါတမမြတ်စွာဘုရားကြီးကို သက္ကရာဇ် ၄၁၅ ခုနှစ်က ပေါက္ကံပြည့်ရှင် အနော်ရထာမင်းကြီးတည်ထားကိုးကွယ်ခဲ့ပြီး ခေတ်အဆက်ဆက် ရေမျက်ကျေးရွာဆရာတော်ကြီးများ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြကြောင်း သိရသည်။ ယခုတင်လှူသောထီးတော်အား ရန်ကုန်မြို့ ငွေပင်လယ်စက်မှုဇုန်ရှိ အေရိုးမားမုန့်စက်ရုံမိသားစုက အသစ်တင်လှူခြင်း ဖြစ်ကြောင်း သိရသည်။

**ငါ့သရောက်(ပြန်/ဆက်)**

## မြတ်မွန်စေတနာ လူမှုကူညီရေးအသင်း စည်းဝေး

**သီပေါ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မြတ်မွန်စေတနာလူမှုကူညီရေး (နာရေး) အသင်း၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီလတတိယပတ်က မဟာသာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးကျော်ဇေယျက အမှာစကားပြောကြားကာ အသင်းဥက္ကဋ္ဌဦးအောင်ခင်က တစ်နှစ်တာကာလပတ်လုံး အသင်းကြီး၏ လူမှုကူညီရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အကြံပြုတင်ပြချက်များအပေါ် အတွင်းရေးမှူးဦးခင်မောင်ဝင်းက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ထို့နောက် မြတ်မွန်စေတနာလူမှုကူညီရေးအသင်းသို့ မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ကူညီထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ နိဗ္ဗာန်ယာဉ်အတွက် အသုံးပြုသော စက်သုံးဆီများကို ပြည့်ဖြိုးအောင်ဆီဆိုင်ပိုင်ရှင်ဦးစောနိုင်နှင့် သန့်သန့်လေးစက်သုံးဆီဆိုင်ပိုင်ရှင်ဦးဖုန်းနိုင်တို့က အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့ထံပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ အသင်းအနေဖြင့် မြို့တွင်း၌ သာမက ကျေးလက်ဒေသများ၏ နာရေးကိစ္စများကိုပါ ကူညီဆောင်ရွက်ပေးသဖြင့် မြို့နယ်၏ အားကိုးအားထားရာ အသင်းကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၇)

သိပ္ပံစာရေးဆရာကိုကိုအောင်

### မုန်တိုင်းဒီရေ

မုန်တိုင်းကြောင့် သမုဒ္ဒရာရေပြင်ပေါ်၌ ဖြစ်ပေါ်သော လှိုင်းတံပိုးကြီးများသည် သာမန်လေပြင်း တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်သော လှိုင်းဂယက်များနှင့်မတူဘဲ မြင့်မားစွာမို့မောက်ထကြွပြီး ကမ်းခြေဆီသို့လည်း အရှိန်ပြင်းစွာဖြင့်ရိုက်ပုတ်ကြသည်။ မုန်တိုင်းကြောင့် ကမ်းခြေများဆီသို့ ရွေ့လျားရောက်ရှိလာသော အဆိုပါရေလှိုင်းကြီးများကို မုန်တိုင်းဒီရေဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။ အင်အားကြီးမားသော ဟာရီကိန်းမုန်တိုင်းများကြောင့် ဖြစ်ပေါ်သော မုန်တိုင်းဒီရေများသည် ကမ်းခြေဒေသနှင့် လူ့အသက်အိုးအိမ်စည်းစိမ်တို့ကို တစ်ခဏအတွင်းမှာပင် ဖျက်ဆီးပစ်နိုင်စွမ်းရှိကြသည်။

၁၇၃၇ ခုနှစ်က ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်ခဲ့သော ဟာရီကိန်းမုန်တိုင်းကြီးကြောင့် ထကြွလာသော မုန်တိုင်းဒီရေများသည် လှေသင်္ဘောအစင်းရေ ၂၀၀၀၀ ခန့်နှင့် လူပေါင်း ၃၀၀၀၀၀ နီးပါးတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ဖျက်ဆီးပစ်ခဲ့သည်။ အလားတူပင် ၁၉၃၅ ခုနှစ်က အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းခြေသို့ ဝင်ရောက်လာသော ဟာရီကိန်းမုန်တိုင်း ဒီရေလှိုင်းများသည်လည်းကောင်း၊ ၁၉၃၈ ခုနှစ်က နယူးအင်္ဂလန်ပြည်နယ်ကမ်းခြေသို့ ဝင်ရောက်လာသော ဟာရီကိန်းမုန်တိုင်း ဒီရေလှိုင်းများသည် လည်းကောင်း ပျက်စီးဆုံးရှုံးမှုနှင့် လူ့အသက်သေဆုံးရမှုများကို ကြီးမားစွာဖြစ်ပေါ်စေခဲ့သည်။

ကမ္ဘာတစ်ဝန်းဖြစ်ပေါ်ခဲ့ဖူးသည့် ဆိုင်ကလုန်းမုန်တိုင်း၊ ဟာရီကိန်းမုန်တိုင်း၊ တော်နေးဒိုးမုန်တိုင်း၊ တိုင်ဖွန်းမုန်တိုင်းနှင့် ဗက်ဂွီအိုမုန်တိုင်းစသော အင်အားအကြီးမားဆုံး မုန်တိုင်းကြီးများသည် အီကွေတာမျဉ်း၏ တစ်ဖက်တစ်ချက်ရှိ အပူပိုင်းသမုဒ္ဒရာရေပြင်များပေါ်၌ စတင်မွေးဖွားလာလေ့ရှိကြသည်။ ထိုအင်အားကြီးမားသော မုန်တိုင်းကြီးများသည် ကုန်းမြေတိုက်ကြီးများကို ဖြတ်သန်း တိုက်ခတ်သွားပြီးသည့် အခါ၌လည်းကောင်း၊ အအေးပိုသောမြောက်အရပ်ဆီသို့ ရောက်ရှိသွားသောအခါ၌လည်းကောင်း အားပျော့ပျက်ပြယ်သွားကြသည်သာ ဖြစ်သည်။

ထူးခြားဖြစ်စဉ်မျိုးအနေဖြင့်မှု အချို့သော အင်အားပြင်း မုန်တိုင်းကြီးများသည် ကုန်းမြေအတွင်းသို့ ကီလိုမီတာများစွာ အကွာအဝေးအထိ ဝင်ရောက်မွှေနှောက် တိုက်ခတ်သွားပြီးသည့်တိုင် အရှိန်မသေသေးဘဲ မူလနေရာဖြစ်သော သမုဒ္ဒရာရေပြင်ဆီသို့ ပြန်လည်ရောက်ရှိလာပြီးချိန်မှသာ အဆုံးသတ်သွားလေ့ ရှိကြသည်။ သာဓကအားဖြင့် ၁၉၆၄ ခုနှစ်ကတိုက်ခတ်ခဲ့သော ဒိုနာအမည်ရှိ ဟာရီကိန်းမုန်တိုင်းကြီးသည် ကုန်းမြေဒေသများအတွင်းသို့ ကီလိုမီတာရာပေါင်းများစွာအထိ ဝင်ရောက်တိုက်ခတ်ပြီးသည့်တိုင် အားပျော့ပျက်ပြယ်ခြင်းမရှိသေးဘဲ မူလသမုဒ္ဒရာရေပြင်ဆီသို့ ပြန်လည်ရောက်ရှိလာပြီးမှသာလျှင် နိဂုံးကမ္ပတ် အဆုံးသတ်သွားခဲ့သည်ကို မုန်တိုင်းမှတ်တမ်းများ၌ လေ့လာတွေ့ရှိနိုင်သည်။

### ရွေ့လျားတိုက်ခတ်ရာလမ်းကြောင်း

အင်အားကြီးမားသော ဟာရီကိန်းမုန်တိုင်းကြီးများ၏ ရွေ့လျားတိုက်ခတ်ရာလမ်းကြောင်းကို ခန့်မှန်းသည့်ကိစ္စရပ်သည် ခေတ်မီစက်ကိရိယာများကို အသုံးချနေကြသည့်တိုင် အလွန်ခက်ခဲသည့်သဘော သဘာဝရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ဟာရီကိန်းမုန်တိုင်းကြီးများသည် ဦးတည်ရာအမျိုးမျိုးပြောင်းလဲနေတတ်ခြင်းကြောင့်ပင် ဖြစ်သည်။ မုန်တိုင်းသည် အနောက်ဘက်သို့ ဦးတည်ရွေ့လျားနေရာမှ မြောက်အရပ်ဆီသို့ ကွေ့သွားခြင်း၊ မြောက်အရပ်သို့ ဦးတည်နေရာမှပင် အရှေ့အရပ်ဆီသို့ကွေ့သွားခြင်း၊ တစ်ခါတစ်ရံ အချိန်အတိုင်းအတာတစ်ခုအထိ ငြိမ်သက်နေတတ်ခြင်းစသော ဟာရီကိန်း၏ သဘောသဘာဝများကြောင့် ကမ်းစပ်သို့ရိုက်ပုတ်သော မုန်တိုင်းဒီရေကိုကြည့်ရုံမျှဖြင့် ထိုကမ်းခြေသို့ ဟာရီကိန်း ဝင်ရောက်လာနိုင်ခြင်းရှိ မရှိကို အတိအကျခန့်မှန်းရန် မလွယ်ကူလှပေ။

ထို့ပြင် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်သည့်အခါ လေပွေနှင့် လေဝဲကတော့ကြီးများ ဖြစ်ပေါ်တတ်ပြီး လေပြင်းတိုက်ခတ်နှုန်းကို ပို၍ အရှိန်မြင့်စေရုံမျှမက၊ တစ်ခါတစ်ရံ မုန်တိုင်းတိုက်ခတ်နေစဉ်၌ပင် သည်းထန်သော မိုးရွာသွန်းမှုကြီးများကို ဖြစ်ပေါ်လာစေတတ်သည်။ ကြောက်မက်ဖွယ်ကောင်းလှသော မုန်တိုင်းဒီရေ လှိုင်းလုံးကြီးများ ရိုက်ခတ်နေချိန်၌ သဲသဲမဲမဲရွာချသော မိုးရေထုကြီးကပါ ထပ်မံအားဖြည့်လိုက်သည့်အတွက် ဒေသခံများအဖို့ အသက်ရှင်လွတ်မြောက်နိုင်ရန် အခွင့်အလမ်းက အလွန်ပင် နည်းပါးသွားလေ့ရှိသည်။

### လူ့အသက်ဆုံးရှုံးရမှုများကို လျှော့ချရန်

ကမ္ဘာ့လူဦးရေက တစ်နေ့တခြား သိသိသာသာ တိုးပွားလာနေသည်နှင့်အညီ ကမ်းခြေဒေသများ၌ အခြေချနေထိုင်သော လူဦးရေကလည်း လိုက်လျောညီထွေ တိုးပွားလာနေသည်ဖြစ်ရာ၊ ခန့်မှန်းရခက်ခဲသော ဟာရီကိန်းမုန်တိုင်းနှင့် မုန်တိုင်းဒီရေလှိုင်းများကြောင့် လူ့အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနိုင်သည့် အလားအလာများကလည်း ပို၍တိုးလာနေသည်။ ထို့ကြောင့်ပင် သိပ္ပံပညာရှင်တို့က ပို၍တိကျသော ခန့်မှန်းချက်များ ထုတ်ပြန်ပေးနိုင်မည့် နည်းပညာနှင့်စက်ကိရိယာတို့ကို တီထွင်ကြံဆနေကြသလို... အခြားတစ်ဖက်တွင်လည်း ဟာရီကိန်းမုန်တိုင်းကြောင့် ဖြစ်ပွားလာဖွယ်ရှိသော လူ့အသက်ဆုံးရှုံးရမှုများကို လျှော့ချပေးနိုင်မည့် နည်းလမ်းများကို သက်ဆိုင်ရာအစိုးရများက လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးရန် ကြိုးပမ်းအားထုတ်သွားကြရမည်သာ ဖြစ်သည်။



### ဟာရီကိန်းမုန်တိုင်း၏ အဖျက်စွမ်းအား

ဟာရီကိန်းမုန်တိုင်းသည် တော်နေးဒိုးမုန်တိုင်းလောက် အင်အားကြီးမားခြင်းမရှိသော်လည်း ရောမ သစ်ပင်ကြီးများကို ပြိုလဲစေခြင်း၊ အဆောက်အအုံများကို ပျက်စီးစေခြင်း၊ ကောင်းကင်ဓာတ်အားလိုင်းကြိုးများကို ပြတ်တောက်စေခြင်း၊ လျှပ်စစ်ဓာတ်တိုင်နှင့် တယ်လီဖုန်းဆက်သွယ်ရေး လိုင်းကြိုးတိုင်များကို ပြိုလဲစေခြင်း၊ ရထားသံလမ်းများကို မြေပြင်မှကြွတက်စေခြင်းဖြင့် ရထားလမ်းချော်မှုကို ဖြစ်ပေါ်စေခြင်းစသော ကြီးမားသည့် အဖျက်လုပ်ငန်းများကို ဖန်တီးလုပ်ဆောင်နိုင်စွမ်း ရှိသည်။

ဟာရီကိန်းမုန်တိုင်းကြောင့် သမုဒ္ဒရာရေပြင်သည် ပေ ၆၀ ကျော်အထိပင် ထကြွမို့မောက်လာနိုင်ပြီး ထိုအနေအထားမျိုးဖြင့် ကမ်းခြေသို့ရိုက်ခတ်သောအခါ ကမ်းခြေဒေသများ၌ ကြီးမားသောရေလွှမ်းမိုးမှု ဖြစ်ပေါ်ကာ သက်ရှိမှန်သမျှ ပြေးလွှားချိန်မရဘဲ ရေနစ်သေဆုံးကြရလေ့ရှိသည်။ ဟာရီကိန်းမုန်တိုင်းဒီရေနှင့် အတူပါလာသော လှေသင်္ဘောများသည်လည်း ကမ်းခြေနှင့်ဝေးသော ကုန်းတွင်းပိုင်းထိတိုင် လွင့်မျောရောက်ရှိသွားလေ့ ရှိကြသည်။ သင်္ဘောကျင်းများနှင့် ဆိပ်ခံဇောတံတားများသည်လည်း ဝေးရာသို့ တစ်စစီ လွင့်စဉ်ကုန်ပြီး မုန်တိုင်းဒီရေ ပြန်ကျသွားသည့်အခါ မော်တော်ကားလမ်းများမှာ အသုံးပြု၍မရတော့သည့် အခြေအနေသို့ ဆိုက်ရောက်သွားသည်။ မော်တော်ကားများ၊ ရထားတွဲများနှင့် အဆောက်အအုံတချို့တို့မှာလည်း ပြန်ကျသွားသော မုန်တိုင်းဒီရေနှင့်အတူ မျောပါကာ ကမ်းခြေနှင့်အလွန်ဝေးသော ပင်လယ်ထဲသို့ ရောက်ရှိသွားကြတော့သည်။

ဟာရီကိန်းမုန်တိုင်းကြောင့်ဖြစ်ပေါ်သော လေပြင်းများသည် မုန်တိုင်း၏ဗဟိုချက်မဖြစ်သည့် မုန်တိုင်းမျက်စိနေရာမှ အဝေးဆုံးဖြစ်သော အစွန်းအနားများ၏ ဘေးပတ်ပတ်လည် ကီလိုမီတာ ၅၀ ခန့်ထိတိုင် ဖြန့်ကြက်တိုက်ခတ်လေ့ရှိသည်။ မုန်တိုင်းမျက်စိ၏အစွန်းတွင် လေတိုက်နှုန်းသည် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၂၄၀ အထိရှိပြီး ရံဖန်ရံခါ၌ ထို့ထက်ပင် ပို၍ပြင်းထန်လေ့ရှိသည်။

### ခန့်မှန်းမှုမှားယွင်းစေသောအကြောင်း

ဟာရီကိန်းမုန်တိုင်း၏ မျက်စိနေရာသည် အကျယ်ကီလိုမီတာ ၃၀ ကျော်ရှိ တိမ်ကင်းစင်သောနေရာ သို့တည်းမဟုတ် တိမ်အနည်းငယ်မျှသာ ဖြစ်ထွန်းသောနေရာဖြစ်နေပြီး ထိုနေရာ၌ ပြင်းထန်သော လေတိုက်ခတ်မှုမရှိဘဲ လေအားအသင့်အတင့်သာ တိုက်ခတ်လေ့ရှိသည့်အတွက် ဒေသခံများအဖို့ ဟာရီကိန်းဖြစ်ပေါ်လာမည်ဟု မျှော်လင့်ထားခြင်းမျိုး မရှိကြပေ။ ထို့ကြောင့်လည်း ဟာရီကိန်းမုန်တိုင်းကို ရုတ်တရက်ဖြစ်ပေါ်လာသော မုန်တိုင်းဟုသာ အများက ထင်မြင်ယူဆလေ့ရှိကြပြီး ထိုမုန်တိုင်းအမျိုးအစား၏ ကြိုတင်ဖြစ်တည်နေတတ်သည့် သဘောသဘာဝကို မသိရှိကြပေ။ မသိရှိကြသည့်အတွက် ကြိုတင်ပြင်ဆင်မှုကို ပြုလုပ်မထားကြခြင်းသည်လည်း ဟာရီကိန်းကြောင့် သေကျေပျက်စီးမှုကို ပိုမိုများပြားစေသည့် အကြောင်းတစ်ရပ် ဖြစ်လာရသည်။

ကမ်းစပ်သို့ရိုက်ခတ်သော လှိုင်းဂယက်နှင့် လှိုင်းတံပိုးကြီးများကိုကြည့်၍ လေပြင်းတိုက်ခတ်မှုနှင့် မုန်တိုင်းတို့ကို ခန့်မှန်းတွက်ချက်ကြသည်ဆိုရာ၌ တစ်ခါတစ်ရံ ခန့်မှန်းတွက်ချက်မှုကို မှားယွင်းစေနိုင်သော အကြောင်းတချို့ရှိနေနိုင်သည်ကိုလည်း သိရှိထားကြရန်လိုအပ်သည်။ အကြောင်းမှုကား...ကမ်းခြေနှင့် အလွန်ဝေးကွာသော သမုဒ္ဒရာရေပြင်ပေါ်၌ လေဖိအား ရုတ်ခြည်းအပြောင်းအလဲရှိနေသည့် အခါမျိုး၌လည်း လှိုင်းလုံးကြီးများက ကမ်းစပ်သို့ ရိုက်ခတ်လာနိုင်ခြင်းပင် ဖြစ်သည်။ သာဓကအားဖြင့် အာဖရိကတိုက်ရှိ မော်ရိုကိုကမ်းခြေနှင့် တောင်အမေရိကတိုက် ပစိဖိတ်ကမ်းခြေများသည် သမုဒ္ဒရာရေပြင်ပေါ်ရှိ လေဖိအား အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသော လှိုင်းတံပိုးကြီးများ၏ရိုက်ခတ်မှုကို အမြဲခံနေကြရသည့် ဒေသများ ဖြစ်ကြသည်။

### ကမ်းစပ်လှိုင်းများ၏ တိုက်စားမှု

မည်သို့ပင်ဖြစ်စေကာမူ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော ကမ်းစပ်လှိုင်းများသည် ကမ်းခြေရှိ ကျောက်ဆောင်၊ ချောက်ကမ်းပါးများနှင့် သဲသောင်ခုံများကို အစဉ်သဖြင့် တိုက်စားလျက်ရှိနေကြသလို... ရောမတွင်းကြီးများနှင့် လိုဏ်ခေါင်းကြီးများကိုလည်း ဖန်တီးဖြစ်ပေါ်လာစေလျက် ရှိသည်။ တစ်နည်းဆိုရသော်၊ သမုဒ္ဒရာရေပြင်ဆီမှ ရွေ့လျားရောက်ရှိလာသော လှိုင်းတံပိုးကြီးများနှင့် လှိုင်းဂယက်များသည် ကျယ်ဝန်းပြန့်ပြူးပြီး သာယာလှပသောကမ်းခြေများကို သဘာဝအလျောက် ဖြစ်ပေါ်လာစေသလို... ကမ္ဘာ့တိုက်ကြီးများ၏ အနားစွန်းပုံသဏ္ဌာန်များကို အမျိုးမျိုးအဖုံဖုံ ပြောင်းလဲစေခြင်းဖြင့် ကမ္ဘာ့မြေပုံကို မကြာခဏဆိုသလို ပြင်ဆင်ပြောင်းလဲ ရေးဆွဲရအောင်လည်း ဖန်တီးလုပ်ဆောင်လျက်ရှိနေကြသည်။

ကမ်းစပ်နှင့်ရေလှိုင်းသည် ခွဲခြား၍မရဘဲ အမြဲသဖြင့် ဒွန်တွဲလျက်ရှိနေကြရာ၌ လှိုင်းတို့၏ရိုက်ပုတ်မှုကြောင့် ကမ်းခြေ၏နယ်နိမိတ်နှင့် တည်နေပုံတို့မှာ အစဉ်ပြောင်းလဲလျက်ရှိသည်။ ကြီးမားသောကုန်းမြေထုကြီး၏ အစွန်အဖျားနေရာများဖြစ်ကြသော ကမ်းခြေဒေသများသည်ပင်လျှင် လှိုင်းတို့၏ရိုက်ပုတ်မှုဒဏ်ကြောင့် အချိန်နှင့်အမျှ တည်နေပုံများ ပြောင်းလဲနေကြရသည်ဖြစ်ရာ၊ သမုဒ္ဒရာရေပတ်လည် ဝန်းရံလျက် ရှိနေကြသော ကျွန်းစုများနှင့် ကျွန်းငယ်ကလေးများသည်ကား ဆိုဖွယ်ရာမရှိတော့ပြီဖြစ်သည်။

ကမ်းခြေသောင်ပြင်များနှင့် ပင်လယ်ကမ်းနဖူးတို့ကို တတိတိ တိုက်စားလျက် ရိုက်ပုတ်ဖျက်ဆီးနေကြသော လှိုင်းတံပိုးကြီးများထဲတွင် သမုဒ္ဒရာနှင့် ပင်လယ်ကြမ်းပြင်များ၌ဖြစ်ပေါ်သည့် ငလျင်ကြီးများ၊ မြေပြိုမှုကြီးများနှင့် ကျွန်းများပေါ် မီးတောင်ပေါက်ကွဲမှုကြီးများကြောင့် ထကြွလာသော ရောမလှိုင်းတံပိုးကြီးများလည်း ပါဝင်နေကြသည်။ ရေအောက်ငလျင်နှင့် မြေပြိုမှုများကြောင့်ဖြစ်ပေါ်သော လှိုင်းတံပိုးကြီးများသည် ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များပေါ်၌ ခုတ်မောင်းသွားလာနေကြသော ပင်လယ်ကူးသင်္ဘောကြီးများကို လူးရုံလွန့်ရုံမျှသာ ဖြစ်စေသော်လည်း၊ ကမ်းခြေများသို့ရောက်ရှိလာချိန်၌မူ အကြီးအကျယ် ဖျက်ဆီးပစ်လေ့ရှိသည်။

### ငလျင်လှိုင်းတံပိုးကြီးများ

၁၇၅၅ ခုနှစ်က လစ္စဘွန်းမြို့ငလျင်ကြောင့် ကာဒစ်မြို့၏ ဆိပ်ကမ်းတွင် ပုံမှန်ဒီရေလှိုင်းများထက် ၁၆ မီတာပို၍မြင့်သော လှိုင်းတံပိုးကြီးများ တလိပ်လိပ်တက်လာခဲ့ဖူးသည်။ ထိုလှိုင်းတံပိုးကြီးများသည် ၉ နာရီကျော်မျှအချိန်အတွင်းမှာပင် အတ္တလန္တိတ်သမုဒ္ဒရာကြီး တစ်ခုလုံးကို ဖြတ်သန်းကျော်လွှားကာ အနောက်အိန္ဒိယ ကျွန်းစုဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြသည်။

ထို့အတူ ၁၈၆၈ ခုနှစ်က တောင်အမေရိကတိုက် အနောက်ဘက်ခြမ်းရှိ ကီလိုမီတာ ၄၈၀၀ ကျော်မျှ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အင်အားပြင်းငလျင်ကြီး လှုပ်ခတ်ပြီးနောက် ပစိဖိတ်သမုဒ္ဒရာရေပြင်ကြီး ရုတ်တရက် နိမ့်ဆင်းသွားခဲ့ရာ ကမ်းရိုးတန်းအနီး ကျောက်ချထားသော သင်္ဘောများမှာ အောက်သို့နိမ့်ဆင်းသွားပြီး သောင်တင်သွားခဲ့ကြသည်။ မကြာမီမှာပင် ငလျင်ရေလှိုင်းကြီးများက အင်အားကြီးမားစွာဖြင့် ကမ်းခြေသို့ အလုံးအရင်းနှင့်ဝင်ရောက်လာရာ သောင်တင်နေသော သင်္ဘောများအားလုံး ကျောက်ကြိုးပြတ်ပြီး ကုန်းတွင်းပိုင်းသို့ မျောပါရောက်ရှိသွားကြပြန်သည်။ ငလျင်ရေလှိုင်းထကြွမှု ငြိမ်သက်သွားသည့်အခါ၌မူကား သင်္ဘောများက ကုန်းတွင်း၌ တင်ကျန်ရစ်ခဲ့ကြတော့သည်။

အလားတူပင် ၁၈၆၉ ခုနှစ်ကလည်း ပီရူးငလျင်ကြီးကြောင့် ငလျင်လှိုင်းတံပိုးကြီးများ ထကြွကာ ကမ်းခြေဒေသသို့ အရှိန်ပြင်းစွာဖြင့်ရိုက်ခတ်မှုကြောင့် ကမ်းခြေအနီးရေတိမ်ပိုင်း၌ ခုတ်မောင်းနေသော အမေရိကန်ရေတပ်သင်္ဘောများ ကုန်းတွင်းသို့ မျောပါရောက်ရှိကာ ကုန်းပေါ်၌တင်ကျန်ရစ်ခဲ့ကြသည်။ ကြီးမားသော ထိခိုက်ပျက်စီးမှုများကြောင့် ရေချ၍မရတော့သော အဆိုပါစစ်သင်္ဘောများသည် ကုန်းပေါ်၌ ကိုးနှစ်ကြာတင်ကျန်နေရာမှ ထပ်မံဖြစ်ပေါ်လာသော ငလျင်လှိုင်းတံပိုးကြီးများက ထပ်ဆင့်တွန်းပို့ခဲ့ကြပြန်ရာ ကမ်းစပ်နှင့် အလွန်ဝေးကွာသော ကုန်းတွင်းဒေသများအထိ ရောက်ရှိသွားခဲ့ကြသည်။ မီတာ ၃၀ နီးပါး မြင့်မားသော ကြောက်မက်ဖွယ်ကောင်းသည့် ငလျင်ရေလှိုင်းကြီးများသည် အမေရိကန်စစ်သင်္ဘောများကို ဌာနေသို့ပြန်ခွင့်မရအောင် ဖန်တီးလုပ်ဆောင်ပေးလိုက်ကြခြင်းပင် ဖြစ်သည်။

ရေအောက်မြေပြိုမှုကြောင့် ငလျင်လှုပ်သည့် အခါမျိုး၌လည်း ရောမလှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်လာလေ့ရှိသည်။ ၁၉၄၆ ခုနှစ် ဧပြီလက ဟာဝိုင်ယီကျွန်းအနီးရှိ ရေအောက်ချောက်ကမ်းပါးများ ပြိုကျမှုကြောင့် ရေအောက်ငလျင်ကြီး ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ ရေအောက် မြေပြိုမှု၏အရှိန်ကြောင့် ဟာဝိုင်ယီကျွန်း ကမ်းခြေမှရေများ ဝေးရာသို့ဆုတ်သွားခဲ့ရာ ပုံမှန်ကြားနေကျလှိုင်းပုတ်သံများ မကြားရတော့သည့် ဟာဝိုင်ယီ ကျွန်းသူကျွန်းသားတို့ အံ့ဩထိတ်လန့် တုန်လှုပ်သွားခဲ့ကြသည်။

များမကြာမီ၌ပင် ပုံမှန်ဒီရေလှိုင်းများထက် ၈ မီတာခန့်ပို၍မြင့်သော ငလျင်လှိုင်းတံပိုးကြီးများက ဟာဝိုင်ယီကျွန်းကို အင်အားပြင်းထန်စွာဖြင့် ရိုက်ပုတ်တော့သည်။ ကြိုတင်ပြင်ဆင်မထားသော ဟာဝိုင်ယီကျွန်းသူကျွန်းသားတို့က ရေဘေးလွတ်ရာသို့ ပြေးလွှားရှောင်တိမ်းရန် ကြိုးစားစဉ်မှာပင် လှိုင်းတံပိုးကြီးများအောက် ရောက်ရှိသွားကြတော့သည်။

ထို့နောက် တဖြည်းဖြည်း အင်အားလျော့ကျသွားသော ငလျင်လှိုင်းတံပိုးကြီးများသည် ကုန်းတွင်းမှဆုတ်ခွာကာ ကမ်းစပ်သို့ ပြန်လည်ရောက်ရှိသွားကြသည်။ ထိုမှတစ်ဆင့် မူလပင်လယ်ရေပြင်ဆီသို့ ပြန်လည် ဆုတ်ခွာသွားခဲ့ရာ ကမ်းခြေမှပင်လယ်ရေပြင်ဆီသို့ ပြန်ဆုတ်သွားသော ဒီရေကျသံကြီးမှာ အလွန်ကျယ်လောင်စွာ မြည်ဟည်းသွားသည့်အတွက် စိတ်ချောက်ချားတုန်လှုပ်ဖွယ်ပင် ဖြစ်သည်။ ဒီရေကျသွားပြီးနောက် ကမ်းခြေတစ်ခွင်တစ်ပြင်လုံး၌ ရွှံ့ညွှန်ပြင်ကြီးမှာ မျက်စိတစ်ဆုံးတင်ကျန်ရစ်ခဲ့သည်။ ဆိပ်ခံဇောတံတားများအပါအဝင် ကမ်းခြေတစ်လျှောက်ရှိ ပစ္စည်းကြီးငယ်တို့မှာ မြင်၍မကောင်းအောင်ပင် ပြိုလဲပျက်စီးကုန်ကြတော့သည်။ ကျွန်းပေါ်မှအဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျောက်တုံး ကျောက်ခဲကြီးများနှင့်အတူ ကျွန်းသူကျွန်းသားအများအပြားတို့သည် ပြန်ကျသွားသော လှိုင်းတံပိုးများနှင့်အတူ ပင်လယ်ပြင်အတွင်းသို့ မျောပါသွားကြသည်။

မျောပါသွားသူများကို ဆယ်ယူကယ်တင်နိုင်ရန်အတွက် လေယာဉ်နှင့် ရဟတ်ယာဉ်များက သမုဒ္ဒရာ ရေပြင်ပေါ်သို့ အသက်ကယ်လှေနှင့်ဖောင်များ ချပေးနိုင်ခဲ့သည့်အတွက် အသက်သေဆုံးရမှုမှာ များစွာလျော့ပါးသက်သာခဲ့သည်။ အဆိုပါ ရေအောက်ချောက်ကမ်းပါးကြီး ပြိုကျမှုကြောင့် ဖြစ်ပေါ်လာသော ရောမလှိုင်းတံပိုး အစုအဝေးကြီးသည် အလွန်ပင် ကြီးမားကျယ်ပြန့်ကာ တစ်နာရီလျှင် ကီလိုမီတာ ၇၅၀ အမြန်နှုန်းဖြင့် ရွေ့လျားမှုကြောင့် ကီလိုမီတာ ၁၃၀၀၀ ခန့်ဝေးသော တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ ဗာလ်ပါရေဆိုမြို့ကမ်းခြေဆီသို့ ၁၈ နာရီအတွင်းမှာပင် ဆိုက်ရောက်သွားခဲ့သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော ဥပဒေများပြဋ္ဌာန်းနေသည့် လွှတ်တော်

**မေနွယ်အေး**

စနစ်တစ်ခုမှ တစ်ခုသို့ပြောင်းရာတွင် အရေးကြီးဆုံးမှာ ဥပဒေပင်ဖြစ်သည်။ စနစ်ပြောင်းချင်လျှင် ပထမဦးစွာ ဥပဒေများကို ပြောင်းရမည်ဖြစ်သည်။ ယနေ့မြန်မာနိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်စနစ်သို့ ဦးတည်လျှောက်လှမ်းလျက်ရှိသောကြောင့် မြန်မာနိုင်ငံ၏ဥပဒေများသည် ဒီမိုကရေစီဖက်ဒရယ် စံနှုန်းများနှင့် ညီညွတ်ခြင်းရှိမရှိကို ဦးစွာလေ့လာသုံးသပ်သင့်သည်။ လိုအပ်ပါက ဥပဒေများအား ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေး၍ အဟောင်းရုပ်သိမ်းခြင်းနှင့် အသစ်ရေးခြင်းများ ပြုလုပ်သင့်သည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ အာဏာသုံးရပ်ခွဲခြားထားပြီး ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များသို့ အပ်နှင်းထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်။

ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော် နှစ်ရပ်ပါဝင်သည်။ လွှတ်တော်များ၏လုပ်ငန်းတာဝန်များမှာ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်ခြင်းနှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူကိုကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းနှင့် အုပ်ချုပ်ရေးနှင့် တရားရေးအာဏာပိုင်များ၏ ဆောင်ရွက်ချက်များကို အပြန်အလှန်ထိန်းညှိခြင်းတို့ ဖြစ်ကြသည်။ အဆိုပါတာဝန်များအနက် လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုခြင်းဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း ဥပဒေပြုရေးဟုဆိုလျှင် လွှတ်တော်များကိုသာ တန်းမြင်မိကြသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လွှတ်တော်ကို အခန်း(၄) ဥပဒေပြုရေး ခေါင်းစဉ်အောက်၌ ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ ကျင့်သုံးလျက်ရှိသော တည်ဆဲဥပဒေပေါင်း ၄၀၂ ခုရှိပြီး ၎င်းတို့အနက် ဥပဒေ ၁၂၂ ခုမှာ မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်က ပြဋ္ဌာန်းခဲ့သောဥပဒေများဖြစ်သည်။ လွတ်လပ်ရေးမရခင်က ပြဋ္ဌာန်းခဲ့သောဥပဒေများကို ယနေ့ခေတ်တွင် ဆက်လက်ကျင့်သုံးကြရာ၌ ခေတ်စနစ်နှင့်သင့်လျော်ကိုက်ညီသည်များရှိသလို ခေတ်နှင့်မလျော်ညီသည့် ပြဋ္ဌာန်းချက်များ၊ ကာလတန်ဖိုးနှင့် မသင့်လျော်သည့် ဒဏ်ကြေးများလည်းရှိသည်။ ထို့ပြင် ခေတ်ကာလပြောင်းလဲလာသည်နှင့်အမျှ ပြောင်းလဲကျင့်သုံးလာမှုများ၊ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ရေးဆောင်ရွက်ရာတွင် နိုင်ငံခြားသားများနည်းတူ မြန်မာပြည်သူများအခွင့်အရေးရရှိရန်အတွက် ပြင်ဆင်သင့်သည်တို့ကိုလည်း ဥပဒေတွင် ပြည့်စုံစွာထည့်သွင်းသင့်သည်။

လွတ်လပ်ရေးမရခင်ခေတ်က ပြဋ္ဌာန်းခဲ့သည့်ဥပဒေများသည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်သည့်အတွက် ပညာရှင်များ နားလည်နိုင်မည်ဖြစ်သော်လည်း သာမန်ပြည်သူများအတွက်မူ နားလည်ရန်လွယ်ကူမည် မဟုတ်ပေ။ ဥပဒေများသည် အများနားလည်နိုင်ရန် ရှင်းလင်း၊ လွယ်ကူ၊ တိကျရမည်ဖြစ်သည်။ ဥပဒေကို နားမလည်၍ မသိ၍ မလိုက်နာ၊ မဆောင်ရွက်ခြင်းသည် တရားဥပဒေစိုးမိုးမှုကို လျော့ကျစေသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကို ပြည်သူ့လွှတ်တော် သက်တမ်းတစ်ခု စတင်သည့်နေ့ရက်မှ ပထမလ ၃၀ တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ထမ်းဆောင်ကြပြီး ကျန်ရှိသည့်လ ၃၀ အတွက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ထမ်းဆောင်ရသည်။

> ◆ **ပထမအကြိမ်သက်တမ်းကာလအတွင်း ပြည်ထောင်စုလွှတ်တော်သည် ဥပဒေ စုစုပေါင်း ၂၃၂ ခုကို အတည်ပြုပြဋ္ဌာန်း**
>
> ◆ **ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်ခဲ့ပြီး ယနေ့အချိန်ထိ ဥပဒေ ပေါင်း ၄၈ ခုကို ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ နောက်ထပ် ခြောက်လ ကြာလျှင် ပြဋ္ဌာန်းပြီး ဥပဒေများ ယခုထက် ပိုမိုများလာနိုင်**

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းမှာ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ထိဖြစ်ပြီး ပထမအကြိမ်သက်တမ်းကာလအတွင်း ပြည်ထောင်စုလွှတ်တော်သည် ဥပဒေ စုစုပေါင်း ၂၃၂ ခုကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလ၏ ပထမလ ၃၀ ဖြစ်သည့် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ထိ ဥပဒေပေါင်း ၅၈ ခု ပြဋ္ဌာန်းခဲ့သည်။ ဒုတိယ လ ၃၀ ဖြစ်သည့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ထိတွင် ဥပဒေပေါင်း ၁၇၄ ခုကို ပြဋ္ဌာန်းခဲ့သည်။

ယခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်ခဲ့ပြီး ယနေ့အချိန်ထိ ဥပဒေပေါင်း ၄၈ ခုကို ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ နောက်ထပ် ခြောက်လကြာလျှင် ပြဋ္ဌာန်းပြီးဥပဒေများ ယခုထက် ပိုမိုများလာနိုင်သည်။

ထို့ပြင် နောက်ထပ်လပေါင်း ၃၀ ကြာလျှင်လည်း လွှတ်တော် သက်တမ်းတစ်လျှောက် ရရှိလာသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ပြည်သူနှင့် နိုင်ငံအတွက် လိုအပ်ချက်များကို သိမြင်လာပြီး ပြည်သူ့အကျိုးပြု၊ နိုင်ငံ့အကျိုးပြု ဥပဒေများ ပိုမိုပြဋ္ဌာန်းလာနိုင်သည်။

သို့ဖြစ်၍ ကျန်ရှိသည့်သက်တမ်းကာလတွင် ခေတ်စနစ်နှင့်လျော်ညီ၍ အရေးအတွက်သာမက အရည်အချင်းပါပြည့်ဝသည့်ဥပဒေများ၊ တရားမျှတမှုရှိပြီး ပြည်သူနှင့် နိုင်ငံ့အကျိုးစီးပွားကို အမှန်တကယ်ဖြစ်ထွန်းစေမည့်ဥပဒေများ၊ ပြည်သူများနားလည်လွယ်ပြီး အမှန်တကယ်လိုက်နာဆောင်ရွက်နိုင်မည့် ဥပဒေများ ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ကို မျှော်လင့်ရမည် ဖြစ်ပါကြောင်း။ ။

## ကြို့ပင်ကောက်မြို့၌ မူခင်းကျဆင်းရေးအတွက် ညပိုင်းပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်

**ကြို့ပင်ကောက် ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်အတွင်း တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှု ပပျောက်ရေး၊ ဒုစရိုက်ရမ်းကားမှုများ မဖြစ်ပေါ်စေရေး၊ လက်နက်ကိုင်ဆောင်မှုများ ပပျောက်ရေး၊ မူခင်းကျဆင်းရေးတို့အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်ဇော်တို့၏ ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက ညပိုင်းပိတ်ဆို့ရှာဖွေစစ်ဆေးမှုများကို ညစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၂၂ ရက် ညပိုင်းက ရဲအုပ်ဇေလင်းထွန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ကြို့ပင်ကောက်မြို့ ရန်ကုန်-ပြည်လမ်းပေါ်ရှိ ရွှေကျွန်းတောစက်သုံးဆီဆိုင်ရှေ့တွင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပြီး မြို့အဝင်အထွက် အဓိကကျသည့် ရန်ကုန်-ပြည်လမ်း ရွှေကျွန်းတောစက်သုံးဆီဆိုင်ရှေ့နှင့် ရန်ကုန်-ပြည်လမ်း မြို့လယ်ချောင်းကျေးရွာတို့တွင် တစ်ပြိုင်တည်း ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ထူးခြားမှုသတင်းရရှိပါက အဖွဲ့ခြောက်ဖွဲ့ခွဲပြီး မြို့အဝင်အထွက် ခြောက်နေရာတွင် အထူးစစ်ဆေးမှုများ ဆောင်ရွက်ကြောင်း ရဲအုပ်ဇေလင်းထွန်းက ပြောကြားသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



## တစ်အိမ်သုံးဆိုလာများ ရေရှည်အသုံးပြုနိုင်ရေး အသိပညာပေး



**ခင်ဦး ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ တစ်အိမ်သုံးဆိုလာစနစ် တပ်ဆင်ထားသော ကဘွက်ကျေးရွာ၊ သင်ပေါင်းကျေးရွာ၊ ကုတ္တက်ကျေးရွာနှင့် မောင်းကျောက် တောကျေးရွာများမှ ပြည်သူများအား ဆိုလာများ ရေရှည်အသုံးပြုနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့်အဖွဲ့ ဇန်နဝါရီ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးတင်ထွန်းနှင့် မီးလင်းရေးတာဝန်ခံ အင်ဂျင်နီယာ ဦးရဲစိုးအောင်တို့က တစ်အိမ်သုံးဆိုလာစနစ်များ ရေရှည်အသုံးပြုနိုင်ရန် တပ်ဆင်ထားသည့် မူလနေရာများတွင်သာ ထားရှိအသုံးပြုကြရန်နှင့် နေရာရွှေ့ပြောင်းအသုံးပြုပါက အာမခံသက်တမ်းကာလအတွင်း ချွတ်ယွင်း/ ပျက်စီးမှုများရှိလျှင်လည်း အာမခံအကျိုးခံစားခွင့်ရရှိတော့မည်မဟုတ်ကြောင်း အသိပညာပေး ဆွေးနွေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တပ်ဆင်ပေးထားသည့် ဆိုလာစနစ်များကို ကျေးရွာနေပြည်သူအချို့က မူလနေရာမှရွှေ့ပြောင်းကာ လယ်ယာလုပ်ကိုင်ရာသို့ သယ်ယူ၍ အသုံးပြုမှုများ ရှိနေသည့်အတွက် ယခုလိုကျေးရွာများသို့ ကွင်းဆင်း၍ အသိပညာပေး ရှင်းလင်းခြင်းဖြစ်ကြောင်း ခင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ပြောကြားသည်။

အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း (NEP)အရ ကျေးလက်ဒေသများ မီးလင်းရေးအတွက် တစ်အိမ်သုံးဆိုလာစနစ်များကို မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်ကျော်ကွာဝေးသည့် ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေ၊ ကုမ္ပဏီထည့်ဝင်ငွေနှင့် ပြည်သူများ၏ ထည့်ဝင်ငွေများ စုပေါင်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းက စတင်တပ်ဆင်ပေးထားလျက်ရှိရာ ကျေးလက်ဒေသအချို့မှ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိ အသုံးပြုနိုင်နေပြီဖြစ်သည်။

**ခင်ဦးစိုးဝေ**

## ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီမှစ၍ ဘားအံမြို့ရှိ အောင်သံလွင်အားကစားကွင်း၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်တွင်းရှိ ဝန်ကြီးဌာနများမှ ဘောလုံးအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၂၂ ရက်က ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် လူမှုရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အထွေထွေအုပ်ချုပ်ရေးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထွေထွေအုပ်ချုပ်ရေးဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# တိုင်းဒေသကြီးရန်ပုံငွေဖြင့် အဆင့်မြင့်စက်မှုလယ်ယာမြေ ဧက ၁၆၀ ကျော် ဖော်ဆောင်ပေးခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၄**

တောင်ငူမြို့နယ် ဇီးဖြူပင်ကျေးရွာ၌ အဆင့်မြင့် စက်မှုလယ်ယာမြေ ဧက ၁၆၀ ကျော် ဖော်ထုတ်ခြင်းကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးရာသီ အချိန်မီ ဖော်ထုတ်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်၍ မကြာမီရက်ပိုင်းအတွင်း စတင်စိုက်ပျိုးနိုင်တော့မည်ဟု သိရသည်။

အဆိုပါ အဆင့်မြင့်စက်မှုလယ်ယာမြေ ဖော်ထုတ်ပြီးစီးမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဇန်နဝါရီ ၂၁ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ကာ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ကြရာတွင် သက်ဆိုင်သူအားလုံးတို့က မိမိတို့ကျရာ အခန်းကဏ္ဍများမှ စုပေါင်းဆောင်ရွက်ခြင်း၊ မိမိကိုယ်တိုင် လုံ့လဝီရိယပြုခြင်း၊ မိမိကိုယ်ကိုယ် အားကိုးဆောင်ရွက်ခြင်းတို့ဖြင့် ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး၊ နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိမှုအပေါ် မူတည်၍ ဆည်ရေသောက်စနစ်များကိုလည်း တိုးချဲ့ဆောင်ရွက်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးစရိတ် သက်သာစွာဖြင့် အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထွက်ရှိရေး ကူညီဆောင်ရွက်ပေးနေသကဲ့သို့ ထွက်ရှိလာသောသီးနှံများ၏ ဈေးနှုန်းတည်ငြိမ်ပြီး တောင်သူများ ပင်ပင်ပမ်းပမ်း အားထုတ်လုပ်ကိုင်မှုနှင့် ထိုက်တန်သော အကျိုးအမြတ် ခံစားရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေလိုအပ်ချက်၊ မျိုးစေ့လိုအပ်ချက်နှင့် စိုက်စရိတ်အရင်းအနှီး သက်သာကာ အပင်သန်စွမ်းမှု အပင်ပွားစည်းမှုနှင့် အထွက်နှုန်းကောင်းမွန်သေချာသော SRI စိုက်ပျိုးနည်းကို ကောက်စိုက်သမလုပ်အားအဆင်ပြေသည့် ဒေသများတွင် ဆောင်ရွက်သင့်ကြောင်း၊ ပျိုးခင်းမြေပြင်စရိတ် ပျိုးနုတ်ပျိုးထောင်စရိတ် သက်သာသကဲ့သို့သမားရိုးကျစိုက်စနစ်ထက် သီးနှံအရည်အသွေးပိုမိုကောင်းမွန်ပြီး ဂေဟစနစ်နှင့်လိုက်လျောညီထွေရှိသည့် နည်းစနစ်ကောင်းဖြစ်သဖြင့် တောင်သူများ စိတ်ဝင်စား လုပ်ကိုင်ဆောင်ရွက်လိုပါက လိုအပ်သော နည်းပညာများကို သက်ဆိုင်ရာစိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများက ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းကိုလည်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ကည့္တတ်ကွင်း စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ၃၀၇ ဧက ဖော်ထုတ်ပြီး နွေစပါးစိုက်ပျိုးအောင်မြင်နေမှုများကိုလည်းကောင်း၊ တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာအုပ်စုရှိ နွေစပါး SRI စိုက်နည်းစနစ် ဧက ၈၀ စံပြစိုက်ကွင်းသို့ဆက်လက်သွားရောက်ပြီး စိုက်ကွင်းအတွင်း ကောက်စိုက်နေမှုများနှင့် ကြားပေါင်းလိုက်ကိရိယာဖြင့် ပေါင်းလိုက်သမန်းနှိုးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့သည်။**(သတင်းစဉ်)**



**ပဲချက်ကုန်းကျေးရွာအုပ်စု၌ SRI စနစ်ဖြင့် ကောက်စိုက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အလုပ်ရုံဆွေးနွေး

**ဘားအံ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၏ အလုပ်ရုံဆွေးနွေးပွဲကို ဘားအံမြို့ တော်ဝင်ရတနာဟိုတယ် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၁ ရက်နှင့် ၂၂ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက JMC အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပေါ်လာပုံနှင့် NCA စာချုပ် ပေါ်ပေါက်လာပုံအကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့အကြောင်း၊ NCA စာချုပ်အရ JMC အဖွဲ့များကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပုံနှင့် ကရင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ် ဇွန် ၂၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပုံများ၊ JMC အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးကြပြီး JMC လုပ်ငန်းများအောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် စသည်တို့ကို ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် JMC ကရင်၊ မွန်အဖွဲ့ဝင်များ၊ အရပ်သားကိုယ်စားလှယ်များက NCA စတင်ဖြစ်ပေါ်လာပုံ၊ JMC ၏ လုပ်ငန်းစဉ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ တိုင်ကြားမှုများနှင့် အငြင်းပွားမှုများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ စိစစ်အတည်ပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပူးတွဲနယ်လှည့်စောင့်ကြည့်ခြင်း၊ ဒေသခံ အရပ်သားစောင့်ကြည့်သူများ၏ လုပ်ငန်းလမ်းညွှန် စသည့် ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**မင်းရာဇာ**



# ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ပင်လယ်ကျွန်းများတွင် စုပေါင်းအမှိုက်ကောက်

**ကော့သောင်း ဇန်နဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အများဆုံး လာရောက်လည်ပတ်ရာ အက်ဒမန်ပင်လယ် အတွင်းရှိ မြင်းခွာကျွန်း၊ စေတန်ကျွန်း၊ အသည်းပုံကျွန်းနှင့် ဇာဒက်ကြီးကျွန်းများအပေါ် ပင်လယ်ကမ်းခြေတစ်လျှောက်တွင် မြို့ခံပညာရေး၊ ကျန်းမာရေး၊ ဟိုတယ်နှင့် ခရီးသွား ဌာနများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုပေါင်း၍ ဇန်နဝါရီ ၂၁ ရက်က အမှိုက်ကောက်ခဲ့ကြသည်။

ယနေ့အချိန်တွင် ကမ္ဘာနှင့်အဝန်းနေရာဒေသတိုင်း၌ ပင်လယ်အတွင်းသို့ အမှိုက်စွန့်ပစ်မှု ဖြစ်စဉ်များကြောင့် သဘာဝပတ်ဝန်းကျင် တဖြည်းဖြည်း ညစ်ညမ်းလာမှုနှင့်အတူ ဂေဟစနစ်များ ပျက်ယွင်းကာ ရေနေသတ္တဝါများ သေကြေပျက်စီး ရှားပါးလာနေပြီဖြစ်ရာ သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစပြုလာနေပြီဖြစ်သည့် ကော့သောင်းဒေသအတွင်းရှိ ပြည်သူများအနေဖြင့် ပင်လယ်တွင်းသို့အမှိုက်စွန့်ပစ်မှု လျော့နည်းကျဆင်းရေးအတွက် ပညာပေးလှုပ်ရှားမှုတစ်ရပ်အသွင်ဖြင့် စုပေါင်းအမှိုက်ကောက်ခဲ့ကြခြင်းဖြစ်သည်။



အဆိုပါပညာပေးလှုပ်ရှားမှု အမှိုက်ကောက်သည့် အစီအစဉ်ကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စီစဉ်မှုနှင့် New Bee Travel ကုမ္ပဏီလီမိတက်၊ Grand Andaman Travel ကုမ္ပဏီလီမိတက်၊ မိုးထိပ်ထားခရီးသွားလုပ်ငန်းတို့၏ ကူညီပံ့ပိုးမှုဖြင့် ဒေသတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံဝန်ထမ်းများ၊ မြို့ခံပြည်သူများ စုပေါင်းပါဝင်ကာ ခရီးသွားလုပ်ငန်းကို စိတ်ပါဝင်စားလာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတန်ဖိုးထားတတ်လာစေရေး ရည်ရွယ်လျက် ယခုကဲ့သို့ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ခေတ်စနစ်ပြောင်းလဲလာသော်လည်း ပန်းပဲလုပ်ငန်းများ အဆင်ပြေလျက်ရှိ

**ကလိန်အောင် ဇန်နဝါရီ ၂၄**

ခေတ်စနစ်များ ပြောင်းလဲလာသော်လည်း မြန်မာ့ရိုးရာလက်မှုပညာ ပန်းဆယ်မျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သည့် ပန်းပဲလက်မှုပညာလုပ်ငန်းများမှာ တိမ်ကောသွားခြင်းမရှိဘဲ လက်ရှိအချိန်အထိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ရပ်တည်လုပ်ကိုင်ရာတွင် အဆင်ပြေလျက်ရှိကြောင်း ကလိန်အောင်မြို့ရှိ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ပန်းပဲလက်မှုပညာလုပ်ငန်းမှာ သံထည်များကို ပုံသွင်းပြီးထုလုပ်ရသည့် အတတ်ပညာတစ်ခုဖြစ်ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်ခန့်က သံထည်များကို ပုံဖော်ပြုလုပ်ရာတွင် မီးသွေးဖိုကို ကြိုးဖြင့်ဆွဲ၍ အသုံးပြုလုပ်ကိုင်ကြသော်လည်း ယခုအခါ လျှပ်စစ်မီးနှင့်ချိတ်ဆက်ပြီး မီးသွေးကိုအပူပေး၍ အသုံးပြုကြကြောင်း သိရသည်။ “အခုကတော့ အရင်ကလိုမျိုး မီးသွေးဖိုကို ကြိုးနဲ့မဆွဲရတော့ဘူး၊ လျှပ်စစ်မီးနဲ့ မီးသွေးကို အပူပေးလိုက်ရုံပဲ၊ အချိန်လဲမကုန်တော့ဘူး၊ လုပ်ငန်းလည်း အမြန်ပြီးစီးတယ်”ဟု ကလိန်အောင်မြို့မှ ပန်းပဲဆရာ ဦးဝိုင်ထွန်းက ပြောသည်။

ကလိန်အောင်မြို့၌ ပန်းပဲပညာလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်သူများအနေဖြင့် ဓားအသစ်ရိုက်ခြင်းကို ကျပ်တစ်သောင်း၊ ပုဆိန်တစ်လက်လျှင် ကျပ် ၇၀၀၀ ခန့်နှုန်းဖြင့် လုပ်ကိုင်ကြပြီး ပျမ်းမျှအနေဖြင့် မိုးတွင်းကာလတွင် တစ်ရက်လျှင် ဝင်ငွေ ၆၀၀၀ နီးပါးခန့် ရရှိကာ ပွင့်လင်းရာသီတွင် တစ်ရက်လျှင် ကျပ် ၂၀၀၀၀ နီးပါး ရရှိသဖြင့် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ကလိန်အောင်မြို့နှင့်အနီးရှိ ကျေးရွာများမှာ ဥယျာဉ်ခြံများစိုက်ပျိုးကြရာ ခြံခုတ်ထွင်ရှင်းလင်းရာတွင် မြက်ဖြတ်စက်များ အသုံးပြုလာကြသော်လည်း အချို့အပင်များကို ခုတ်ထွင်ရာတွင် ဓားများကိုသာ အသုံးပြုနေရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှိုင်ကော်ညဈေးဖွင့်လှစ်ရေးနှင့် နောင်ယားကန်သာယာလှပရေး ဆောင်ရွက်မည့်လုပ်ငန်းများရှင်းလင်း

**လှိုင်ကော် ဇန်နဝါရီ ၂၄**

ကယားပြည်နယ် လှိုင်ကော်မြို့ နောင်ယားကန်၌ ညဈေးဖွင့်လှစ်ရောင်းချနိုင်ရေးနှင့် နောင်ယားကန် သာယာလှပရေးအတွက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရသို့ ရှင်းလင်းတင်ပြပွဲကို ဇန်နဝါရီ ၂၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူက နောင်ယားကန်အတွင်း ရေပန်းအလှမီးနှစ်ခု တပ်ဆင်ဆောင်ရွက်သွားမည့်အခြေအနေ၊ ညဈေးဖွင့်လှစ်ရောင်းချရာတွင် နောင်ယားကန်၏အလှအပနှင့် သာယာမှုများကို မထိခိုက်စေရေးအတွက် ရေဆိုးထုတ်မြောင်းများဖြင့် စနစ်တကျဆောင်ရွက်သွားမည့် အခြေအနေ၊ ညဈေးရောင်းချသူများ ရေသုံးစွဲနိုင်ရေးအတွက် ရေပိုက်လိုင်း၊ ရေစင်များ၊ ရေတိုင်များ တည်ဆောက်သွယ်တန်းပေးမည့် အခြေအနေ၊ အပန်းဖြေသူများနှင့် လာရောက်လည်ပတ်သူများ၊ ညဈေးရောင်းချသူများ ယာဉ်ရပ်နားနိုင်ရေး အဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လုပ်ငန်းများကို အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး၊ ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားခဲ့သည်။

လှိုင်ကော်မြို့ နောင်ယားကန်၌ ညဈေးတန်းဖွင့်လှစ်ခြင်းကို လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး ထိုနေ့တွင် ဒီးမော့ဆိုမြို့နယ်မှ နန်းမယ်ခုံကျေးရွာအုပ်စုနှင့် လှိုင်ကော်မြို့နယ်မှ လှိုင်လင်လေးကျေးရွာအုပ်စုတို့ကိုလည်း မြို့အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်အတွင်းမှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားခြင်းမရှိစေရေးအတွက် လသာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က အမှတ်(၄) ရပ်ကွက်မှ ပြည်သူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ တတိယပတ်အတွင်းက တွေ့ဆုံ၍ ပညာပေးဟောပြောစဉ်။** မီးမီး (လှိုင်)




SHWE TAUNG
Real Estate
Inspiring Lives.Sustaining Progress
FLEXI-SAVINGS PROPERTY PLAN*
"special promotion package for limited unit"
SHWE TAUNG REAL ESTATE
SHOW CASE
2018
Property Buyer Lucky Draw Program
Iphone X
Bike & Merchandise by BMW
1 Night Stay @ Pan Pacific Hotel
DATE : 26~28 JAN 2018
VENUE : Junction Square Promotion Area (Aqua Hall)
TIME : 10:00 AM to 8:00 PM
PHONE : 012300077, 012300078,09977830242, 09977830272
Terms & Conditions Apply *

## အမည်ပြောင်း

မြင်းခြံမြို့နယ်၊ ကိုင်းရွာကျေးရွာမှ ဦးသောင်းဌေး၏သား မြင်းခြံမြို့၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ဒုတိယနှစ်မှ မောင်လှမော်အား အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ရဲရင့်အောင် ၉/မခန(နိုင်)၂၈၀၁၈၀ ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စု၊ နန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ၆၆၊ မြေကွက်အမှတ် ၄၆၊ ဦးပိုင်အမှတ် ၁၄၊ မြေဧရိယာ ဝဒသမ ၀၅၃ဧကရှိ ဒေါ်မျိုးမျိုးအေး (ဘ) ဦးအေးမောင် ၁၃/ကလန(နိုင်)၀၆၀၄၂၁ မြေငှားဂရန်အမှတ် (၈၄၆/၂၀၀၅)နှစ် ၃၀ မြေငှားဂရန် ပျောက်ဆုံးသွားပါသဖြင့် အသစ်ထပ်မံလျှောက်ထားလာရာ ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## အထက(သုဝဏ္ဏ)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

**နေ့ရက်** - ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - သီရိသုဝဏ္ဏပညာခန်းမ၊ အ·ထ·က(သုဝဏ္ဏ)

ယခုနှစ်(၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားတွင် ဆရာကြီး/ဆရာမကြီး (၁၈၅)ဦးကို အလှူငွေများ လှူဒါန်းပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြမည် ဖြစ်ပါသည်။

ဆရာကြီး/ဆရာမကြီးများကို နံနက်စာ၊ နေ့လယ်စာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများကို နှစ်အလိုက် စတုဒိသာ မဏ္ဍပ် (၁၂)ခုဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပါသည်။

အ·ထ·က (သုဝဏ္ဏ) ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်နိုင်ပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**(၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**
**အ·ထ·က(သုဝဏ္ဏ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/9149 , Toyota Landcruiser S/W(4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မျိုး ၁၂/ကမတ(နိုင်)၀၁၄၂၈၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ)မှ ရန်ကုန်နှင့်တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ခရီးသွားဆိုင်ရာအထောက်အထားများအား စက်ဖြင့်ဖတ်ရှု စစ်ဆေးနိုင်သော MRTDs ဆိုင်ရာကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများအား တပ်ဆင်ရန် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဝန်ကြီးဌာနမှသတ်မှတ်ထားသည့် အမျိုးအစား၊ Specification အတိုင်းတိကျမှန်ကန်စွာတင်သွင်းနိုင်သောစိတ်ပါဝင် စားသူမြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပုံစံ** | - | ၂၅-၁-၂၀၁၈ရက် မှ ၂၃-၂-၂၀၁၈ရက် |
| **စတင်ရောင်းချမည့်ရက်** | - | ညနေ၄နာရီ |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၂၈-၂-၂၀၁၈ရက် ညနေ ၄နာရီ |
| **တင်ဒါတင်သွင်းရန်နေရာ** | - | အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့်နည်းပညာဌာန အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို သတင်းစာကြော်ငြာတွင်ပါရှိသည့်ရက်မှစ၍ ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဆိုင်ရာတင်ဒါကော်မတီ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ရုံးအမှတ်(၄၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၃၅၀၊ ၀၆၇-၄၃၁၃၅၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သန်းကျော်ဌေး CDC-၈၀၃၅၉၏ သင်္ဘောသား လက်မှတ် PSCRB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၀၉၈၆၄၃**

## မျိုးလွင်

**ဘွဲ့ရအမျိုးသမီး(OTS) ဗိုလ်လောင်းဝင်ခွင့်သင်တန်း**
**လက်တွေ့/ဉာဏ်စမ်း/**
**GENERAL KNOWLEDGE**

အမှတ်(၆၅)၊ ပိတောက်လမ်း/သပြေလမ်း(ရွှေကောင်းကြယ်နောက်) ခရေပင်လမ်းမကြီး၊ (၂/က) စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်

**ဖုန်း - ၀၉-၇၃၀၉၂၁၄၄၊ ၀၉-၄၂၀၀၄၄၀၃၃၊**
**၀၉-၇၉၆၂၀၆၁၉၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/9496 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁C/၅၅၉၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**







## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ အမျိုးသားဇာတ်ရုံ (မန္တလေး) (လက်ရှိအခြေအနေအတိုင်း) ကိုငှားရမ်းခြင်းအတွက် ဈေးပြိုင်ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် -၂၅-၁-၂၀၁၈ရက်

**တင်ဒါပိတ်မည့်ရက်** - ၂၄-၂-၂၀၁၈ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂နာရီ
**တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။
**တင်ဒါပုံစံရောင်းချမည့်နေရာ** - အမျိုးသားဇာတ်ရုံ(မန္တလေး)
**တင်ဒါတင်သွင်းရန်နေရာ** - အမျိုးသားဇာတ်ရုံ(မန္တလေး) ၆၆လမ်း၊ ၂၀×၂၂လမ်းကြား အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
**တင်ဒါပုံစံ(၁)စောင်အတွက် ကျသင့်တန်ဖိုး** - ၁၀၀၀၀ကျပ်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့် အချက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၂-၄၀၆၁၁၆၈ (ရုံးချိန်အတွင်း)၊ ၀၉-၄၃၀၁၃၀၈၉**

---

## ဒေါ်ခင်မူမူ (ပုသိမ်)
**အထက၊ ကျောက်တံတား**
**အလယ်တန်းပြဆရာမ(ငြိမ်း)**
**အသက်(၆၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးထွန်းစိန်-ဒေါ်စိန်ပု)တို့၏ သမီး၊ ဇီးကုန်းမြို့နေ (ဦးပုမောင်-ဒေါ်ငွေ)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၂၄၆၊ ၃၉လမ်း(အထက်)၊ တတိယထပ်(ယာ)နေ ဦးတင့်လွင်(ရဲမှူး၊ ငြိမ်း)၏ဇနီး၊ အရှင်ဉာဏသာမိ(ဗုဒ္ဓဂယာစမ္မနီတိဗိမာန်-သန်လျင်)၏ရဟန်းမယ်တော်၊ မောင်ထက်မြက်ဦး၊ မောင်ရဲရင့်ဦး၊ မခင်မြတ်နိုးတို့၏ မိခင်သည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက်(ကြာသပတေး နေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ဝင်းအောင်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ နယ်စပ်ရေးရာဝန်ကြီးဌာန**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအိမ်ရာ၊ တိုက်(B-6)၊ အခန်း(၁၀၅)နေ ဒေါ်အေးအေးသန်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုရဲဖြိုးအောင် (Sky Net Sport Channel)-မအိအိလွင်(MOB ဘဏ်)တို့၏ဖခင် ဦးဇော်ဝင်းအောင် (ညွှန်ကြားရေးမှူး၊ ငြိမ်း)သည် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၇-၇၈ ဒေသကောလိပ်(ရွှေတောင်) သူငယ်ချင်းများ**

---

## မိဘအမည်မှန်

ရွှေတောင်မြို့နယ်၊ အထက (ရွှေတောင်) န၀မတန်းမှ မောင်အာကာမြင့်မိုရ်၏ မိဘအမည်မှန်မှာ ဦးသန့်ဇင်လင်း ၇/ရတန(နိုင်)၀၉၁၈၆၀ နှင့် ဒေါ်ခင်နှင်းသက် ၇/ရတန(နိုင်)၀၆၅၃၁၀ ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်လင်း-ဒေါ်ခင်နှင်းသက်**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/4338 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/5144 Nissian CONDOR Truck (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြအေး ၁၃/လရန(နိုင်)၀၂၃၉၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/9143 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/2491 YuTong Bus(4x2)R ယာဉ်လက်ဝယ်ရှိသူ Royal YAR ZAR HTUN Co., Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေးရုံ အမှတ် က/၄၊ ဆိုင်ခန်းအမှတ် ၃၊ (၆)ပေခန်းအား အမည်ပေါက် ဦးမောင်အေးထံမှ ၂၂-၁-၂၀၁၈ရက်တွင် ဝယ်ယူထားရှိခဲ့ရာ ဆိုင်ခန်းချအမိန့်နှင့် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်တို့ ပါရှိခဲ့ပါသည်။ ယခု ဦးမောင်အေး အမည်ပေါက်လျှောက်ထားရန် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်နှင့် ငွေသွင်းချလန် ပျောက်ဆုံးနေ၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်နှင့်ငွေသွင်းချလန်အသစ်လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေးတာဝန်ခံရုံးသို့၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမောင်အေး**
**၁၂/စခန(နိုင်)၀၅၄၃၇၆**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးညွန့်ကြည်
**အသက်(၈၆)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ညွန့်-ဒေါ်ခင်နှင်းရွှေတို့၏ဖခင်ကြီး ဦးညွန့်ကြည်သည် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးညွန့်ကြည်
## အသက်(၈၆)နှစ်

ပြည်နယ်ကုသရေးဦးစီးဌာနမှူး၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့နှင့် လားရှိုးမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံ ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွန့်-ဒေါ်ခင်နှင်းရွှေ တို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးညွန့်ကြည်သည် ၂၁-၁-၂၀၁၈ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လားရှိုးမြို့ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမကြီး**
## ဒေါ်အင်း(ခ)ဒေါ်ခင်ရီ
**အသက်(၈၆)နှစ်**

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း(ရေခဲတောင်လက်ဖက်ရည်ဆိုင်)နေ (ဦးကျော်စိန်)၏ဇနီး၊ ဦးကျော်သန်းလှိုင်-ဒေါ်အေးအေးခိုင်(သစ်ဆန်း Electronices, Board of Director-M9 Public Co.,Ltd.)တို့၏မိခင် ဒေါ်အင်း(ခ)ဒေါ်ခင်ရီ အသက်(၈၆)နှစ်သည် ၂၀-၁-၂၀၁၈ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လင်းရာမ ကုမ္ပဏီမိသားစုနှင့် ဝန်ထမ်းများ**

---

## တစ်လပြည့် ကောင်းမှုကုသိုလ်အမျှပေးဝေခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
**ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဒါနရှင်**
## ဒေါ်နန်းတီး
**မြရတနာရွှေဆိုင်၊ ကျိုင်းတုံမြို့**
**အသက်(၆၄)နှစ်**

၂၃-၁၂-၂၀၁၇ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော သာသနာ့ ဒါယိကာမကြီး လူမှုရေးဒါနရှင် ဒေါ်နန်းတီး မိသားစုနဲ့ခွဲခွာသွားတာ ၂၃-၁-၂၀၁၈ရက်တွင် တစ်လပြည့်ပြီဖြစ်သော်လည်း နေ့စဉ်လွမ်းဆွတ်သတိရလျက်ပါ။ သွေးသောက်အလှူငွေများ လှူဒါန်းပေးကြသော ပုဂ္ဂိုလ်များအားလုံး၏ မေတ္တာ စေတနာ ကရုဏာများကိုခံယူ၍ ကွယ်လွန်သူ ဒေါ်နန်းတီး၏ ဆန္ဒအတိုင်းသွေးသောက်အလှူငွေများကို ဓမ္မရက္ခိတ သီလရှင်စာသင်တိုက်သို့ ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပေးလျက်ရှိပါကြောင်း။ ကုသိုလ်ကို သာဓု အနုမောဒနာ ခေါ်ယူနိုင်ပါရန် အမျှပေးဝေအပ်ပါသည်။

**အားလုံး ကုသိုလ် အမျှ…အမျှ…အမျှ**
**ဦးကျော်တင့်-(ဒေါ်နန်းတီး)**
**"မြရတနာ"မိသားစုစေတနာ**
**ကျိုင်းတုံမြို့**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် FF/5342 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၃၈၁)၊ မြေယာအမှတ်(381)၊ မြေဧရိယာ ၀ဒသမ၀၅၅၈ဧကနှင့် ဦးပိုင်အမှတ်(၃၈၄)၊ မြေယာအမှတ်(384)၊ မြေဧရိယာ ၀ဒသမ၀၅၅၈ဧကရှိ ဂရန်မြေကွက်တို့အား မြေငှားဂရန်(အမည်ပြောင်း/ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးသန်းနိုင်၊ ဒေါ်ခင်မြတ်မြတ်အောင်တို့မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးသန်းနိုင်၊ ဒေါ်ခင်မြတ်မြတ်အောင်**
**ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တပဒုမမဟာထေရ်
**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၈)ဝါ**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇-အနောက်ရပ်ကွက်၊ အာဒိကာရုံအရှေ့တိုက်၊ အလင်းရောင်သိပ္ပံကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ကျေးဇူးတော်ရှင် ဘဒ္ဒန္တပဒုမ မဟာထေရ်မြတ်သည် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၆ရက်) ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၆-၁-၂၀၁၈ရက် (သောကြာနေ့) တွင် အန္တိမအဂ္ဂိဈာပန သာစုကီဠုနသဘင်ကို ရေဝေးသုသာန်၌ ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများမွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ဈာပနဖြစ်မြောက်ရေးကော်မတီနှင့်**
**တပည့်ဒါယကာ၊ ဒါယိကာမများ**

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူးတင်မောင်လှ (ငြိမ်း) အသက်(၈၇)နှစ်
**ကြည်း-၇၉၈၈၊ OTS(21)**
**လ/ထ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး**
**ကာကွယ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်ပြည်သာယာ၊ မင်္ဂလာလမ်း၊ အမှတ် ၂နေ(ဦးမောင်မောင်ကြီး-ဒေါ်စဝ်ခင်နန်းနွယ်)တို့၏သား၊ ဒေါ်မြင့်မြင့်ဝင်း (SAJNT ALBERT ဆရာမ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိုးသန္တာလှ (အထက-တာချီလိတ်)၊ ဒေါ်မိုးနန္ဒီလှ(ခေတ္တ-USA)- ဦးလင်းစောမြင့်(ခေတ္တ USA)၊ ဦးအောင်သူရ၊ ဦးအောင်တေဇ-ဒေါ်နွေးမီမီဇင်တို့၏ဖခင်၊ ဦးဖြိုးကိုကိုဇံ-ဒေါ်ဝတ်ရည်နန္ဒာထွန်း၊ ဒေါ်အိသက်ပိုင်ဇံ၊ ဒေါ်အေးမြတ်နန္ဒီ၊ ဒေါ်ဆက်ခိုင်မြနှောင်၊ မောင်ရဲဝင့်တေဇ၊ မောင်ဟိန်းထက်တေဇတို့၏အဘိုး၊ မောင်သူရိယစိုးမိုး၏ ဘိုးဘိုးကြီးသည် ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့)မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၈ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး**
## ဒေါ်ညွန့်ညွန့်ရီ အသက်(၇၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးသောင်းတင်-ဒေါ်လှမြင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တေးနယဉ်လမ်း၊ ၇မိုင်ခွဲ၊ အမှတ် ၂၆/D နေ (ဗိုလ်မှူးချုပ်တင်ဦး)(လေ/၁၂၆၆)၏ဇနီး၊ (ဦးကျော်စိန်)-ဒေါ်ကျင်မြ၊ ဦးအေးကျော်(Super Mega Engineering Co.,Ltd)-(ဒေါ်နီနီဝင်း)၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးလှသန်း-ဒေါ်နွဲ့နွဲ့ရီတို့၏အစ်မ၊ ကိုထင်အောင်ဇော် (New Golden Lion Enterprise)-ဒေါ်တင်တင်အေး(လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)၊ ကိုမောင်မောင်အောင်၊ ကိုမောင်မောင်အေး (Master Mariner(FG)-မသီတာတင်၊ ကိုကျော်ကျော်ထွေး(ဒုရဲမှူး-ငြိမ်း)-မဝင်းဝင်းခိုင်တို့၏ချစ်လှစွာသောမိခင်၊ တူသုံးယောက်၊ တူမနှစ်ယောက်တို့၏အဒေါ်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈း၂၀နာရီ တွင်ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၁နာရီ တွင်ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသန်းအုန်း (ငြိမ်း)
**DSA(10)**
**အသက် (၇၃)နှစ်**

မန္တလေးမြို့၊ နန်းရှေ့အနိုပ်တော်ရပ်၊ ရေစစ်ကန်အရှေ့အေးစေခြံနေ ဒေါ်စိန်စိန်၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ရေချမ်း၊ မောင်အောင်ကျော်စိုး၊ မသပြေတို့၏ဖခင် မောင်ဩရသစိုး၏အဘိုး၊ အမှတ်(၁၀၂)ခြေမြန်တပ်ရင်းတွင် ရဲဘော်ရဲဖက်၊ တိုက်ဖော်တိုက်ဖက်စိတ်အပြည့်ဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် တိုက်ပွဲပေါင်းများစွာကို အတူတိုက်ပွဲဝင်ခဲ့တဲ့ သူရဲကောင်း မှတ်တမ်းဝင် ဗိုလ်ကြီးသန်းအုန်း(ငြိမ်း)သည် ၁၉-၁-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။
(ဗိုလ်ကြီးသန်းအုန်းကောင်းရာသုဂတိရောက်ပါစေ)

**စစ်ကိုင်းတိုင်းသန်မြန်သူမိသားစု**
**မုံရွာ**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးစောခဲနက်(ခ)စောနဲတာ အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူ ကုန်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၁၄၀၆နေ (ဦးစောကျော်အုံး)-နော်ရီးနာဇင်းတို့၏သား၊ (ဦးအောင်ဇေ-ဒေါ်နန်စီ)တို့၏သားသမက်၊ နော်အယ်လ်မီးနာအုံး-စောဆန်နီဘွိုင်းတို့၏မောင်၊ စောခေးတန်း-နော်ဖောစော့၊ နော်အယ်ဒီးနာအုံး-စောပေါလ်၊စောတာမူ-နော်ပပဝင်းတို့၏အစ်ကို၊ နော်မြင့်မေခင်(ဆရာမ၊အလက-၃၊ အင်းစိန်)၏ချစ်လှစွာသောခင်ပွန်း၊ နော်တင်ဇာအုံး(Park Royal Hotel)၊ နော်စန္ဒီအုံး(သရုပ်ပြ၊ ဒဂုံ တက္ကသိုလ်)၊ စောကျော်ဝေဟင် (Mingalardon Cargo Service)၊ နော်အိမ့်မေမီအုံး (Community Architect)၊ နော်ထိုက်ထက်ထက်အုံး(ဆရာမ၊ အလက-၃၊ အင်းစိန်)တို့၏ဖခင်သည် ၂၂-၁-၂၀၁၈ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ခရစ်တော် ၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၁-၂၀၁၈ ရက်(ကြာသပတေးနေ့) နံနက်၉နာရီတွင် နံ့သာကုန်း ကရင်နှစ်ချင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှမြင့်
**(ဒု-ဦးစီးမှူး၊ ကညန၊ မန္တလေးတိုင်းရုံး)**
**အသက်(၅၉)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်၊ စီပီလိုင်းရပ်၊ အမှတ်၂၈နေ ဦးခင်ဇော်(အထွေထွေမန်နေဂျာ-ငြိမ်း၊MOGE )၏ ချစ်လှစွာသောဇနီး ဒေါ်လှလှမြင့်သည် ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင်ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားဝန်ထမ်းများ လူမှုစောင့်ရှောက်ရေးအဖွဲ့**
**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးပို
### အသက်(၉၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဥပဒေချုပ် ဦးခင်မောင်လှ-ဒေါ်ဖြူဖြူအေးတို့၏မိခင် ဒေါ်အေးပို အသက်(၉၈)နှစ်သည် ၂၃-၁-၂၀၁၈ရက် နံနက် ၁၀နာရီတွင် စစ်ကိုင်းမြို့၊ နန္ဒဝန်ကွက်သစ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုန်းတင်
### အသက်(၈၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း-ဒေါ်ချိုချိုတို့၏မိခင် ဒေါ်အုန်းတင် အသက်(၈၉)နှစ်သည် ၁၇-၁-၂၀၁၈ရက် နံနက် ၃နာရီတွင် တန့်ဆည်မြို့နယ်၊ ကံထူးမစံပြကျေးရွာနေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဒေါ်သိန်းဖြူ
### (လေးတောင်တိုက်နယ်၊ အရှေ့မော်ရွာ)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အတွင်းပဒံရပ်ကွက်၊ ကျောက်လမ်းနေ ဦးစိန်ထွန်းဖြူ-ဒေါ်မလှဖြူတို့၏သမီး၊ ဦးခင်မောင်ညွန့်-ဒေါ်ခင်မြတ်ချို၊ ဦးသိန်းထွန်း-ဒေါ်သိန်းနု၊ ဦးခင်မောင်သိန်း(ခ)ဦးမောင်-ဒေါ်စန်းစန်းဝင်းတို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်သုံးယောက်တို့၏အဘွား၊ (ဦးခင်မောင်)၏ဇနီးသည် ၂၄-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃နာရီတွင် နေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လှိုင်သာယာမြို့နယ်၊ အတွင်းပဒံရပ်ကွက်၊ ကျောက်လမ်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီနှင့် လှိုင်မြို့နယ်၊ သုခလမ်း စီးကရက်စက်ရုံရှေ့မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် လှိုင်သာယာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ဝင်းအောင်
### ညွှန်ကြားရေးမှူး(ငြိမ်း)
### နယ်စပ်ရေးရာဝန်ကြီးဌာန (OTS-60)
### အသက်(၆၁)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးဇော်ဝင်းအောင်သည် ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန်းထွဋ်-ဒေါ်နီလာလှိုင်**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးဇော်ဝင်းအောင် (ငြိမ်း)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှင်းသာအိမ်ရာနေ ဒေါ်အေးအေးသန်း၏ခင်ပွန်း ဗိုလ်မှူးဇော်ဝင်းအောင်(ငြိမ်း)သည် ၂၁-၁-၂၀၁၈ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS (၆၀)သူရတပ်ခွဲသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရွှေရည်ဝင်း ဒုကြီးကြပ်ရေးမှူး(အစားအသောက်)
### အသက်(၂၆)နှစ်

နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲမှ ဒုကြီးကြပ်ရေးမှူး(အစားအသောက်) ဒေါ်ရွှေရည်ဝင်းသည် ၂၁-၁-၂၀၁၈ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရွှေရည်ဝင်း
### ဒုကြီးကြပ်ရေးမှူး၊ FDA နေပြည်တော်
### အသက်(၂၆)နှစ်

ဒေါ်ရွှေရည်ဝင်း (ဒုကြီးကြပ်ရေးမှူး)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (နေပြည်တော်)သည် ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့်**
**ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မရွှေရည်ဝင်း
### ဒု-ဦးစီးမှူး၊ FDA နေပြည်တော်
### အသက်(၂၆)နှစ်

ဦးကျော်စိုး-ဒေါ်ဝင်းချိုချို (ညွှန်ကြားရေးမှူး-ဘဏ္ဍာရေး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)တို့၏ချစ်လှစွာသောသမီး မရွှေရည်ဝင်းသည် ၂၁-၁-၂၀၁၈ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Managing Director နှင့်ဝန်ထမ်းများ**
**Mingaladon Industrial Park Co., Ltd.**

## မယ်တော်ကြီး ဒေါ်ယဉ်ထွေး
### အသက်(၉၂)နှစ်

မြိတ်မြို့၊ ကန်သာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလ(အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)၏ မယ်တော်ကြီးသည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၈ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ပုလောမြို့၊ (၃)ရပ်ကွက်၊ အောင်သုခလမ်းနေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့် (တိုက်ကြီး)
### အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ(ဦးကျော်-ဒေါ်စောမြ)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ အရှေ့ကုန်းလမ်း၊ အမှတ် ၆,B၊ သုံးလွှာနေ (ဦးလှဝင်း)၏ဇနီး၊ ဦးမင်းသော်-ဒေါ်ဖြူဖြူဇင်၊ ဦးမင်းမော်-ဒေါ်ခင်နွဲ့ရီ၊ ဦးမင်းနိုင်၊ (ဦးမင်းဝေ)၊ ဦးအောင်မြတ်ကျော်-ဒေါ်ဝင်းမင်းသန်း၊ ဦးမောင်မောင်တင်-ဒေါ်ခင်ဥမ္မာအောင်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှတင်
### အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၈၆/၁နေ (ဦးဘာဘာ)၏ဇနီး၊ ဦးမြတ်ကျော် (ဒုခရိုင်မှူး၊ အနောက်ပိုင်းခရိုင်၊ YCDC) - ဒေါ်တင်တင်ဝင်း(အထက-၂၊ ဗဟန်း၊ ငြိမ်း)၊ (ဦးကျော်ထွန်း)-ဒေါ်မြမြဝင်း(ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဦးလှငွေး(ဒုတိယညွှန်ကြားရေးမှူး၊ သထပ)-ဒေါ်မျိုးပပအေး(ဦးစီးအရာရှိ၊ အား/ကာ)တို့၏မိခင်၊ မြေး ခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့) ည ၈နာရီတင် နေပြည်တော်၊ တိုက် ၁၃၂၉၊ အခန်း ၂၂ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေွှကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှရွှေ(ခ)အရွှေ
### အသက်(၇၇)နှစ်

မိုးကုတ်မြို့၊ ဘော်ဗဒါန်းရပ်နေ (သူကြီး ဦးဖိုးရန်-ဒေါ်စောမြ)တို့၏သမီး၊ (ဦးဘရင်-ဒေါ်သင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သံလွင်လမ်းနေ (ဦးအောင်သိန်း)-သီရိသုဓမ္မ ဒေါ်လုံးတင်၏ညီမ၊ မိုးကုတ်မြို့ ဘော်ဗဒါန်းရပ်နေ ဒေါ်အုန်းခင်၏ညီမ၊ ဦးခင်မောင်ညွန့်-ဒေါ်ထွေးညို၊ဦးမြသောင်း-ဒေါ်လှအုန်းတို့၏အစ်မ၊ ကိုသူရထွန်း-မစီစီအောင်တို့၏မိခင်၊ မောင်အောင်ဘုန်းဟိန်း၏အဘွား၊ မိုးကုတ်မြို့၊ ဘော်ဗဒါန်းရပ်နေ (ဦးသန်းထွန်း)၏ဇနီးသည် ၂၃-၁-၂၀၁၈ရက် ညနေ ၅း၁၀နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ရန်ကင်းပန်းခြံအိမ်ရာ၊ အခန်း ၄၀၃သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁-၂၀၁၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃)ပါ ဒေါ်မေအိမ့်ဒါလီမွန်၏ အများသိစေရန် ကြေညာခြင်း ကြော်ငြာဒုတိယပိုဒ်တွင် အမှုဖွင့်သည့်ရက် ၁၂-၂-၂၀၁၈ရက်စွဲ အစား ၁၂-၁-၂၀၁၈ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြဝင်း(ခ)ဒေါ်မြမြဝင်း
### (ပျဉ်းမနားမြို့)
### အသက်(၆၈)နှစ်

ပျဉ်းမနားမြို့နေ (ဦးအုန်းလှိုင်-ဒေါ်လေးတင်)တို့၏သမီး၊ ပခုက္ကူမြို့နေ (ဦးဆင့် - ဒေါ်နုနု)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာလမ်း၊ မြကန်သာအိမ်ရာ၊ အမှတ် A2 နေ [ဦးတင်မောင်ဝင်း(ဒုအထွေထွေမန်နေဂျာ၊ငြိမ်း၊မြန်မာ့သစ်လုပ်ငန်း)]၏ဇနီး၊ ဒေါ်ဝင်းနုနုဝင်း (USA)၊ ဦးစိုးမိုးအောင်-ဒေါ်စုသွယ်သွယ်ဝင်း (Australia)၊ ဦးဉာဏ်ပေါ်ထွန်း-ဒေါ်အေးမြသီတာကျော်တို့၏မိခင်၊ မောင် MERVIN အေးထွန်း၊ မောင်ဉာဏ်ဝင်းအောင်တို့၏အဘွား၊ပျဉ်းမနားမြို့နေ ဦးမျိုးသန့်၊(ဦးမျိုးဆန်း)၊(ဦးဇော်လွင်မြင့်)တို့၏အစ်မ၊ အရှင်ကဝိန္ဒ၏အဒေါ်သည် ၂၄-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့)နံနက်တွင် အထက်ပါ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ဆွေ
### (B.E Mech 1970)
### (သန်လျင်ရေနံချက်စက်ရုံ)
### အသက်(၆၉)နှစ်

မန္တလေးမြို့နေ (ဦးတင်မောင်-ဒေါ်တင်ဇ)တို့၏သား၊ရန်ကုန်မြို့နေ(ဦးသန်းဆွေ - ဒေါ်တင်အိ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ တိုက် ၃၆၀၊ အခန်း ၅နေ ဒေါ်ကြည်ကြည်ဆွေ၏ခင်ပွန်း၊ U.S.A Hawaiiနေ ဦးပြည့်ဖြိုးအောင် - Wing Sze Tam၊ စင်ကာပူနိုင်ငံနေ ဦးရန်နောင်-ဒေါ်စုမွန်မောင်တို့၏ဖခင်၊ Jesper Tam Aung၊ မေလှဲ့မွန်နောင်၊ကြည်လဲ့မွန်နောင်တို့၏အဘိုး၊ ဦးစောလွင် - ဒေါ်သစ်သစ်တို့၏ ညီ/မောင်၊ ဦးမောင်မောင်စိုး - ဒေါ်မဋ္ဌူ၊ ဦးမောင်မောင်တိုး - ဒေါ်ပုံ့ပုံ့အောင်၊ ဒေါက်တာညီညီ - ဒေါ်ပြုံးကြည်တို့၏ အစ်ကိုသည် ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၈ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ငွေ
### မြန်မာ့လေကြောင်း(ငြိမ်း)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ ရန်နိုင်(၇)လမ်း၊ တိုက် ၂၁၃၊ အခန်း ၂၃နေ ဒေါ်ဖြူဖြူသွယ်၏ခင်ပွန်း၊ဒေါက်တာဇော်နိုင်-မစုမြတ်နိုး၊ ကိုအောင်မြတ်ကျော်သူ - မသင်းသင်းထက်၊ ကိုပြည့်ဖြိုးကျော်သူတို့၏ဖခင်သည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့
မြစ်ခြေမြို့နယ်အသင်း(ရန်ကုန်)

## ဦးကျော်မင်း(ခ)
## ဦးအောင်ကျော်မင်း(စမ်းချောင်း)
### မော်တော်ယာဉ်အလုပ်ရုံ
### အမှတ်(၂)မရမ်းကုန်း(ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ် ၄၁နေ(ဦးဆဒ္ဒန်-ဒေါ်စောညွန့်)တို့၏သား၊ (ဒေါ်တင်ကြည်)၏ခင်ပွန်း၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်မင်း၊ ဦးအောင်ထွန်းမင်း၊ တီချယ်လုံးလုံး၊ ဦးဝင်းကြွယ်(Uniteam Marine)-ဒေါ်စန္ဒာမင်း၊ ဦးအောင်မျိုးမင်း-ဒေါ်ခင်ခင်လေးတို့၏ဖခင်၊ မောင်ဝေယံမိုးထွန်း (ခေတ္တ-ဂျပန်)၊ မခင်ငြိမ်းချမ်းဇော် (Myanmar Noble College)၊ မအိန္ဒြာမြင့်မိုရ်ဖူး(Grade-10၊ အထက-၂၊ စမ်းချောင်း)၊ မောင်အောင်ပြည့်ဟိန်း (အထက-၄၊ စမ်းချောင်း)၊ မောင်ဘုန်းမော်ကွန်း၊ မသွန်းသစ္စာ၊ မကြယ်စင်မော်ကွန်းတို့၏အဘိုးသည် ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်ဝင်း(ခ)ဦးဝမ်း
### (မြေနီကုန်း)
### အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ အမှတ် ၂၃၈/ခနေ (ဦးတင်စိုး-ဒေါ်ကျင်မြ၊ IBP ကိုယ်စားလှယ်ဟောင်း)တို့၏သား၊ [ဖျာပုံ ဦးအုန်းခင်(သမာဓိမြို့ဝန်)-ဒေါ်တင်ဦး]တို့၏ သားသမက်၊ (ဒေါ်ခင်သီတာ)၏ခင်ပွန်း၊ (ဒေါ်ခင်ခင်ကြည်)၊(ဦးဘိုနီ)တို့၏မောင်/ညီ၊ဦးဝင်းနိုင်သူ-ဒေါ်သူဇာမော်တို့၏ဖခင်၊ မနဒီယွန်း၏အဘိုး၊ (ဦးကျော်လှိုင်)-ဒေါ်ခင်သီတာ၊ ဦးကျော်ထွန်း-ဒေါ်ခင်လေးဝါတို့၏ဦးလေး၊ မခင်ရတနာကျော်၊ မောင်ခန့်မြတ်ကျော်တို့၏ဘိုးလေးသည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၃း၃၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးဝင်းဖေ (ဟသ်ာတ)
### အသက်(၇၁)နှစ်

ဟသ်ာတမြို့နေ (ဦးဖွန်နား-ဒေါ်စိန်တင်)တို့၏သား၊ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ် ၄၉နေ ဒေါ်ခင်စန်းဝင်း၏ခင်ပွန်း၊ (ဦးဖေသန်း)-ဒေါ်ကြင်လှိုင်၊ ဦးမိုးခိုင် - (ဒေါ်နှင်းဥ)၊ ဒေါက်တာတင်အောင် - ဒေါ်အေးအေးမြင့်၊ ဒေါက်တာသန်းငွေး-ဒေါ်ခင်ခင်လွင်၊ ဒေါ်ခင်ခင်သန်းတို့၏ညီ/မောင်၊ (ဒေါက်တာအောင်ဝင်းမောင်)-ဒေါ်မြင့်မြင့်စိန်တို့၏အစ်ကို၊ ကိုကျော်ဝေ-မဝေဝေဝင်းဖေ၊ ကိုကျော်မျိုး-မမှုမှုဝင်းဖေ၊ကိုဝင်းထွဋ်အောင်-မမြကေသီတို့၏ဖခင်၊ မောင်ကောင်းဆက်(ခ)John Xie၏အဘိုး၊ တူ/တူမ ၁၆ယောက်တို့၏ဦးလေးသည် ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်လှကြည်
### အသင်းဝင်အမှတ်-၁၅၂၀
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၅၊ အခန်း ၁၆နေ ဦးတင်ရွှေ၏ဇနီးသည်၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အသင်းမှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)
## ဘဒ္ဒန္တဝိလာသ မဟာထေရ်မြတ်
### သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့၊ သိမ်တောင်ရပ်ကွက်၊ မဟာသုခိတာ တောရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသ မဟာထေရ်မြတ်(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၆ရက်) ၂၂-၁-၂၀၁၈ရက်(တနင်္လာနေ့)ည ၇း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) ၂၆-၁-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် တောင်ကုတ်မြို့ လောကသစ္စာသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ
မဟာသုခိတာ တောရကျောင်း
သိမ်တောင်ရပ်၊ တောင်ကုတ်မြို့

## ဦးစန်ချို(ခ)ချန်စောင်ချို
### (ရွှေသမင်လက်ဖက်ခြောက်)
### အသက်(၁၀၅)နှစ်

ရန်ကုန်မြို့၊ အင်းလျားလမ်း၊ အမှတ် ၃၈-စီနေ ဂေါ်ရှုရတ်(ခ)ဒေါ်စိန်ညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ဟူလျှပ်ရှင်း-ချန်ချင်ဘိ၊ ချန်ဝမ်ဟင်း-ဂူစုဟွာ၊ ချန်တိုင်ဟင်း၊ ကိုအောင်ဝင်း-မဘိဘိ၊ ကိုခင်အောင်သိန်း-မနုနုချို၊ ဒေါက်တာရှဲ့ဖူကွေ့-ဒေါက်တာခင်မေ၊ ကိုနေထွန်း-မမြင့်မြင့်လွင်၊ မမိုးမိုးချို၊ ဒေါက်တာမျိုးအောင်-ဒေါက်တာစန်းစန်းဝင်းတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့)ည ၉း၂၅နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းလွင်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၂၈နေ(ဦးဖိုးစိန်-ဒေါ်ရွှေ)တို့၏သား၊ (ဒေါ်ခင်ကြည်)၏ခင်ပွန်း၊ (ဒေါ်ခင်စီ)၏မောင်၊ (ဒေါ်လှအုန်း)၏အစ်ကို၊ ဦးသိန်းပိုင်(Singapore Kwang Sing (M) Pte.,LTd.)၊ ဒေါ်ခင်သက်(အလပြ၊ အလက-၂၊ ဗဟန်း)၊ ဒေါ်တိုးတိုးလွင်(ကျောက်မျက်ရတနာရောင်းဝယ်ရေး)တို့၏ဖခင်သည် ၂၄-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀း၃၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မော်မော်တင်
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးခင်မောင်တင်-ဒေါ်ကြည်အောင်တို့၏သမီး၊ (ဦးကျော်ဖေ-ဒေါ်ဒေါင်းစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း(အောက်ဘလောက်)၊ အခန်း ၁၃၊ တိုက် ၅၂/၆၀နေ ဦးသက်ဇော်ဦး၊ ဦးတင်ထူးလင်း၊ ဦးသန်းငွေးလှိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)တို့၏မိခင်၊ ဒုတိယဗိုလ်မှူးကြီးတင်သိန်း(ငြိမ်း)၏ဇနီးသည် ၂၃-၁-၂၀၁၈ရက်(အင်္ဂါနေ့)ည ၁၀း၄၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မေဝင်း
### အသက်(၅၀)

ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာကမ်းခြေ၊ (၂)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၂/၂၀၉နေ (ဦးမြစံ)-ဒေါ်ဖြူလေးတို့၏သမီး၊ ဦးညီညီသွင်၏ဇနီး၊ မမေညီညီချမ်းမြေ့(ခ)ဂျွန်ဂျွန်၊ မောင်ထက်ပိုင်လင်း (Victoria University College)တို့၏မိခင်သည် ၂၂-၁-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တောင်သာယာသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှကြည်
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၅၊ အခန်း ၁၆ နေ (ဦးဘသောင်း-ဒေါ်ကျင်ငွေ)တို့၏ သမီး၊ (ဦးဘသင်း-ဒေါ်ငွေသင်း)တို့၏ သမီးချွေးမ၊ဦးတင်ရွှေ၏ဇနီး၊ဒေါက်တာလွင်နန္ဒာရွှေ၊ ဦးအောင်သူဟိန်း-ဒေါ်ဇာခြည်ဖြူဖြူရွှေ (ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးမျိုးဟိန်းကျော်-ဒေါ်စုသက်နန္ဒာရွှေ (MHL Co.,Ltd)တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၃-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးဗကို
### (ကပရ၊ အဝေးပြေး၊ ငြိမ်း)
### မိသားစုရောင်းဝယ်ရေး
### သမဝါယမအသင်းဥက္ကဋ္ဌ
### (တ/ဥက္ကလာပမြို့နယ်)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၉လမ်း၊ အမှတ် ၁၀၀၂(က)၊ ခြောက်လွှာနေ ဒေါ်အေးအေးသန့် (ခ) ဒေါ်အေးမာ၏ ခင်ပွန်း၊ ဦးရဲဝင်းကို-ဒေါ်မင်းမင်းစန်း၊ မအေးသီကို၊ မောင်ရဲမင်းကို၊ မဝင့်နန္ဒာကိုတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၄-၁-၂၀၁၈ရက် ၁၂း၄၅နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၈ရက် (သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးရုံးဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များ မောင်တောနှင့် ကျောက်ဖြူသို့ ကြည့်ရှုလေ့လာ



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးရုံးဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းထောက်များ လုဖိုးခေါင်ကြားစခန်းတွင် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြစဉ်။ သတင်းစဉ်

**သံတွဲ ဇန်နဝါရီ ၂၄**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးရုံးဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှ သတင်းထောက်များ ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့်အဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအကြံပေးအဖွဲ့မှ အဖွဲ့ဝင်များသည် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံပြီး ခေတ္တနေရာချထားပေးမည့် မောင်တောမြို့နယ်ရှိ လုဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က စခန်း၏ အကျယ်အဝန်းဧရိယာ၊ အဆောက်အအုံနှင့်

*စာမျက်နှာ ၆ ကော်လံ ၁* ✻

## "ပြန်လည်လက်ခံမည့်သူများ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ထား"



ငါးခူရစခန်းတွင် တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများ နေထိုင်ရန် ဆောက်လုပ်ထားသော နေအိမ်များကို တွေ့ရစဉ်။ သတင်းစဉ်

